# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**မိမိအဖို့အကျိုးများနိုင်**

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကို လည်းကောင်း၊ မကောင်းမှုကို လည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းကသာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့်ဖြစ်၏။

ပုပ္ဖဝဂ် (ဓမ္မပဒ - ၅၀)


၁၃၇၈ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၉ ရက် | ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီ ၂၁ ရက်၊ စနေနေ့ | အတွဲ (၅၆)၊ အမှတ် (၁၁၃)




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဘောရစ်ဂျွန်ဆင်တို့ တွေ့ဆုံစဉ် (သတင်းစဉ်)

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဗြိတိန်နိုင်ငံခြားရေးဝန်ကြီးအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

**နေပြည်တော် ဇန်နဝါရီ ၂၀**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဘောရစ်ဂျွန်ဆင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ ညနေ ၆ နာရီတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိနေအိမ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ညစာစားပွဲသို့တက်ရောက်လာကြသူများအား နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ရင်းရင်းနှီးနှီးနှုတ်ဆက်စကားပြောကြားပြီး ညစာအတူတကွ သုံးဆောင်ကြသည်။

ညစာစားပွဲသို့ ပြည်ထောင်စုဝန်ကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်သံအမတ်ကြီး မစ္စတာ အင်ဒရူးပက်ထရစ်တို့လည်း တက်ရောက်ကြသည်။

ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဘောရစ်ဂျွန်ဆင်သည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်သို့ ရောက်ရှိလာခြင်းဖြစ်ပြီး ၎င်း၏မြန်မာနိုင်ငံခရီးစဉ်မှာ ဇန်နဝါရီ ၂၂ ရက်ထိ သုံးရက်ကြာမြင့်မည်ဖြစ်သည်။

**(သတင်းစဉ်)**

# ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကိုဦးတည်သည့် အမျိုးသားပညာရေးစနစ်ကို အကောင်အထည်ဖော်လျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၂၀**

တောင်ငူပညာရေးကောလိပ် အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၌ ကျင်းပရာ ကောလိပ်မုခ်ဦးကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီး၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်း၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး မစ္စတာ တတဲရှိ ဟီဂူချီနှင့် တောင်ငူပညာရေးကောလိပ် ကျောင်းအုပ်ကြီး ဒေါ်ငြိမ်းငြိမ်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် အခမ်းအနား တက်ရောက်လာကြသူများ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ◆






**ဒုတိယသမ္မတ ဦးမြင့်ဆွေ တောင်ငူပညာရေးကောလိပ်ဆိုင်းဘုတ်အား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်**

(သတင်းစဉ်)




မြန်မာ့အလင်း

# တောင်သူလယ်သမားတို့၏ အကျိုးစီးပွားကို ထင်ဟပ်ရမည့်ကန်ထရိုက်လယ်ယာစနစ်

မြန်မာနိုင်ငံတွင် ကန်ထရိုက်လယ်ယာစနစ် စနစ်တကျဖြစ်ထွန်းလာစေရေးအတွက် ရေးဆွဲလျက်ရှိသည့် ဥပဒေမူဘောင်တို့ကို မတ်လအတွင်း ထုတ်ပြန်မည်ဟု သိရှိရပါသည်။ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းချုပ်တို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ကျင်းပခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအလုပ်ရုံဆွေးနွေးပွဲအပြီး၌ ဤသတင်းထွက်ပေါ်လာခြင်းဖြစ်ပါသည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် ပုဂ္ဂလိကအသင်းအဖွဲ့များက တင်သွင်းခဲ့သည့် စာတမ်း (၁၈) စောင်အပေါ် ပညာရှင်များနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့က သုံးသပ်၍ မဟာဗျူဟာစီမံချက်များရေးဆွဲသွားမည်ဟုလည်း သိရှိရပါသည်။ မြန်မာနိုင်ငံတွင် ကန်ထရိုက်လယ်ယာစနစ် စနစ်တကျဖြစ်ထွန်းလာရေးအတွက် ဥပဒေပြဋ္ဌာန်းမည်ဟူသော ဦးတည်ချက်အား ကြိုဆိုကြောင်း ဦးစွာဖော်ပြအပ်ပါသည်။

ထုတ်ပြန်ထားသော သတင်းများအရ မတ်လအတွင်း ထုတ်ပြန်မည့် ကန်ထရိုက်လယ်ယာစနစ်ဆိုင်ရာ ဥပဒေမူဘောင်တို့အား စဉ်းစားသုံးသပ်ရာ၌ တောင်သူလယ်သမားတို့၏ အမြင်သဘောထားတို့ မည်သို့မည်ပုံရယူမည်ဆိုသည့်အချက် မပါဝင်သည်ကို သတိပြုမိပါသည်။ ကန်ထရိုက်လယ်ယာစနစ်တွင် အဓိကပါဝင်အကောင်အထည်ဖော်ရမည့် ပုဂ္ဂိုလ်တို့မှာ တောင်သူလယ်သမားများသာဖြစ်ပါသည်။ သို့ဖြစ်ပါ၍ တောင်သူလယ်သမားတို့၏ အမြင်သဘောထားတို့ပါဝင်ခြင်းမရှိသော ကန်ထရိုက်လယ်ယာစနစ်ဆိုင်ရာ ဥပဒေမူဘောင်တို့သည် မည်သည့်နည်းနှင့်မျှ ကျယ်ပြန့်ပြည့်စုံ ထောင့်စေ့သော ဥပဒေမူဘောင်တို့ မဖြစ်နိုင်ဟု ယုံကြည်ပါသည်။ လွတ်လပ်ရေးအကြိုကာလ၊ အမျိုးသားတပ်ပေါင်းစုဖြစ်သော ဖဆပလအဖွဲ့ချုပ်ကြီး၏ လယ်ယာစိုက်ပျိုးရေးမူဝါဒတွင် တောင်သူလယ်သမားတို့၏ သဘောထားအမြင်တို့ ရယူရေးသည် အဓိကမူဝါဒတစ်ရပ်ဖြစ်သည်ကို ပြန်လည်သုံးသပ်ပေးပါရန် အကြံပြုတင်ပြအပ်ပါသည်။

ကန်ထရိုက်လယ်ယာစနစ်၏ အဓိကဦးတည်ချက်သည် တောင်သူလယ်သမားတို့၏ ဝင်ငွေမြင့်မားစေခြင်းနှင့်အတူ ကျေးလက်ဒေသ၏ ဆင်းရဲမွဲတေမှုလျှော့ချရေးဖြစ်သင့်သည်ဟု ယူဆပါသည်။ စက်မှုလယ်ယာစနစ်သို့ပြောင်းလဲနိုင်မှုကြောင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍ၏ ထုတ်လုပ်မှုတိုးတက်လာသော်လည်း ဤတိုးတက်မှု၏ အကျိုးစီးပွားကို တောင်သူလယ်သမားအများစုမခံစားရပါက တိုင်းပြည်အတွင်း ဆင်းရဲချမ်းသာကွာဟချက်ပိုမိုကျယ်ပြန့်စေ၍ လူမှုရေးသဟဇာတဖြစ်မှုကို ထိခိုက်စေနိုင်ပါသည်။ မြန်မာနိုင်ငံတွင် ကန်ထရိုက်လယ်ယာစနစ်ကို တောင်သူလယ်သမားများနှင့် ပူးပေါင်းလက်တွဲဆောင်ရွက်ရန် ကမ္ဘာ့နိုင်ငံများစွာတို့က စိတ်ဝင်စားလျက်ရှိနေခြင်းသည် ကြိုဆိုဝမ်းမြောက်ရမည့် သတင်းကောင်းဖြစ်ပါသည်။ သို့သော် ဤသို့သော ပူးပေါင်းဆောင်ရွက်မှုမှ တောင်သူလယ်သမားအများစုတို့ အမှန်တကယ်အကျိုးဖြစ်ထွန်းမှုရှိစေရေးအတွက် ရေးဆွဲမည့် ကန်ထရိုက်လယ်ယာစနစ်ဆိုင်ရာ ဥပဒေမူဘောင်တို့တွင် တောင်သူလယ်သမားတို့၏ သဘောထားအမြင်တို့ကို ရယူပါရန် လေးစားစွာ အကြံပြုတင်ပြအပ်ပါသည်။ ။

## စာအုပ်စာပေ လှူမိတ်ဆွေ




## ထင်သာမြင်သာ ပြုပြင်စရာ

### မိုဘိုင်း ဆက်သွယ်ရေးလိုင်းများ ကောင်းစေလို

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့နယ်၌ မိုဘိုင်းဖုန်းလိုင်းများ ဆက်သွယ်မှုအဆင်မပြေသဖြင့် ဒေသခံပြည်သူများ စိတ်သောကရောက်သည်မှာ သုံးလခန့်ရှိနေပြီဟု MPT ဖုန်းလိုင်းသုံးစွဲသူ ဒေသခံတစ်ဦးက ပြောကြားသည်။

အထူးသဖြင့် ညနေပိုင်း ၆ နာရီမှစ၍ ည ၁၀ နာရီအထိ လိုင်းလုံးဝ ကြည်လင်ပြတ်သားမှုမရှိကြောင်း သိရသည်။ ခေတ်မီဖွံ့ဖြိုးလာသည်နှင့်အမျှ မိုဘိုင်းဖုန်းဆက်သွယ်မှုများကို အားထားလာကြသည့်အတွက် ဆက်သွယ်ရေးလိုင်းကောင်းစေရန် ဒေသခံပြည်သူများက မျှော်လင့်တောင့်တလျက်ရှိနေကြကြောင်း သိရသည်။

**လဘန်အောင်(ကချင်မြေ)**

## နိုင်ငံတကာခရီးသွားဝန်ဆောင်မှု ပြပွဲကျင်းပ

မြန်မာ့ခရီးသွားလုပ်ငန်းများအရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ မြန်မာနိုင်ငံခရီးသွားအဖွဲ့ချုပ် (MTF) ၏ တရားဝင်မိတ်ဖက်အဖွဲ့အစည်းဖြစ်သော Travel Support ကုမ္ပဏီလီမိတက်မှ နိုင်ငံတကာခရီးသွားဝန်ဆောင်မှုပြပွဲ (မြန်မာ) ၂၀၁၇ (International Tourism Expo, Myanmar 2017 ) ပွဲကြီးကို ပထမဆုံးအကြိမ်အနေဖြင့် ရန်ကုန်မြို့ရှိ တပ်မတော်ခန်းမ၌ ဇန်နဝါရီ ၂၀ ရက် နံနက်ပိုင်းက ကျင်းပသည်။

ဝန်ဆောင်မှုပြပွဲအခမ်းအနား၌ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ ဒုတိယ အမြဲတမ်းအတွင်းဝန် ဦးလှိုင်ဦး၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဒုဥက္ကဋ္ဌ ဦးနိုင်လင်း မြင့်၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရန်ဝင်း၊ အငြိမ်းစားသံအမတ်ကြီး ဒေါက်တာဦးလှမောင်နှင့် Travel Support ကုမ္ပဏီလီမိတက်မှ ဒါရိုက်တာ ဦးနွေမိုးအောင်တို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

## TAUNGGYI Multi-Trade Exhibition ဖွင့်

TAUNGGYI Multi-Trade Exhibition ဖွင့်ပွဲကို ဇန်နဝါရီ ၂၀ ရက် နံနက်က တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။ ပြပွဲတွင် ဆိုင်ခန်းပေါင်း ၅၈ ဆိုင်နှင့် ကုမ္ပဏီဆိုင်ခန်းပေါင်း ၄၀ ကျော်ပါဝင်ပြသလျက်ရှိပြီး ဇန်နဝါရီ ၂၀ ရက်မှ ၂၃ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ည ၉ နာရီအထိ ဖွင့်လှစ်လျက်ရှိကြောင်း သိရသည်။

**မောင်မောင်သန်း (တောင်ကြီး)**

## သတို့သမီးဝတ်စားဆင်ယင်မှုဖက်ရှင်ရှိုးမိတ်ဆက်

မန္တလေး Oriental House နှင့် Maritine Entertainment တို့က ပူးပေါင်းတင်ဆက်သည့် ဒီဇိုင်နာ အံ့ဘုန်းခေါင် (Designer Aunt Bone Khaung) ၏ သတို့သမီးဝတ်စားဆင်ယင်မှု (Bride Grooming Fashion Show 2017) ပွဲကြီးအား စာနယ်ဇင်းဆရာ ဆရာမများထံအပ်နှံခြင်း အကြိုမိတ်ဆက်အခမ်းအနားကို ဇန်နဝါရီ ၁၉ ရက် မွန်းတည့် ၁၂ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ Oriental House ၌ ကျင်းပသည်။ ယခုပွဲကို စီစဉ်ရခြင်းမှာ လူငယ်များ တီထွင်ဖန်တီးလိုစိတ်ရှိလာစေရန်ဖြစ်ပြီး မန္တလေးမြို့၌ ပထမဆုံးစီစဉ်ခြင်းဖြစ်ကာ Fashion Show တွင် သတို့သမီးဝတ်စုံ (ချိတ်) ၁၂ စုံနှင့် မင်္ဂလာဝတ်စုံ ၁၂ စုံပြသမည်ဖြစ်ကြောင်း သိရသည်။ **ခင်ခင်ဝင်း(ပညာရေး)**

## ဆင်ခြေထောက်ရောဂါကင်းဝေးရေး ကာကွယ်ဆေးတိုက်ကျွေးခြင်းဆောင်ရွက်မည်

**မင်းလှ ဇန်နဝါရီ ၂၀**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ်တွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ဦးဆောင်၍ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းအဖြစ် ဆင်ခြေထောက်ရောဂါကင်းဝေးရေး လူသားအားလုံး ဆေးတိုက်ကျွေးခြင်းနှင့် လုပ်ငန်းအသိပညာပေးဆွေးနွေးခြင်းကို ဇန်နဝါရီ ၁၈ ရက်က မြို့နယ်ပြည်သူ့ဆေးရုံ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြို့နယ်ကျန်းမာရေးဆရာဝန်ကြီး ဒေါက်တာလှဝင်းက ဆင်ခြေထောက်ရောဂါကာကွယ်ရန် ဒီးအီးစီနှင့် အယ်လ်ဘန်းဒါးဇိုးဆေးနှစ်မျိုးပေါင်းပြီး တစ်ကြိမ်တည်းတိုက်ကျွေးမည်ဖြစ်ကြောင်း၊ ဆေးသောက်ခြင်းကြောင့် ရောဂါပိုးရှိပြီး ရောဂါလက္ခဏာမပြဘဲ ငုပ်နေသူများအတွက် ရောဂါကုသပြီးရာရောက်ကြောင်း၊ ရောဂါပိုးမရှိဘဲသောက်သူများအတွက် ဆေးအာနိသင်ကြောင့် ရောဂါကာကွယ်ပြီးသားဖြစ်သည့်အပြင် နောင်သားစဉ်မြေးဆက်အတွက် ကူးစက်ခံရမှုမရှိနိုင်တော့ကြောင်း ပြောကြားသည်။



အဆိုပါ ဆေးတိုက်ကျွေးခြင်းလုပ်ငန်းကို ဇန်နဝါရီ ၂၀ ရက်မှ ၂၉ အရက်အထိ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အဖွဲ့ခွဲ၍ အသက်နှစ်နှစ်ပြည့်ကလေးမှစ၍ ပြည်သူအားလုံးကို တိုက်ကျွေးမည်ဖြစ်ရာ ပြည်သူများအနေဖြင့် ကျန်းမာရေးဝန်ထမ်းများ၏ လမ်းညွှန်ချက်အတိုင်း ဆေးသောက်ရမည်ဖြစ်ကြောင်း သိရသည်။ **ပေါက်စ(မင်းလှ)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်စျေးနှုန်း ၂၀-၁-၂၀၁၇

ခင်ရတနာ-စုစည်းသည်။

ရွှေစျေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၂၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၂၀၇၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၂၅၀၀ |

စက်သုံးဆီစျေးနှုန်း(တစ်လီတာစျေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၆၉၀/၇၀၀ ကျပ် |
| အောက်တိန်း ၉၂ | ၇၀၀/၇၁၀ ကျပ် |
| အောက်တိန်း ၉၅ | ၇၄၀/၇၅၀ ကျပ် |
| ပရီမီယံဒီဇယ် | ၇၁၀/၇၂၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်စျေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၅၅ · ၀ |
| ဥရောပ | တစ်ယူရို | ၁၄၄၀ · ၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၄၈ · ၄၁ |
| ထိုင်း | တစ်ဘတ် | ၃၈ · ၂၃၄ |
| အိန္ဒိယ | တစ်ရူပီး | ၁၉ · ၈၇ |
| တရုတ် | တစ်ယွမ် | ၁၉၆ · ၃၆ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၃ · ၆၈ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းများ - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ သက်မွန်ဦး၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

◆ *ရှေ့ဖုံးမှ*

ယင်းနောက် တောင်ငူပညာရေးကောလိပ်ဆိုင်းဘုတ်ကို ဒုတိယသမ္မတ ဦးမြင့်ဆွေက စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ဖွင့်ပွဲအခမ်းအနားတွင် ဒုတိယသမ္မတ ဦးမြင့်ဆွေက လက်ရှိအစိုးရ၏ ပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုများတွင် မူလတန်းအရွယ်ကလေးတိုင်း မူလတန်းပညာကို ပြီးမြောက်အောင်မြင်ခြင်းနှင့် မူလတန်းပညာသင်ယူရန် အခက်အခဲရှိသည့် ကာယ၊ ဉာဏ စွမ်းရည်အားနည်းသော ကလေးများ၊ ဆင်းရဲနွမ်းပါးသည့်ကလေးများ၊ ဝေးလံခေါင်ဖျားဒေသရှိ ကလေးများ စသည့် ကလေးများအတွက် အလေးထား ဆောင်ရွက်သည့် ပညာရေးအစီအစဉ်များ ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ခြင်း၊ သင့်လျော်သော ဆရာနှင့် ကျောင်းသားအချိုးရရှိရန် ဆောင်ရွက်ပေးခြင်း၊ ကျောင်းအသီးသီးရှိ ဆရာများ၏ ဘာသာရပ်ကျွမ်းကျင်မှုနှင့် သင်ကြားရေးစွမ်းရည်များ မြင့်မားလာစေရန် ဆောင်ရွက်ပေးခြင်း၊ ကျောင်းသားမိဘများနှင့် ရပ်ရွာအသိုက်အဝန်းကို ဝန်ထုပ်ဝန်ပိုးမဖြစ်စေသော ထိရောက်သည့် ပညာရေးဝန်ဆောင်မှု ဖြစ်စေရန် ဆောင်ရွက်ပေးခြင်း စသည့် ပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှု၏ ဦးစားပေးလုပ်ငန်းများကို ဆောင်ရွက်လျက် ရှိပါကြောင်း။

နိုင်ငံတော်အနေဖြင့် ဆရာ ဆရာမများ၏ သင်ကြားမှုအရည်အသွေး မြင့်မားရေးဆိုင်ရာ လုပ်ငန်းများကို ဖော်ဆောင်နိုင်ရန် ဆရာအတတ်ပညာပြည့်မီမြင့်မားရေးနှင့် သင်ကြားရေးစွမ်းရည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးတို့ကို အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံတော်အတွင်း တည်ရှိနေသည့် တိုင်းရင်းသားအားလုံး၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ရိုးရာဓလေ့နှင့် သမိုင်းအမွေအနှစ်များ၏ အနှစ်သာရများကို တန်ဖိုးထားထိန်းသိမ်းမြှင့်တင်ပြီး ဘက်စုံအတွေးအခေါ် မှန်ကန်ရေး၊ အကျင့်စာရိတ္တကောင်းမွန်သော လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်ရေးနှင့် ခေတ်စနစ်၏လိုအပ်ချက်များနှင့်အညီ နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်သည့် အမျိုးသားပညာရေးစနစ်ကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

ယခုကဲ့သို့ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အမျိုးသားပညာရေး၏ ရည်မှန်းချက်များဖြစ်သည့် တွေးခေါ်ကြံဆဝေဖန်ပိုင်းခြားနိုင်သော အသိဉာဏ်ရှိ၍ ဗလငါးတန်ပြည့်စုံသည့် နိုင်ငံ့သားကောင်းများ ဖြစ်ထွန်းရေးကို လေ့ကျင့်ပေးရန်၊ ပြည်သူ့နီတိ၊ ဒီမိုကရေစီကျင့်စဉ်နှင့် လူ့အခွင့်အရေးဆိုင်ရာ စံနှုန်းများဖြင့် ဥပဒေကိုလေးစားလိုက်နာသော နိုင်ငံသားများ ဖြစ်လာစေရေးအတွက် လေ့ကျင့်ပြုစု ပျိုးထောင်ပေးရန်၊ ပြည်ထောင်စုစိတ်ဓာတ် ဖွံ့ဖြိုးပြီး တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု အနုပညာ၊ ရိုးရာဓလေ့၊ သမိုင်းအမွေအနှစ်နှင့် သဘာဝပတ်ဝန်းကျင်တို့ကို တန်ဖိုးထား၍ ထိန်းသိမ်းမြှင့်တင်နိုင်ပြီး ယင်းတို့ကို လက်ဆင့်ကမ်းနိုင်သည့် နိုင်ငံသားများဖြစ်လာစေရန် အစရှိသည့် အမျိုးသားပညာရေး ရည်မှန်းချက်များကို ပေါက်မြောက်အောင်မြင်အောင်လည်း မိဘပြည်သူ၊ ဆရာ ဆရာမများ၊ ကျေးရွာအဆင့်၊ မြို့နယ်အဆင့် ဖွံ့ဖြိုးရေး အထောက်အကူပြုအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ကြရန်လည်း အလေးထား ပြောကြားလိုပါကြောင်း။



**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်စုစုလွင်ထံ ကျောင်းအုပ်ကြီး ဒေါ်ငြိမ်းငြိမ်းက တောင်ငူပညာရေးကောလိပ်အဆောက်အအုံသစ်ဖွင့်ပွဲ အထိမ်းအမှတ်ပစ္စည်း ပေးအပ်စဉ်** (သတင်းစဉ်)

မသင်မနေရ မူလတန်းပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်လည်း မူလတန်းဆရာအင်အားပြည့်စုံရေး၊ ဆရာအရည်အသွေးပြည့်ဝရေးသည် အရေးကြီးသည့် အလျောက် လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာသင်တန်းများဖြစ်ကြသည့် DTEd (Diploma in Teacher Education)နှင့် PPTT (Pre-service Primary Teacher Training) သင်တန်းများကိုလည်း စဉ်ဆက်မပြတ် ဖွင့်လှစ်လေ့ကျင့်သင်တန်းပေးလျက်ရှိပါကြောင်း။

ပညာရေးကဏ္ဍ ခေတ်မီဆန်းသစ်ရေးကို ကြိုးပမ်းဆောင်ရွက်ရာတွင် ပညာရေး အခြေခံအဆောက်အအုံများ ပြည့်စုံရေးသည် အရေးကြီးသော အနေအထားဌ ပါဝင်နေပါကြောင်း၊ နိုင်ငံတော်ဘတ်ဂျက်မှ နှစ်စဉ်တိုးမြှင့် သုံးစွဲနေသကဲ့သို့ နိုင်ငံတကာ ကူညီထောက်ပံ့မှုများကို အကျိုးရှိရှိနှင့် ထိထိရောက်ရောက် အသုံးပြုနိုင်ရန် အထူးအရေးကြီးပါကြောင်း၊ ယခုလိုကျောင်းဆောင်သစ်များ အဆင့်မီမီ ပေါ်ထွန်းလာသည့်အတွက် ဆရာဆရာမများနှင့် သင်တန်းသား သင်တန်းသူများပါ အဆင်ပြေပြေသင်ကြားနိုင်မည်ဖြစ်ပါကြောင်း၊ ခေတ်မီပညာရေးစနစ်ဖြစ်ပေါ်လာရန် ခေတ်မီပညာရေး အခြေခံများလည်း လိုအပ်ပါကြောင်း၊ အဆိုပါလိုအပ်ချက်ကို ဖြည့်ဆည်းကူညီပေးသည့်အတွက် နိုင်ငံတော်ကိုယ်စား ကျေးဇူးအထူးတင်ရှိပါကြောင်း၊ နောက်ထပ်လည်း ထောက်ပံ့ကူညီမှုများ တိုးမြှင့်ဆောင်ရွက်ပေးနိုင်ရန်လည်း မျှော်လင့်ထားပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး မစ္စတာ တတဲရှိ ဟီဂူချိ၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းတို့က အမှာစကားပြောကြားကြပြီး ဒေသခံမြို့မိမြို့ဖ ဦးမြင့်ညိုနှင့် တောင်ငူပညာရေးကောလိပ် ကျောင်းအုပ်ကြီး ဒေါ်ငြိမ်းငြိမ်းတို့က ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်စုစုလွင်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီးတို့ထံ ကျောင်းအုပ်ကြီး ဒေါ်ငြိမ်းငြိမ်းက တောင်ငူပညာရေးကောလိပ်အဆောက်အအုံသစ် ဖွင့်ပွဲ အထိမ်းအမှတ်ပစ္စည်းကို ပေးအပ်သည်။

ထို့နောက် ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် တောင်ငူပညာရေးကောလိပ်အတွင်းရှိ စာကြည့်တိုက်၊ အုပ်ချုပ်မှုခန်း၊ ဆေးပေးခန်း၊ အနားယူအပန်းဖြေနေရာ၊ အိမ်တွင်းမှုသိပ္ပံလက်တွေ့ခန်း၊ စာသင်ခန်းများ၊ အနုပညာခန်း၊ ကွန်ပျူတာလေ့ကျင့်ခန်းနှင့် သင်တန်းသား အိပ်ဆောင်များတည်ဆောက်ပြီးစီးမှုကို လှည့်လည်ကြည့်ရှုကြပြီး သင်တန်းသား သင်တန်းသူများကို ခင်မင်ရင်းနှီးစွာ နှုတ်ဆက်ကြသည်။

တောင်ငူပညာရေးကောလိပ်ကို ၁၉၆၇ ခုနှစ်တွင် ဆရာအတတ်သင်ကျောင်း၊ ၁၉၉၃ ခုနှစ်တွင် ဆရာအတတ်သင် သိပ္ပံ၊ ၁၉၉၈ ခုနှစ်တွင် ပညာရေးကောလိပ်အဖြစ် အဆင့်ဆင့်ပြောင်းလဲဖွင့်လှစ်ပေးခဲ့ကြောင်း သိရှိရသည်။

ပညာရေးကောလိပ်များကို မြန်မာ့လူ့ဘောင်နှင့် လိုက်လျောညီထွေ ပြုမူပြောဆိုနေထိုင်တတ်ပြီး ဆရာဟူသော ဂုဏ်သိက္ခာနှင့်ပြည့်စုံသည့် ဆရာမွန်များ ပေါ်ထွန်းလာစေရေးအတွက် ပြုစုပျိုးထောင် လေ့ကျင့်ပေးရန်၊ မျက်မှောက်ကာလဖြစ်သော ပညာခေတ်၏ စိန်ခေါ်မှုကို ရင်ဆိုင်နိုင်ရန် ဘက်စုံပညာရေးလုပ်ငန်းများတွင် ကိုယ်တိုင်ဦးဆောင်နိုင်ပြီး အစဉ်လေ့လာသင်ယူနေသော ပညာရေးအဖွဲ့အစည်းအဖြစ် ပြုစုပျိုးထောင်လေ့ကျင့်ပေးရန်နှင့် ပညာရေးဌာနတွင် တာဝန်ယူနေကြရသော ဆရာ ဆရာမများ၏ ပညာဗဟုသုတ တိုးပွားရင့်သန်ရေးအတွက် လည်းကောင်း၊ သင်နည်းများ ပိုမိုကောင်းမွန်ရေးအတွက် လည်းကောင်း၊ လုပ်ငန်းရပ်များ ကျွမ်းကျင်စွာဆောင်ရွက်နိုင်မှုအတွက် လည်းကောင်း ကြံဆတီထွင်စမ်းသပ်ရန် စသည့်ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် စက်မှုဝန်ကြီးဌာန၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာစိုးနိုင်ကို အစမ်းခန့်ကာလ (၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် နိုင်ငံခြားရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် စီမံရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ကေသီစိုးကို မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## ၁၀၂ နှစ်မြောက်ဗိုလ်ချုပ်မွေးနေ့၌ စလင်းတွင် ဗိုလ်ချုပ်ကြေးရုပ်ဖွင့်ပွဲပြုလုပ်မည်

**စလင်း ဇန်နဝါရီ ၂၀**

မကွေးတိုင်းဒေသကြီး စလင်းမြို့၌ ဖေဖော်ဝါရီ ၁၃ ရက်တွင် ကျရောက်မည့် ၁၀၂ နှစ်မြောက် ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့ ပြည်သူ့ပန်းခြံ၌ ဗိုလ်ချုပ်ကြေးရုပ် ဖွင့်ပွဲပြုလုပ်သွားမည်ဖြစ်သည်။

အဆိုပါ ဗိုလ်ချုပ်ကြေးရုပ်ထားရှိမည့် မြို့လယ်ပန်းခြံတွင် ကွင်းဧရိယာ အကျယ် ပေ ၁၀၀၊ ရင်ပြင်အကျယ် ပေ ၅၀ ဖြစ်ပြီး ကြေးရုပ်တင်ရန်ဖောင်ဒေးရှင်းခုံ အမြင့် ခြောက်ပေရှိကာ ကြေးရုပ်မှာ အမြင့်ကိုးပေ၊ ကြေးပိဿာချိန် ၁၃၀ ရှိသည်။ တန်ဖိုးမှာ ငွေကျပ် ၁၅၅ သိန်းဖြစ်ပြီး သယ်ဆောင်စရိတ်မှာ ငွေကျပ်ငါးသိန်းဖြစ်ကြောင်း သိရသည်။

ရင်ပြင်တည်ဆောက်မှုတွင် ငွေကျပ်သိန်း ၂၀၀ ကျော်ကုန်ကျခဲ့ပြီး ဗိုလ်ချုပ်ကြေးရုပ်ဖြစ်မြောက်ရေးကော်မတီက ဦးဆောင်ကာ လိုအပ်သောငွေကို စလင်းမြို့နယ်သူ မြို့နယ်သားများက စုပေါင်းထည့်ဝင်ခဲ့ကြောင်း သိရသည်။ **စစ်ကြည်(စလင်း)**

## ရန်ကုန်မြို့တွင်း ဘတ်စ်ကားအစီးရေတစ်ထောင်ခန့် အစိုးရမှ ဝယ်ယူဖြည့်တင်းမည်

**ရန်ကုန် ဇန်နဝါရီ ၂၀**

ရန်ကုန်မြို့တွင်း ခရီးသည်သယ်ယူပို့ဆောင်ရေးတွင် ခရီးသည်တင်ယာဉ်အစီးရေများစွာ လိုအပ်ချက်ရှိနေရာ တိုင်းဒေသကြီးအစိုးရမှ ဘတ်စ်ကားအစီးရေ တစ်ထောင်ခန့် ပြည်ပမှ ဝယ်ယူဖြည့်တင်းသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ထံမှ သိရသည်။

လက်ရှိ ရန်ကုန်မြို့ပြ ခရီးသည်ပို့ဆောင်ရေးတွင် ယာဉ်အစီးရေ ၃၆၀၀ ကျော်ခန့် ပြေးဆွဲလျက်ရှိသော်လည်း ယာဉ်အစီးရေနှင့် ခရီးသည် မျှတမှုမရှိဘဲ ယာဉ်လိုအပ်ချက် ရှိနေဆဲဖြစ်သည့်အတွက် အစိုးရအနေဖြင့် ခရီးသည်တင်ယာဉ်များ ပြည်ပမှ အမြန်ဆုံးဝယ်ယူဖြည့်တင်းနိုင်ရေးကို ဆောင်ရွက်လျက်ရှိသည်ဟု သိရသည်။

“မှန်းထားတာကတော့ ဒီသုံးလအတွင်းမှာ ကားအစီးရေ တစ်ထောင်ခန့် ဖြည့်တင်းသွားဖို့ ရှိပါတယ်။ အစိုးရအနေနဲ့ ကားအစီးရေ ဖြည့်တင်းနိုင်ပြီး ကတ်စနစ်သုံးငွေပေးတဲ့စနစ်ကို ကျင့်သုံးနိုင်ပြီဆိုရင် လက်ရှိဖြစ်ပေါ်နေတဲ့ အခက်အခဲအကျပ်အတည်းတွေ အတော်ကိုအဆင်ပြေသွားမှာပါ။ ကားတွေ အမြန်ဆုံး ဝယ်ယူနိုင်ဖို့လည်း လုပ်နေပါတယ်။ ကားအသစ်တွေဝယ်ဖို့က ဈေးကြီးမြင့်တာရယ် အချိန်ကြာမြင့်နိုင်တာရယ်ရှိနိုင်တဲ့အတွက် Used ကား၊ ၂၀၀၇ မိုဒယ်အသစ်နီးပါး ကောင်းမွန်တဲ့ကားတွေကို ဝယ်ဖို့ပြင်ဆင်နေပါတယ်။ ဥပမာ ၂၀၀၈ ပေကျင်းအိုလံပစ်ပြိုင်ပွဲ ပြုလုပ်ခဲ့တုန်းကသုံးခဲ့တဲ့ ဘတ်စ်ကားတွေရှိပါတယ်။ ပွဲတော်မှာ အသုံးပြုခဲ့တဲ့ကားတွေ၊ အသစ်အတိုင်း ကောင်းမွန်နေတဲ့ကားတွေကို ဝယ်ယူဖြည့်တင်းသွားဖို့ ရှိပါတယ်။ ပြီးရင်ကတ်စနစ်သုံး ငွေပေးချေတဲ့စနစ်ကိုလည်း အမြန်ဆုံးသုံးနိုင်အောင် လုပ်နေပါတယ်”ဟု ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရန်ကုန်မြို့၌ ဇန်နဝါရီ ၁၆ ရက်မှစတင်ကာ ခရီးသည်တင်ယာဉ်များ၏ ပြေးဆွဲမှုပုံစံကို ပြောင်းလဲလိုက်ပြီး အများပိုင်ဘတ်စ်ကားလိုင်းကုမ္ပဏီ ထူထောင်ရန် ပြင်ဆင်နေသည့် ကုမ္ပဏီရှစ်ခုဖြင့် ယာဉ်လိုင်းပေါင်း ၇၀ ခန့် သတ်မှတ်ထားသော လမ်းကြောင်းများအလိုက် ပြေးဆွဲရန် သတ်မှတ်လိုက်သည်။ ယခင်က မ.ထ.သ (ဗဟို)၏ စီမံခန့်ခွဲမှုအောက်တွင် ယာဉ်လိုင်းအဖွဲ့အစည်းပေါင်း ၁၈ ခုခန့်ရှိပြီး ယာဉ်လိုင်းငယ်ပေါင်း ၃၀၀ ကျော်ဖြင့် ပြေးဆွဲလျက်ရှိသည်ကို ယခု ယာဉ်လိုင်းကုမ္ပဏီ ရှစ်ခုခန့်၊ လိုင်းပေါင်း ၇၀ ဖြင့် ပြောင်းလဲပြေးဆွဲစေခြင်းဖြစ်သည်။ ယခင်က နေ့စဉ်ပျမ်းမျှ ယာဉ်အစီးရေ ၄၀၀၀ ကျော်ခန့် ပြေးဆွဲလျက်ရှိသော်လည်း ယခု စနစ်သစ်တွင် ယာဉ်ပိုင်ရှင်အချို့အပြည့်အဝ ပူးပေါင်းဆောင်ရွက်နိုင်ခြင်းမရှိသေးဘဲ ယာဉ်အစီးရေ ၃၆၀၀ ခန့်သာ ပြေးဆွဲနိုင်ခြင်းရှိသေးကြောင်း သိရသည်။

“အရင်စာရင်းရှိ ယာဉ်အစီးရေမှာလည်း ခရီးသည်နဲ့ယာဉ်အစီးရေက မမျှပါဘူး။ အခုဆိုရင် ရထားစီးခရီးသည် တိုးလာတယ်ဆိုပေမယ့် ဘတ်စ်ကားစီးခရီးသည်က ၈၅ ရာခိုင်နှုန်းကျော်လောက်ရှိတဲ့အတွက် ဘတ်စ်ကား လိုအပ်ချက်ရှိနေပါတယ်။ နောက်ပြီး ကြံ့ခိုင်မှုအနေအထားနဲ့ ယာဉ်ရဲ့အနေအထားက ဟောင်းလာတာတွေရှိတဲ့အတွက် ကားအသစ်စက်စက် မဟုတ်တောင် သတ်မှတ်ထားတဲ့ ၂၀၀၆ မိုဒယ်နဲ့အထက် အသစ်နီးပါး ကောင်းမွန်တဲ့ ကားမျိုးတွေနဲ့ ပြေးဆွဲနိုင်ဖို့ လုပ်နေပါတယ်။ ယာဉ်ပိုင်ရှင်တွေလည်း မထိခိုက်အောင်၊ လက်ရှိပြေးဆွဲနေတာလည်း မထိခိုက်အောင် ဆက်လက်ပါဝင်ပြေးဆွဲစေတာပါ။ အခု ယာဉ်ပိုင်ရှင်တချို့က ညစ်တာမျိုးတွေရှိပါတယ်။ အခေါက်ရေပြည့် မပြေးဆွဲတာတွေရှိတယ်။ ဒီတော့ ခရီးသည်တွေအခက်အခဲဖြစ်တဲ့အပြင် ငွေအပ်တဲ့စနစ်၊ ငွေကောက်တဲ့စနစ်မှာလည်း အခက်အခဲတွေ အများကြီးဖြစ်နေတယ်။ မှန်မှန်ကန်ကန်နဲ့ ပူးပေါင်းနေတဲ့ ယာဉ်ပိုင်ရှင်တွေမှာလည်း အခက်အခဲတွေ အများကြီး ကြုံနေရပါတယ်။ ဒါကြောင့် ကားတွေ အမြန်ဆုံး ဖြည့်ဆည်းနိုင်အောင်လုပ်နေတယ်။ ပြီးရင် ကတ်စနစ်သုံး ငွေပေးတဲ့စနစ်ကို အမြန်ဆုံး အကောင်အထည်ဖော်သွားမယ်”ဟု ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရန်ကုန်မြို့၌ ဘတ်စ်ကားပြေးဆွဲမှုစနစ်သစ်စတင်ခဲ့သည့် ဇန်နဝါရီ ၁၆ ရက်တွင် ခရီးသည်တင်ယာဉ်အစီးရေ ၂၀၀၀ ခန့်သာ ပြေးဆွဲနိုင်ခဲ့ပြီး ဇန်နဝါရီ ၁၇ ရက်တွင် အစီးရေ ၃၀၀၀ ကျော်ခန့်၊ ဇန်နဝါရီ ၁၈ ရက်တွင် အစီးရေ ၃၄၀၀ ခန့်နှင့် ဇန်နဝါရီ ၁၉ ရက်တွင် ၃၆၀၀ ခန့် ပြေးဆွဲခဲ့ပြီး စေတနာရှင်များ၊ အဖွဲ့အစည်းနှင့် ကုမ္ပဏီများ၏ အခမဲ့ယာဉ်များကလည်း ပါဝင်ပြေးဆွဲပေးခဲ့ရသည်။ ဇန်နဝါရီ ၂၁ ရက်တွင်လည်း ၃၆၀၀ ကျော်ခန့် ပြေးဆွဲနိုင်မည်ဟု ခန့်မှန်းထားပြီး စေတနာရှင်များ၏ အခမဲ့ကူညီပြေးဆွဲမှုများရှိသော်လည်း ယာဉ်အစီးရေ လိုအပ်ချက်ရှိနေမှုအပေါ် အမြန်ဆုံးဖြည့်တင်းဆောင်ရွက်သွားမည်ဟု ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ထံမှ သိရသည်။

သို့ဖြစ်၍ မြို့ပြသယ်ယူပို့ဆောင်ရေးကဏ္ဍသည် အစိုးရမှ ဝင်ရောက်စွက်ဖက်ကာ အရှုံးခံဆောင်ရွက်ပေးရသည့် သဘောရှိသောကြောင့် ယခုကဲ့သို့ အများပိုင်ကုမ္ပဏီများဖွဲ့စည်းစေခြင်း၊ အဆိုပါ ကုမ္ပဏီများတွင် ငွေကြေးထည့်ဝင်ရင်းနှီးပေးရန် ပြင်ဆင်နေခြင်း၊ လိုအပ်ချက်ရှိနေသော ခရီးသည်တင်ယာဉ်အစီးရေကို အစိုးရချင်း တိုက်ရိုက်ချိတ်ဆက်ကာ သင့်တော်သော ဈေးနှုန်းဖြင့် ဝယ်ယူဖြည့်တင်းပေးခြင်း၊ ယာဉ်အို ယာဉ်ဟောင်းလဲလှယ်ကာ ခရီးသည်တင်ယာဉ်အသစ် အစားထိုးပြေးဆွဲမည့် ယာဉ်ပိုင်ရှင်များကို ဘဏ်စနစ်ဖြင့် ငွေချေးပေးခြင်း စသည့် ဘတ်စ်ကားအခြေပြု သယ်ယူပို့ဆောင်ရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဆုနှင်းလဲ့**

# ရခိုင်ပြည်နယ် ဖြစ်စဉ်များနှင့်ပတ်သက်၍ သတင်းအမှန်ထုတ်ပြန်နိုင်ရေးအတွက် ဆောင်ရွက်နေမှုများ ဆွေးနွေး



ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စရန်ဟီလီ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် တွေ့ဆုံစဉ် (သတင်းစဉ်)



ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စရန်ဟီလီ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေနှင့်တွေ့ဆုံစဉ် (သတင်းစဉ်)

**နေပြည်တော် ဇန်နဝါရီ ၂၀**

ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စရန်ဟီလီသည် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်နှင့် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီအဖွဲ့ဝင်များနှင့် ယနေ့တွင် နေပြည်တော်ရှိ သက်ဆိုင်ရာဝန်ကြီးဌာနများ၌ သီးခြားစီတွေ့ဆုံသည်။

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် တွေ့ဆုံစဉ် ဝန်ကြီးဌာနမှ စီမံခန့်ခွဲလျက်ရှိသည့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ သတင်းမီဒီယာဥပဒေ၊ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေများနှင့် စပ်လျဉ်း၍ လုပ်ဆောင်နေမှုများ၊ လွှတ်တော်အပါအဝင် စာနယ်ဇင်းသမားများ၏ သတင်းရယူဆောင်ရွက်နေမှု အခြေအနေများ၊ တိုင်းရင်းသားမီဒီယာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်နေမှုများ၊ ရခိုင်ပြည်နယ် ဖြစ်စဉ်များနှင့်ပတ်သက်၍ သတင်းအမှန်ထုတ်ပြန်နိုင်ရေးအတွက် နိုင်ငံတော်အတိုင်ပင်ခံရုံး၏ သတင်းထုတ်ပြန်ရေးအဖွဲ့၊ တပ်မတော်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒေသခံသတင်းထောက်များနှင့် ပူးပေါင်းဆောင်ရွက်နေမှုများ၊ စာနယ်ဇင်းသမားများ၏ဘေးကင်းလုံခြုံရေး (Safety of Journalists) နှင့် ပတ်သက်သည့် သဘောထားအမြင်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ပြည်ထဲရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေနှင့်တွေ့ဆုံစဉ် ကုလသမဂ္ဂနှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့အကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးနှင့်တွေ့ဆုံစဉ် တရားစွဲနှင့် အမှုလိုက်ဆိုင်ရာလုပ်ငန်းများ၌ လူ့အခွင့်အရေးအခြေအနေဖြစ်ပေါ်တိုးတက်မှုများ၊ ဥပဒေပြုရေးအခန်းကဏ္ဍတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ပါဝင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ဆက်လက်ပြဋ္ဌာန်းမည့် ဥပဒေများနှင့် တည်ဆဲဥပဒေများအကြား လိုက်လျောညီထွေမှုရှိစေပြီး အခြေခံလူ့အခွင့်အရေးများကို မထိခိုက်စေရေးအတွက် ဆောင်ရွက်ရန်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီအဖွဲ့ဝင်များနှင့် တွေ့ဆုံစဉ် မြေယာသိမ်းဆည်းခံရမှု ပြဿနာရပ်များအား ဖြေရှင်းဆောင်ရွက်နေမှုအခြေအနေများ၊ မြေယာလျော်ကြေးပေးမှုနှင့် စွန့်လွှတ်မြေများနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ထို့နောက် မစ္စရန်ဟီလီနှင့်အဖွဲ့သည် မွန်းလွဲ ၁ နာရီတွင် နေပြည်တော်မှ ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

## အသေးစားငွေရေးကြေးရေးလုပ်ငန်း ဖွံ့ဖြိုးရေး ထိရောက်စွာ ပူးပေါင်းဆောင်ရွက်ရန်လို

**နေပြည်တော် ဇန်နဝါရီ ၂၀**

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှု ကော်မတီ၏ (၁/၂၀၁၇) ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးအား ဇန်နဝါရီ ၁၈ ရက် မွန်းလွဲ ၁ နာရီက နေပြည်တော်ရှိ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အသေးစားငွေရေးကြေးရေးလုပ်ငန်းအပါအဝင် ငွေကြေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် လက်ရှိကျင့်သုံးနေသောဥပဒေ၊ စည်းမျဉ်းမူဘောင်များသည် ငွေကြေးကဏ္ဍတည်ငြိမ်မှုကိုမထိခိုက်စေဘဲ ပြည်သူများကို ထိရောက်စွာ အကာအကွယ်ပေးပြီး ဈေးကွက်ဖြစ်ထွန်းတိုးတက်မှုကို အားပေးသည့် အချိုးညီသည့် စည်းမျဉ်းများဖြစ်ရန် အရေးကြီးကြောင်း ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက ပြောကြားသည်။

ဆက်လက်၍ ပြည်သူများ၏လိုအပ်ချက်နှင့် ကိုက်ညီသော အသေးစား ငွေရေးကြေးရေးလုပ်ငန်း ငွေကြေးဝန်ဆောင်မှု မျိုးစုံဖြန့်ဝေရေး၊ ဘဏ်များမှ ငွေကြေးဝန်ဆောင်မှုမရနိုင်သော အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအား အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများမှ ငွေကြေးဝန်ဆောင်မှုပေးနိုင်ရေး ဆောင်ရွက်ရေး၊ အသေးစား ငွေရေးကြေးရေးလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသေးစားငွေရေးကြေးရေးလုပ်ငန်းဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းမှတစ်ဆင့် ဝင်ငွေနည်းပြည်သူများ၏ ဝင်ငွေနှင့်အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိစေရန် ရည်မှန်းချက်ရှိအကောင်အထည်ဖော်ဆောင်ရွက်ရေး၊ မြန်မာနိုင်ငံ၏ အသေးစား ငွေရေး ကြေးရေး ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက်အစိုးရ၊ ပုဂ္ဂလိက၊ နိုင်ငံတကာ ငွေကြေးအဖွဲ့အစည်းများ၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ၊ ပညာရှင်များ၊ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူများနှင့် ထိရောက်စွာ ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ကြောင်း မှာကြားသည်။

ဆက်လက်၍ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစန္ဒာဦးက အသေးစားငွေရေးကြေးရေးလုပ်ငန်းဆိုင်ရာကိစ္စရပ်များအား လည်းကောင်း၊ မြန်မာနိုင်ငံအသေးစားငွေရေးကြေးရေးလုပ်ငန်းများကူညီရေးအသင်းဥက္ကဋ္ဌ ဦးမင်းအောင်နှင့် နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူးများက မိမိတို့ဒေသအလိုက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများအား ရှင်းလင်းဆွေးနွေးတင်ပြကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဗြိတိန်နိုင်ငံခြားရေးဝန်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၂၀**

ပြည်ထောင်စုအစိုးရအဖွဲ့၏ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်းသည် မြန်မာနိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသည့် ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး The Rt Hon Boris Johnson MP အား ယနေ့ ညနေ ၄ နာရီခွဲတွင် ရုံးအမှတ်(၂၀)ရှိ ၎င်း၏ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံ အကျိုးတူကိစ္စရပ်များအား ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

## မုဒုံမြို့နယ်၌ မြန်မာ့ရိုးရာလက်ဝှေ့ကျော်များနှင့် နိုင်ငံတကာရိုးရာလက်ဝှေ့ စိန်ခေါ်ထိုးသတ်မည်

**မုဒုံ ဇန်နဝါရီ ၂၀**

မွန်ပြည်နယ် မုဒုံမြို့နယ် မြိုင်ကုန်းကျေးရွာ ဝင်းစိန်တောရကျောင်း၌ မြန်မာ့ရိုးရာလက်ဝှေ့ကျော်များနှင့် နိုင်ငံခြားမှ လက်ဝှေ့ကျော်များ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။

မြန်မာ့ရိုးရာလက်ဝှေ့ကျော်နှစ်ထပ်ကွမ်းရွှေခါးပတ်ချန်ပီယံ ရဲသွေးနီ (တောင်ကလေး) နှင့် ကမ္ဘာ့လက်ဝှေ့ရွှေခါးပတ်ချန်ပီယံ လာအိုနိုင်ငံမှ စူပါဘော၊ မြန်မာ့လက်ဝှေ့ကျော် စောဂေါ်မူတို (သတ္တိ)နှင့် ဥဇဘက်ကစ္စတန်နိုင်ငံမှ ဇီရိုဒီလာ၊ မြန်မာရွှေခါးပတ်ချန်ပီယံ ဖျံသွေး(ရွှေမိုးထိ) နှင့် မက္ကဆီကိုနိုင်ငံမှ လူးဝစ်အယ် ဘာတို၊ မြန်မာ့ရိုးရာလက်ဝှေ့ကျော် နှစ်ထပ်ကွမ်း ဒဂုံရွှေအောင်လံ ရွှေခါးပတ်ချန်ပီယံ စိုးလင်းဦး (ဒို့ရိုးရာ) နှင့် ထိုင်းနိုင်ငံမှ အဖီနမ်၊ မြန်မာရွှေခါးပတ်ချန်ပီယံ ကြယ်စင်ဖြိုး (ရိုးရာပုဂံ) နှင့် ကော်စတာရီကာနိုင်ငံမှ ဂျိုနသန်တို့က ဗုဒ္ဓပူဇနိယ ဘုရားပွဲတော်တွင် ဇန်နဝါရီ ၂၁ ရက်မှ ၂၃ ရက်အထိ မုဒုံမြို့နယ် မြိုင်ကုန်းကျေးရွာ ဝင်းစိန်တောရကျောင်း၌ စိန်ခေါ်ထိုးသတ်ကြမည်ဖြစ်ကြောင်း သိရသည်။

**မုဒုံမောင်မောင်**

## YBPC နှင့် YUPT အများပိုင်ယာဉ်လိုင်းတွင် ပြေးဆွဲမည့် ခရီးသည်တင်ယာဉ်အစီး ၁၂၀ ပြည်ပမှ ထပ်မံရောက်ရှိ

**ရန်ကုန် ဇန်နဝါရီ ၂၀**

ရန်ကုန်မြို့၏ ခရီးသည်သယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက် YBPC (Yangon Bus Public Company) ရန်ကုန်ဘတ်စ်ကား အများပိုင်ကုမ္ပဏီနှင့် YUPT (Yangon Urban Public Transportation) ရန်ကုန်မြို့ပြ အများပြည်သူ သယ်ယူပို့ဆောင်ရေး ကုမ္ပဏီလီမိတက် (ယခင်မြို့တွင်း မ.ထ.သ ယာဉ်လိုင်း) တို့တွင် ပြေးဆွဲမည့်ခရီးသည်တင်ယာဉ်အစီးရေ ၁၂၀ ခန့် ပြည်ပမှ ရောက်ရှိလာပြီဖြစ်ကြောင်း သိရသည်။

လက်ရှိ ပြောင်းလဲလိုက်သော ဘတ်စ်ကားပြေးဆွဲမှုစနစ်သစ်တွင် ပါဝင်ပြေးဆွဲရန်အတွက် ခရီးသည် ယာဉ်များ ပြည်ပမှ မှာယူထားရာ အသစ်ရောက်ရှိလာသော ယာဉ်များကို လက်ရှိယာဉ်အစီးရေ လိုအပ်ချက်ရှိနေသော ယာဉ်လိုင်းများတွင် ပြေးဆွဲသွားမည်ဟု ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ထံမှ သိရသည်။

YBPC (Yangon Bus Public Company) ရန်ကုန်ဘတ်စ်ကား အများပိုင်ကုမ္ပဏီသည် အစိုးရ၊ ပုဂ္ဂလိကပူးပေါင်းပါဝင်မှု PPP စနစ်ဖြင့် ထူထောင်ထားသော အများပိုင် ဘတ်စ်ကားလိုင်းကုမ္ပဏီတစ်ခုဖြစ်ပြီး ယခင်က BRT Lite ယာဉ်လိုင်းအနေဖြင့် လမ်းကြောင်းသုံးခုကို ပြေးဆွဲခဲ့သည်။ လက်ရှိတွင် ၈၅ စီးဖြင့် ပြေးဆွဲလျက်ရှိပြီး အစီး ၁၀၀ ခန့် ထပ်မံဖြည့်တင်းရန် စီစဉ်လျက်ရှိသည်ဟု သိရသည်။

ယခု အစီး ၂၀ မှာ ဂိတ်ရင်းဖြစ်သော ထောက်ကြန့် ကားဝင်းအတွင်း ရောက်ရှိနေပြီး ကတ်စနစ်ဖြင့် ငွေပေးချေနိုင်ရန် စက်များတပ်ဆင်နေခြင်း၊ ယာဉ်လိုင်းနံပါတ်နှင့် တံဆိပ်များတပ်ဆင်ခြင်းနှင့်လိုအပ်ချက်များကို ပြင်ဆင်နေကာ ၁၀ ရက်အတွင်း ခရီးသည်တင်ယာဉ်လိုင်းများတွင် ဝင်ရောက်ပြေးဆွဲနိုင်ရန် ဆောင်ရွက်နေသည်ဟု သိရသည်။

YUPT (Yangon Urban Public Transportation) ရန်ကုန်မြို့ပြ အများပြည်သူ သယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်သည် ယခင် မ.ထ.သ (မြို့တွင်း)ယာဉ်လိုင်းမှ ဖွဲ့စည်းထူထောင်လိုက်သည့် အများပိုင်ကုမ္ပဏီဖြစ်ပြီး အဆိုပါယာဉ်လိုင်းတွင်ပြေးဆွဲမည့် ယာဉ်အစီးရေ ၁၀၀ ဆိပ်ကမ်းတွင် ရောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအနေဖြင့် ရန်ကုန်မြို့ပြ ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းများလုပ်ဆောင်ရန် အများပိုင်ကုမ္ပဏီဖွဲ့စည်းမည့် ကုမ္ပဏီရှစ်ခုကို ခွင့်ပြုပေးထားရာ လက်ရှိတွင် YBPC (Yangon Bus Public Company) ရန်ကုန်ဘတ်စ်ကား အများပိုင်ကုမ္ပဏီသည် အစိုးရ၊ ပုဂ္ဂလိကပူးပေါင်းပါဝင်မှု PPP စနစ်ဖြင့် ထူထောင်ဆောင်ရွက်နေပြီဖြစ်ပြီး ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်အနေဖြင့်လည်း အဆင်သင့် ဖြစ်နေပြီဖြစ်ကြောင်း သိရသည်။ ကျန်ကုမ္ပဏီများမှာ ဖွဲ့စည်းထူထောင်ရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိပြီး အများပိုင်ကုမ္ပဏီအဆင့် ဆောင်ရွက်နိုင်ပါက လက်ရှိပြောင်းလဲလိုက်သည့် ဘတ်စ်ကားစနစ်သစ်နှင့် ကိုက်ညီစွာ ကြီးကြပ်ကွပ်ကဲနိုင်မည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ထံမှ သိရသည်။ (ဝဝ၁)

# အာဆီယံခရီးသွားလုပ်ငန်းဖိုရမ်- ၂၀၁၇ ၏ အာဆီယံခရီးသွားလုပ်ငန်း အစည်းအဝေးများကျင်းပ




**နေပြည်တော် ဇန်နဝါရီ ၂၀**

အာဆီယံခရီးသွားလုပ်ငန်းဖိုရမ်- ၂၀၁၇ ကို စင်ကာပူနိုင်ငံ Marina Bay Sands Expo & Convention Centre ၌ ဇန်နဝါရီ ၁၈ ရက်မှ ၂၀ ရက်အထိ ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင် ဦးဆောင်သောအဖွဲ့သည် အာဆီယံခရီးသွားလုပ်ငန်း ဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်း အဝေးများသို့ တက်ရောက်သည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဇန်နဝါရီ ၁၈ရက် ညနေပိုင်းက အာဆီယံ ခရီးသွားလုပ်ငန်းဖိုရမ်-၂၀၁၇ ဖွင့်ပွဲ အခမ်းအနားနှင့် အာဆီယံ၏ နှစ်(၅၀) ပြည့်အထိမ်းအမှတ်အဖြစ် ၂၀၁၇ ခုနှစ်ကို အာဆီယံရွှေရတု ခရီးသွားနှစ်အဖြစ် ကြေညာခြင်း အခမ်းအနားတို့ကို တက်ရောက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် အဆိုပါ အခမ်းအနားများ ကျင်းပစဉ်ကာလ အတွင်း ခရီးသွားပြခန်းများပြသထားသည့် Marina Exhibition Centre ၌ နိုင်ငံတကာမှ သတင်းမီဒီယာများနှင့် တွေ့ဆုံရာတွင် TTG နှင့် Travel Weekly Asia တို့က မေးမြန်းသည့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းဆိုင်ရာများနှင့် စပ်လျဉ်း၍ ချင်းပြည်နယ်၌ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်းဆိုင်ရာကိစ္စရပ်များ၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အရည်အသွေးမြှင့်တင်ရေးဆိုင်ရာ ဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ အပျော်စီးပင်လယ်ကူးသင်္ဘောများ လာရောက်လည်ပတ်ခြင်းဆိုင်ရာ ကိစ္စရပ်များနှင့် တနင်္သာရီဒေသ မြိတ်ကျွန်းစုခရီးသွားလုပ်ငန်းကဏ္ဍဆိုင်ရာ လုပ်ငန်းစဉ်များအကြောင်းကို ရှင်းလင်းဖြေကြားခဲ့သည်။

မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီ ၁၉ ရက်တွင် စင်ကာပူနိုင်ငံ Pan Pacific Hotel ၏ Pacific Ballroom ၌ ကျင်းပသည့် အကြိမ် (၂၀)မြောက် အာဆီယံခရီးသွားလုပ်ငန်း ဝန်ကြီးများအဆင့် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ခဲ့ကြပြီး ယနေ့ကျင်းပသည့် (၁၆) ကြိမ်မြောက် အာဆီယံ၊ တရုတ်၊ ဂျပန်၊ ကိုရီးယားခရီးသွားဝန်ကြီးများ အစည်းအဝေး၊ (၆)ကြိမ်မြောက် အာဆီယံ+ အိန္ဒိယခရီးသွားဝန်ကြီးများ အစည်းအဝေး၊ အာဆီယံခရီးသွားလုပ်ငန်းဆိုင်ရာဆုများချီးမြှင့်ခြင်း အခမ်းအနား၊ အာဆီယံခရီးသွားလုပ်ငန်းဖိုရမ်- ၂၀၁၇ ပိတ်ပွဲအခမ်းအနားများသို့ တက်ရောက်သည်။

အာဆီယံခရီးသွားလုပ်ငန်းဖိုရမ်ကို အာဆီယံအဖွဲ့ဝင်နိုင်ငံများ၌ နိုင်ငံအမည် အက္ခရာစဉ်အလိုက် တစ်နှစ်တစ်ကြိမ် အလှည့်ကျကျင်းပရာ လာမည့် အာဆီယံခရီးသွားလုပ်ငန်းဖိုရမ်-၂၀၁၈ ကို ထိုင်းနိုင်ငံ၌ ၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပထမအကြိမ် လူမျိုးအလိုက် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲ(ကရင်) အောင်မြင်စွာကျင်းပပြီးစီး

**ဘားအံ ဇန်နဝါရီ ၂၀**

လူမျိုးအလိုက်ကျင်းပသော အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ(ကရင်)ကို ယနေ့ နံနက် ၉ နာရီက သီရိဘားအံဟိုတယ်၌ ဆက်လက်ကျင်းပသည်။

အခမ်းအနားတွင် သဘာပတိ နော်စူဇဲနာလှလှစိုးက အဖွင့်အမှာစကား ပြောကြားကာ တောင်ကလေးဆရာတော် ဒေါက်တာအရှင်ပညာသာမိက သြဝါဒစကားချီးမြှင့်သည်။

ဆက်လက်၍ ဆွေးနွေးပွဲဒုတိယနေ့က ဆွေးနွေးခဲ့သည့် နိုင်ငံရေးကဏ္ဍအစုအဖွဲ့၊ စီးပွားရေးကဏ္ဍအစုအဖွဲ့၊ လူမှုရေးကဏ္ဍအစုအဖွဲ့၊ မြေယာနှင့် သဘာဝသယံဇာတ ကဏ္ဍအစုအဖွဲ့တို့က ဆွေးနွေးရရှိထားသော အမြင်သဘောထား စုစည်းချက်များအပေါ် အခြေခံ၍ ကဏ္ဍအလိုက်စာတမ်းများကို ပြန်လည်ဖတ်ကြားတင်သွင်းပြီး ကရင်လူမှုအဖွဲ့အစည်းများ၊ ကရင်အမျိုးသမီးများ၊ ကရင်လူငယ်များ၊ ကျင်းပရေးကော်မတီ၊ ဒေသအလိုက်နှင့် ကရင်နိုင်ငံရေးပါတီများမှ အဆိုပြုတင်ပြချက်များအပေါ် မှတ်တမ်းတင်ဆောင်ရွက်သည်။

ထို့နောက် မွန်းလွဲပိုင်းတွင် ဆွေးနွေးပွဲမှရရှိထားသော ကဏ္ဍအလိုက်စာတမ်းများ တင်ပြချက်အပေါ် သဘာပတိ ဆရာတော် အရှင်စန္ဒာဝရက တက်ရောက်လာသူများ၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်ပြီး(၂၁)ရာစု ပင်လုံညီလာခံသို့ တင်သွင်းနိုင်ရေးကဏ္ဍအလိုက် စာတမ်းများကို KNU/KNLA-PC မှ စောကျော်ညွန့်က လွှဲပြောင်းပေးအပ်ကာ KNU အထွေထွေအတွင်းရေးမှူး ပဒိုစောကွယ်ထူးဝင်းနှင့် KNU/KNLA-PC မှ နော်ကပေါ်ထူးတို့က လက်ခံရယူသည်။

ယင်းနောက် ပိတ်ပွဲအခမ်းအနားကို ကျင်းပရာ UPDJC ဒုတိယဥက္ကဋ္ဌ ဦးသုဝေ၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်နှင့် ကျင်းပရေးကော်မတီကိုယ်စား စောကျော်ညွန့်တို့က ကျေးဇူးတင်စကား ပြောကြားကြပြီး သဘာပတိ အရှင်စန္ဒာဝရက နိဂုံးချုပ်အမှာစကားပြောကြားသည်။

ပထမအကြိမ် လူမျိုးအလိုက်အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲ (ကရင်)ကို ကရင်ပြည်နယ် ဘားအံမြို့၌ ဇန်နဝါရီ ၁၈ ရက်မှ ၂၀ ရက်အထိ သုံးရက်ကြာ ကျင်းပခဲ့ခြင်းဖြစ်ပြီး ယခုဆွေးနွေးပွဲတွင် နိုင်ငံရေးကဏ္ဍဆိုင်ရာမှ ဖက်ဒရယ် ပြည်ထောင်စုဖွဲ့စည်းပုံ အခြေခံမူနှင့် ပြည်နယ်ဖွဲ့စည်းပုံ လမ်းညွှန်ချက်အခြေခံမူများ၊ စီးပွားရေးကဏ္ဍဆိုင်ရာမှ ဖက်ဒရယ် စနစ်စီးပွားရေးအခြေခံမူများ၊ လူမှုရေးကဏ္ဍဆိုင်ရာမှ ပြန်လည်နေရာချထားရေး၊ ပြန်လည်ထူထောင်ရေးနှင့် လူမှုဖွံ့ဖြိုးရေးအခြေခံမူများ၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင် ကဏ္ဍဆိုင်ရာ မြေယာနှင့် သဘာဝသယံဇာတအခြေခံမူများကို ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁)ရာစုပင်လုံတွင် တင်ပြသွားမည်ဖြစ်သည်။

အဆိုပါဆွေးနွေးပွဲသို့ KNU ကရင်အမျိုးသားအစည်းအရုံး၊ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် DKBA ၊ KNU/KNLA-PC၊ ကရင်နိုင်ငံရေးပါတီများ၊ ဘာသာရေးခေါင်းဆောင်များ၊ ကယား၊ ကရင်၊ မွန်ပြည်နယ်၊ တနင်္သာရီ၊ ပဲခူး၊ ရန်ကုန်၊ ဧရာဝတီတိုင်းဒေသကြီးတို့မှ ဒေသကိုယ်စားလှယ်များ၊ ကရင်လူမှုအဖွဲ့အစည်းများ၊ ကရင်အမျိုးသမီး၊ ကရင်လူငယ်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များ၊ UPDJCမှ တာဝန်ရှိသူများ၊ ကရင်ပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ နိုင်ငံတကာသံတမန်များ စုစုပေါင်းအင်အား ၆၀၀ ကျော် ပါဝင်ဆွေးနွေးခဲ့ကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(မြန်/ဆက်)**



# ယူနက်စကိုက ဆောင်ရွက်သော အသိပညာပေးရုပ်/သံအစီအစဉ်များရိုက်ကူးမှု အပြီးသတ်လုပ်ဆောင်

**နေပြည်တော် ဇန်နဝါရီ ၂၀**

ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့အစည်း (ယူနက်စကို)သည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ဩစတြေးလျရုပ်/သံလွှင့်ကော်ပိုရေးရှင်း (အေဘီစီ)တို့နှင့် ပူးပေါင်းဆောင်ရွက်ကာ အသိပညာပေးရုပ်/သံ အစီအစဉ်များ ရိုက်ကူးလျက်ရှိကြောင်း၊ ယင်းရုပ်/သံအစီအစဉ်များအတွက် အပြီးသတ်အခန်းများကို ညောင်ဦးခရိုင်အတွင်းရှိ ပုဂံရှေးဟောင်းဘုရားများအကြား၌ရှိသော စံပြစိုက်ခင်းတစ်ခုတွင် ရိုက်ကူးခဲ့ကြောင်း သိရသည်။

အဆိုပါ ရုပ်/သံအစီအစဉ်များသည် မြန်မာနိုင်ငံရှိ ကျေးလက်နေပြည်သူလူထုနှင့် လယ်သမားများအတွက် ယခုလက်ရှိတွင် အလွယ်တကူမရသေးသော၊ အဓိကကျသည့် သတင်းအချက်အလက်များပေးရန် ရည်ရွယ်သော စီမံချက်ဖြစ်ကြောင်း၊ ရာသီဥတုအခြေအနေ၊ အာဟာရဖြစ်သော အစားအသောက်များ၊ လယ်ယာစိုက်ပျိုးရေးဆိုင်ရာ နည်းလမ်းများ သို့မဟုတ် ဈေးကွက်ပေါက်ဈေးတို့နှင့် သက်ဆိုင်သည့် သတင်းအချက်အလက်နှင့် ဗဟုသုတများကို လက်လှမ်းမီခြင်းသည် ကျေးလက်ကဏ္ဍတွင် အသက်မွေးဝမ်းကျောင်းလျက်ရှိသည့် ထောင်ပေါင်းများစွာသော ပြည်သူများ၏ ဆင်းရဲမွဲတေမှုလျော့ချရေးနှင့်အသက်မွေးမှုဘဝများ တိုးတက်ရေးအတွက် များစွာ အထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

ရုပ်/သံရိုက်ကူးမှုအချို့ကိုကြည့်ရှုပြီးနောက် ညောင်ဦးခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဒွေးနိုင်က ရုပ်/သံအစီအစဉ်များသည် မြန်မာနိုင်ငံရှိ ကျေးလက်အသိုင်းအဝိုင်းအတွက် အလွန်လိုအပ်နေသည့် သတင်းအချက်အလက်များကိုပေးပြီး ၎င်းတို့ကဲ့သို့ စိုက်ပျိုးရေးပညာပေးဝန်ထမ်းများအတွက်လည်း အလွန်အသုံးဝင်ကြောင်း ပြောကြားခဲ့သည်။

"အခုလောလောဆယ်မှာတော့ ကျွန်တော်တို့က လယ်သမားတွေကို ပိုစတာတွေ၊ လက်ကမ်းစာစောင်တွေပဲ ပြနိုင်တယ်။ တီဗွီနဲ့ရေဒီယိုအစီအစဉ်တွေနဲ့ဆိုရင်တော့ ကျွန်တော်တို့အနေနဲ့ လူများများဆီကို ရောက်နိုင်တာပေါ့။ တီဗွီနဲ့ရေဒီယိုတွေက ဖျော်ဖြေမှုပေးတာမို့လို့ သင်တန်းပေးတဲ့နေရာမှာ ရပ်ရွာလူထုကို ပိုပြီးစိတ်ဝင်စားစေနိုင်တယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ယူနက်စကိုမှ စီမံချက်အရာရှိ မစ်ခေးလ်အာဂီရေးက "ဒီစီမံချက်က မြန်မာကျေးလက်ရဲ့နေ့စဉ်ဘဝမှာ ကြုံတွေ့နေရတဲ့ စိန်ခေါ်တဲ့ အခြေအနေတွေကိုလည်း ပြသနိုင်လိမ့်မယ်။ တီဗွီနဲ့ရေဒီယိုအစီအစဉ်တွေက ကျေးလက်နေပြည်သူတွေရဲ့ စိုးရိမ်မှုတွေကို ထုတ်ဖော်ပြောဖို့နဲ့ သူတို့လို အလားတူအခက်အခဲတွေနဲ့ ရင်ဆိုင်ကောင်းရင်ဆိုင်နေရမယ့် အခြားဒေသတွေက လယ်သမားတွေနဲ့ အတွေ့အကြုံတွေ မျှဝေဖို့ အခွင့်အရေးကိုပေးသလို ပိုကောင်းတဲ့ဘဝဖြစ်စေနိုင်မယ့် လိုအပ်တဲ့ ပြုပြင်ပြောင်းလဲမှုတွေလုပ်ဖို့ စိတ်ထက်သန်စေပါတယ်။ လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ ရေလုပ်ငန်းတွေအပေါ် မှီတည်အသက်မွေးနေတဲ့ လူတွေရဲ့လိုအပ်ချက်တွေနဲ့ ပြည့်မီတဲ့ဥပဒေတွေ၊ မူဝါဒတွေ ထွက်ပေါ်လာဖို့အတွက် သက်ဆိုင်ရာ အာဏာပိုင်တွေအပေါ် လွှမ်းမိုးနိုင်တဲ့ အားကောင်းတဲ့အရာတွေထဲမှာ တီဗွီနဲ့ရေဒီယိုအစီအစဉ်တွေလည်း ပါတယ်လို့ ကျွန်တော်တို့ ယုံကြည်ပါတယ်။ နေပြည်တော်မှာရှိတဲ့ ဥပဒေပြုသူတွေ၊ မူဝါဒချမှတ်သူတွေအနေနဲ့ သူတို့ရဲ့ တီဗွီနဲ့ရေဒီယိုတွေကို ဖွင့်ကြည့်လိုက်တဲ့အခါ လယ်သမားတွေက သူတို့ဘာတွေလိုအပ်နေတယ်၊ သူတို့ဘဝတွေတိုးတက်ဖို့ ဘာတွေလုပ်ပေးသင့်တယ်ဆိုတာ ဥပဒေပြုသူတွေ၊ မူဝါဒချမှတ်သူတွေကို တိုက်ရိုက်ပြောနေတာ တွေ့ရမှာပါ"ဟု ပြောကြားသည်။

**(သတင်းစဉ်)**

# (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ ခေါင်းဆောင်များက သဝဏ်လွှာများပေးပို့

နေပြည်တော် ဇန်နဝါရီ ၂၀

**၂၀၁၇ ခုနှစ် ဇန်နဝါရီ ၄ ရက်၌ ကျရောက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံတော်အကြီးအကဲများက ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ အသီးသီးပေးပို့ကြသည်။**

**အိုင်ယာလန်သမ္မတနိုင်ငံ**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၆၉)နှစ်မြောက်လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံသို့ အိုင်ယာလန်သမ္မတနိုင်ငံ သမ္မတ မစ္စတာ မိုက်ကယ်ဒီဟစ်ဂင်စ်က ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့ခဲ့သည်။

အဆိုပါသဝဏ်လွှာတွင် အိုင်ယာလန်ပြည်သူများနှင့် ကျွန်ုပ်က (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ရသည့်အတွက် ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါကြောင်း၊ အဆွေတော်နှင့် မြန်မာပြည်သူပြည်သားများ ပျော်ရွှင်ဝမ်းမြောက်ပြီး စည်ပင်သာယာဝပြောစေရန် ဆုတောင်းလိုက်ပါကြောင်း ဖော်ပြပါရှိသည်။

**အဇာဘိုင်ဂျန်သမ္မတနိုင်ငံ**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၆၉)နှစ်မြောက်လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံသို့ အဇာဘိုင်ဂျန်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အီလ်ဟမ်အာလီယေ့ဗ်က ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

အဆိုပါ သဝဏ်လွှာတွင် အဇာဘိုင်ဂျန်ပြည်သူများကိုယ်စား ကျွန်ုပ်အနေဖြင့် အဆွေတော်နှင့် မြန်မာပြည်သူများထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခွင့်ရသည့်အတွက် အတိုင်းမသိ ဝမ်းမြောက်ရပါကြောင်း၊ အဆွေတော် ကျန်းမာချမ်းသာစွာဖြင့် နိုင်ငံ့တာဝန်များကို အောင်မြင်စွာ ထမ်းဆောင်နိုင်စေရန်နှင့် ငြိမ်းချမ်းပြီး စည်ပင်ဝပြောစေရန် ဆန္ဒမွန်ကောင်းတောင်းလိုက်ပါကြောင်း ဖော်ပြပါရှိသည်။

*(ဆက်လက်ဖော်ပြပါမည်)*

## မန္တလေးမဟာမုနိဘုရားကြီး ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပမည်

**မန္တလေး ဇန်နဝါရီ ၂၀**

မန္တလေးမြို့မဟာမုနိဘုရားကြီး၏ သံဃာတော်အပါး ၁၀၀၀ တို့အား (၅၈) ကြိမ်မြောက် စာရေးတံမဲနှင့် ဆွမ်းတော်ကြီးလောင်းလှူပွဲ(ဗုဒ္ဓပူဇနိယပွဲ)ကို ဖေဖော်ဝါရီ ၂၃ ရက် နံနက် ၆ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ဗုဒ္ဓပူဇနိယပွဲတော် မကျင်းပမီ ဇန်နဝါရီ ၂၈ ရက်မှ ဖေဖော်ဝါရီ ၅ ရက်အထိ သံဃာတော်အပါး ၁၃၀ ကျော်ဖြင့် (၃၉)ကြိမ်မြောက် အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို ဖေဖော်ဝါရီ ၂ ရက် မွန်းလွဲ ၁ နာရီတွင် သံဃာတော်အပါး ၁၀၀၀ တို့အား (၂၈)ကြိမ်မြောက် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ၊ ဖေဖော်ဝါရီ ၅ ရက်မှ ၉ ရက်အထိ ပထမအကြိမ် ဓမ္မသဘင်တရားပူဇော်ပွဲများကို ကျင်းပမည်ဖြစ်သည်။

ဗုဒ္ဓပူဇနိယပွဲတော်တွင် ကုသိုလ်ရှင်၊ အလှူရှင်များအနေဖြင့် ကိုယ်တိုင်လှူဒါန်းနိုင်ကြောင်းနှင့် နှစ်စဉ်လောင်းလှူမြဲဖြစ်သော ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ အလှူရှင်များအနေဖြင့် ယခင်နှစ် လောင်းလှူခဲ့သော အခန်းနံပါတ်ကိုဖော်ပြပြီး ဖေဖော်ဝါရီ ၁၆ ရက် နောက်ဆုံးထား၍ အကြောင်းကြားရန် မဟာမုနိဂေါပကအဖွဲ့က နှိုးဆော်ထားသည်။ **အေးမြ(မန္တလေး)**

## ဗိုလ်ချုပ်အောင်ဆန်းဈေး၌ အပြာရောင် ကမ္ပည်းပြားတပ်ဆင်

**သတင်း-မြင့်မောင်စိုး၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

**ရန်ကုန် ဇန်နဝါရီ ၂၀**

ရန်ကုန်မြို့ပြ အမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ (YHT) ၏ ၁၆ ခုမြောက် ရန်ကုန်မြို့ပြအမွေအနှစ် အထိမ်းအမှတ် အပြာရောင်ကမ္ပည်းပြားကို ဗိုလ်ချုပ် အောင်ဆန်းလမ်း (ယခင်ကော်မရှင်နာလမ်း)ပေါ်ရှိ ဗိုလ်ချုပ်အောင်ဆန်းဈေးကြီး၌ ယနေ့တပ်ဆင်ခဲ့သည်။

အဆိုပါ အပြာရောင်ကမ္ပည်းပြားတပ်ဆင်ပွဲ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ၊ ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ တာဝန်ရှိသူများတက်ရောက်ပြီး ဖဲကြိုးဖြတ်ဖွင့်လှစ်ကာ ကမ္ပည်းပြားကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းဈေးကြီးကို ၁၉၂၆ ခုနှစ်တွင် နာမည်ကျော်ကန်ထရိုက်တာဖြစ်သူ AC Martin ကုမ္ပဏီကတာဝန်ယူတည်ဆောက်ခဲ့ပြီး ထိုခေတ်က မြူနီစီပယ်မင်းကြီး Gavin Scott ၏အမည်ကိုအစွဲပြုကာ စကော့ဈေးအမည်ဖြင့်ဖွင့်လှစ်ခဲ့ကြောင်း၊ ဂျပန်ခေတ်တွင် ဈေးကြီးကို ရဲဘော်သုံးကျိပ်ဝင် ဗိုလ်ရန်နိုင်ကိုဂုဏ်ပြု၍ ရန်နိုင်ဈေးဟု အမည်ပေးခဲ့ကြောင်း၊ လွတ်လပ်ရေးရပြီးခေတ်တွင် အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကို အမှတ်တရဂုဏ်ပြုသောအားဖြင့် ဗိုလ်ချုပ်အောင်ဆန်းဈေးဟု အမည်ပြောင်းခဲ့ကြောင်း သမိုင်းမှတ်တမ်းများအရ သိရသည်။

"ရန်ကုန်မြို့ပြ အမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့အနေနဲ့ ၂၀၁၄ ခုနှစ် ဩဂုတ်လကစပြီး ပထမဆုံး အပြာရောင်ကမ္ပည်းပြားကို ရန်ကုန်မြို့တော်ခန်းမမှာ တပ်ဆင်ခဲ့ပါတယ်။ ဒီနေ့အထိ ရန်ကုန်မြို့မှာ နေရာပေါင်း ၁၄ နေရာ အပြာရောင် ကမ္ပည်းပြားပေါင်း ၁၅ ခုတပ်ဆင်ခဲ့ပြီး ဒီနေ့တပ်ဆင်တဲ့ ကမ္ပည်းပြားကတော့ ၁၆ ခုမြောက် ဖြစ်ပါတယ်" ဟု YHT တည်ထောင်သူနှင့် ဥက္ကဋ္ဌ ဒေါက်တာသန့်မြင့်ဦးက အဆိုပါ အခမ်းအနားတွင် ပြောကြားသည်။

အပြာရောင်ကမ္ပည်းပြားများတပ်ဆင်ခြင်းသည် ရန်ကုန်မြို့၏သမိုင်းကို အထိရောက်ဆုံးနှင့် ထင်သာမြင်သာအရှိဆုံး ဖော်ပြနိုင်မည့် နည်းလမ်းများအနက်မှာ တစ်ခုဖြစ်ကြောင်း၊ ရန်ကုန်မြို့၏သမိုင်းကြောင်းကို အသက်အရွယ်မရွေး နယ်ပယ်စုံမှ ပြည်သူများ လေ့လာနိုင်မည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

ရန်ကုန်မြို့ပြ အမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့နှင့် Royal Philips Corporation တို့သည် ၂၀၁၃ ခုနှစ် ဇွန်လတွင် ရန်ကုန်မြို့ရှိ အထင်ကရနေရာများ၌ ကမ္ပည်းများ တပ်ဆင်ရာမှာ ပူးပေါင်းဆောင်ရွက်ရန် ထုတ်ပြန်ကြေညာခဲ့ကြောင်း၊ ကမ္ပည်းပြားများတပ်ဆင်နိုင်ရန် သမိုင်းကြောင်းဆိုင်ရာ လေ့လာခြင်း၊ ကမ္ပည်းပြားများ ထုတ်လုပ်ခြင်းနှင့် တပ်ဆင်ခြင်းတို့အတွက် Royal Philips Corporation က အမေရိကန်ဒေါ်လာ ၇၅၀၀၀ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

ဗိုလ်ချုပ်အောင်ဆန်းဈေးကြီးသည် ရန်ကုန်မြို့၌ အထင်ရှားဆုံးဈေးကြီးဖြစ်ပြီး ရန်ကုန်မြို့ပြည်သူများအတွက် အရေးပါသည့် ဈေးကြီးတစ်ဈေးဖြစ်ရုံသာမက ကမ္ဘာအရပ်ရပ်မှ ကမ္ဘာလှည့် ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်ရာ နေရာတစ်ခုလည်းဖြစ်သည်။ အထူးသဖြင့် ဖက်ရှင်၊ လက်ဝတ်ရတနာ အမှတ်တရပစ္စည်းများ ရောင်းချသည့် ထိပ်တန်းဈေးကြီးအဖြစ် ဆက်လက်ရပ်တည်လျက်ရှိသည်။ ဈေးကြီးမှာ ကိုလိုနီခေတ် ဗိသုကာပုံစံ တည်ဆောက်ထားသဖြင့် ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ စိတ်ဝင်စားဖွယ်ရာ နေရာတစ်နေရာအဖြစ် တိုးတက်ပြောင်းလဲလာနေကြောင်းလည်း သိရသည်။







## သန်လျင်စေတနာရှင်များက ခရီးသွားပြည်သူများ အဆင်ပြေစေရေး ယာဉ်မျိုးစုံ အစီး ၄၀ ခန့်ဖြင့် အခမဲ့ပြေးဆွဲပေးလျက်ရှိ

**ရန်ကုန် ဇန်နဝါရီ ၂၀**

ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်အတွင်း ဇန်နဝါရီ ၁၆ ရက် နံနက်ပိုင်းမှစတင်ကာ ခရီးသည်တင်မော်တော်ယာဉ် YBS ယာဉ်လိုင်းသစ်များ ပြေးဆွဲလျက်ရှိရာ ဇန်နဝါရီ ၁၉ ရက် နံနက်ပိုင်းအထိ ခရီးသွားပြည်သူများအတွက် ပြေးဆွဲပေးနေသော YBS ခရီးသည်တင်မော်တော်ယာဉ် အစီးရေနည်းမှုကြောင့် ရုံးတက်/ရုံးဆင်း အလုပ်ပြန်ချိန်များ၌ ခရီးသွားပြည်သူများ ခရီးစဉ်အခက်အခဲ ဖြစ်ပေါ်ခဲ့သည်။

ထိုသို့ ခရီးစဉ်များ အခက်အခဲဖြစ်ပေါ်နေမှုအပေါ် သန်လျင်မြို့ စေတနာရှင်များက မော်တော်ယာဉ်မျိုးစုံ အစီး ၄၀ ခန့်နှင့် စေတနာရှင် ပရဟိတအဖွဲ့ ၁၇၀ ခန့်က ခရီးသွားပြည်သူများအား မေတ္တာဖြင့် အခမဲ့ကူညီဆောင်ရွက်ပေးနေကြောင်းနှင့် သန်လျင်မြို့တွင်းရှိ ခရီးသွားပြည်သူများ အခက်အခဲများရှိပါက သန်လျင်မြို့ မြို့မမြောက်ရပ်ကွက် စည်ပင်ရုံးအနီးရှိ သန်လျင်မြို့နယ် လွှတ်တော်ကိုယ်စားလှယ်ရုံး၌ လာရောက်မေးမြန်းခြင်း၊ အကြံပြုဆွေးနွေးခြင်း၊ တိုင်ကြားခြင်းများကို လက်ခံဆောင်ရွက်ပေးလျက်ရှိကြောင်း အမှတ် (၁)တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးနေလင်းအောင်က ပြောသည်။

**သက်ခိုင် (သန်လျင်)**

## အောင်မြင်သော YBS ယာဉ်များနှင့် ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိ

**ရန်ကုန် ဇန်နဝါရီ ၂၀**

ရန်ကုန်တိုင်းဒေသကြီး၌ ယာဉ်အန္တရာယ်ကင်းဝေးရေးနှင့် ယာဉ်ကြောပိတ်ဆို့မှုများ လျော့ပါးစေရန်အတွက် အသစ်ပြောင်းလဲပြေးဆွဲသော YBS ယာဉ်လိုင်းများသည် ဇန်နဝါရီ ၁၉ ရက်က လေးရက်မြောက်နေ့အဖြစ် အောင်မြင်မှုများစွာ ရရှိသည်ကို တွေ့ရှိရသည်။ ယာဉ်လိုင်းသစ် စတင်သည့်နေ့မှစ၍ ပူးပေါင်းပါဝင်ကြသော လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသားများ၊ ပရဟိတအကျိုးဆောင်များက ယာဉ်ရပ်နားရာ ကားမှတ်တိုင်များတွင် နံနက်ပိုင်းမှစ၍ ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စေရန်အတွက် ပူးပေါင်းပါဝင်၍ ယာဉ်လိုင်းများကိုပြသပေးခြင်း၊ မေးမြန်းချက်များကို ဖြေကြားပေးခြင်းဖြင့် ဆောင်ရွက်ခဲ့ကြသည်။ ကိုယ်ပိုင်ယာဉ်များ၊ ဘာသာရေးအသင်းအဖွဲ့ယာဉ်များကလည်း ခရီးသွားပြည်သူများ အဆင်ပြေစေရန်အတွက် ဆူးလေ၊ သခင်မြပန်းခြံ၊ တာမွေ၊ စံပြဈေးတိုသို့ အခမဲ့လိုက်ပါပို့ဆောင်ပေးသဖြင့် ခရီးသွားပြည်သူများက ဝမ်းသာပီတိဖြစ်နေကြကြောင်းနှင့် လမ်းများ၌ YBS ယာဉ်လိုင်းများ ပူးပေါင်းပါဝင်ကြသောပြည်သူများနှင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**လှလှ**



# စာပေဖတ်ရှုခြင်းအလေ့အကျင့်ကောင်းများရရှိစေဖို့ ကလေးစာပေပွဲတော်ကို ဆင်နွှဲစို့

**မင်းထက်အောင်(မန်းကိုယ်ပွား)၊ အေးမြ(မန္တလေး)**

ကျောင်းစာတစ်ခုတည်းတွင် နစ်မြုပ်မနေဘဲ ပြင်ပစာပေဗဟုသုတများ ဖတ်ရှုလေ့လာကာ စိတ်ကူးအကြံဉာဏ်နှင့် အတွေးအခေါ်ကောင်းများ ရရှိစေရန်နှင့် ငယ်စဉ်ကတည်းက စာပေဖတ်ရှုခြင်း အလေ့အကျင့်ကောင်းများ မွေးမြူပေးရန် ရည်ရွယ်၍ ကလေးစာပေပွဲတော်ကို မန္တလေးမြို့ သတင်းအချက်အလက်နည်းပညာတက္ကသိုလ် MIIT ၌ ဇန်နဝါရီ ၂၇ ရက်မှ ၂၉ ရက်အထိ သုံးရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်



ဆရာညီစေမင်း

သည်။

အဆိုပါပွဲတော်ကို ပြန်ကြားရေးဝန်ကြီးဌာနနှင့် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့တို့ ပူးပေါင်းစီစဉ်ကျင်းပခြင်းဖြစ်ပြီး ကလေးငယ်များ စိတ်ဝင်တစားဖတ်ရှုလိုစိတ်ကို ဖြစ်ပေါ်စေမည့် စာအုပ်၊ စာစောင်များ၊ ပြသရောင်းချပေးသွားမည့်အပြင် ကလေးများအတွက် စိတ်လှုပ်ရှားပျော်ရွှင်စေရေးအတွက်လည်း ဖျော်ဖြေပွဲများ၊ ဂိမ်းကစားနည်းများနှင့် ပြိုင်ပွဲအသီးသီးတို့ကိုလည်း ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။

အဆိုပါပွဲတော် ဖြစ်မြောက်ရေးအတွက် တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်နေကြသူများအား ပွဲတော်တွင် ပါဝင်မည့်အစီအစဉ်များနှင့် ပတ်သက်၍ တွေ့ဆုံမေးမြန်းခဲ့ပါသည်-

**ဆရာညီစေမင်း(စာရေးဆရာ)**

နိုင်ငံတစ်နိုင်ငံကို ထူထောင်မယ်ဆိုရင် ကလေးတွေဟာ အခြေခံကျတဲ့ အင်အားစုဖြစ်ပါတယ်။ အခြေခံကစ ပြောင်းလဲမယ်ဆိုရင် ကလေးတွေကို ပညာရေးနဲ့အတွေးအခေါ် မြှင့်တင်ပေးဖို့လိုပါတယ်။ အဆင့်အတန်းမီတဲ့ ကလေးစာပေတွေ များများထွန်းကားဖို့လိုပါတယ်။ အခုခေတ်ကလေးတွေမှာ စာဖတ်ချိန်နည်းပြီး စာဖတ်တဲ့ဓလေ့ကွယ်ပျောက်လုနီးပါးဖြစ်နေတယ်။ အီလက်ထရွန်နစ်မီဒီယာတွေနဲ့ပဲ အချိန်တွေကုန်နေကြတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံမှာ လူဦးရေ ၂၅ သန်းလောက်ရှိတဲ့ ၁၉၅၀ ပြည့်နှစ်လောက်ကစာအုပ်ထုတ်ဝေရာမှာ အုပ်ရေ ၁၀၀၀ လောက် ထုတ်ဝေခဲ့ရတယ်။ အခု သန်း ၅၀ ကျော်လာတော့လည်း အုပ်ရေ ၁၀၀၀ လောက်ပဲ။ ဒီကြားထဲမှာ ကလေးစာပေဆိုတာမရှိသလောက်ပဲ။ အရင်က ကလေးဂျာနယ်တွေ၊ မဂ္ဂဇင်းတွေမှာ ကလေးကဏ္ဍထည့်ပြီး ကလေးစာပေ တိုးတက်ဖို့ ဆောင်ရွက်ခဲ့ကြတယ်။ ကလေးစာပေ ပညာရှင်တွေလည်း ပေါ်ထွန်းခဲ့တယ်။ အခုနောက်ပိုင်းမှာ ကလေးစာပေဆိုတာ တေဇနဲ့ ရွှေသွေးလောက်ပဲရှိတော့ပြီး တေဇကထုတ်လိုက်၊ ရပ်လိုက်နဲ့ ကလေးတွေမှာ ရွှေသွေးလောက်နဲ့ပဲကျေနပ်နေရတယ်။ ကလေးတွေရဲ့ စာဖတ်အရည်အသွေးတိုးတက်လာဖို့ စာဖတ်ချင်စိတ်များလာဖို့ ဆောင်ရွက်တဲ့ ကလေးစာပေပွဲတော်ကျင်းပတာကို ကြိုဆိုပါတယ်။



ဒေါ်ဝေဝေဖြိုး

**ဒေါ်ဝေဝေဖြိုး**
**(တိုင်းဦးစီးမှူး၊ မန္တလေးတိုင်းဒေသကြီး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန)**

ကလေးတွေရဲ့ စွမ်းရည်တွေကို မြှင့်တင်ပေးဖို့ရည်ရွယ်ပြီး ဒီကလေးစာပေပွဲတော်ကို ကျင်းပတာဖြစ်ပါတယ်။ နေပြည်တော်မှာ တစ်ရက်တည်းသာ ကျင်းပခဲ့ပေမယ့် မန္တလေးမှာသုံးရက်တိုင်တိုင် ကျင်းပမှာဖြစ်တဲ့အတွက် မန္တလေးရဲ့ထူးခြားတဲ့အစီအစဉ်ကောင်းတွေကိုလည်း ဒေသခံပြည်သူတွေနဲ့ တိုင်ပင်ဆွေးနွေးပြီး ထည့်သွင်းထားပါတယ်။ ပွဲတော်ရဲ့အဓိကအချက်ကတော့ ကလေးစာပေပြပွဲနဲ့ စာအုပ်ဈေးရောင်းပွဲတော်ဖြစ်တဲ့အတွက် မြေညီထပ်မှာ စာအုပ်အရောင်းဆိုင်ပေါင်း ၅၀ ကျော်ပါဝင်ရောင်းချမှာဖြစ်ပါတယ်။ ဒါ့အပြင် ပြန်ကြားရေးဝန်ကြီးဌာနက စီစဉ်တဲ့ ကလေးစာပေတွေကို စာအုပ်စင်ပေါင်း ၅၀နဲ့ ခင်းကျင်းပြသထားပြီး ဆရာကြီးမင်းသုဝဏ်ရဲ့စာအုပ်တွေကို သီးသန့်တစ်ခန်းစီစဉ်ပြီးပြသထားမှာပါ။ နောက်ထပ်ကလေးတွေ ဆော့ကစားဖို့ ဂိမ်းတွေအပြင် ကာတွန်းပုံ ၁၀၀ ကျော်ကိုလည်း ပြသထားမှာ ဖြစ်ပါတယ်။

ကိုယ်ပိုင်ကျောင်း၊ ဘကကျောင်းနဲ့ အခြေခံပညာကျောင်းအသီးသီးက ပြသမယ့်ပြခန်းတွေကိုလည်း သီးသန့်တစ်ခန်းစီ ပြသထားဖို့စီစဉ်ထားပြီး ပုံပြောပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲနဲ့ မန္တလေးရဲ့ ထူးခြားထင်ရှားတဲ့ ရိုးရာရုပ်သေးပြသခန်းတွေကို စီစဉ်ထားပါတယ်။ ဒုတိယထပ်မှာတော့ စာပေဟောပြောပွဲတွေကို နံနက်ခင်းပိုင်းမှာ သုံးရက်စလုံး နှစ်ကြိမ်စီ ကျင်းပမှာဖြစ်ပြီး ညနေပိုင်းမှာတော့ စာပေစကားဝိုင်းတွေကို လေးယောက်တစ်ဝိုင်းနှုန်းနဲ့ သုံးရက်တိုင်တိုင် ကျင်းပပေးမှာဖြစ်ပါတယ်။

ပျော်ပွဲရွှင်ပွဲအနေနဲ့ကတော့ ဂိမ်းကစားနည်းတွေ၊ ဆေးရောင်ခြယ်တာတွေ၊ အမှတ်တရ ဓာတ်ပုံရိုက်တာတွေအပြင် Happy World အကူအညီနဲ့ မျက်လှည့်ပြမယ့်အစီအစဉ်နဲ့ ကမ္ဘာကျော်အရုပ်ကြီးတွေနဲ့ ဓာတ်ပုံတွဲရိုက်လို့ရမယ့် အစီအစဉ်တွေလည်း ထည့်သွင်းထားပါတယ်။ အထူးအစီအစဉ်အနေနဲ့ပြပွဲကို လာရောက်ကြမယ့် ကလေးငယ်တွေရဲ့ ပုံတူပန်းချီကိုလည်း မန္တလေးပန်းချီဆရာတွေက အခမဲ့ရေးဆွဲပေးမယ့် အစီအစဉ်လည်း ပါဝင်ပါတယ်။ ဆုရွေးချယ်ပေးမယ့် အစီအစဉ်အနေနဲ့ကတော့ ပြိုင်ပွဲကြီးတွေအနေနဲ့ ပုံပြောပြိုင်ပွဲ၊ ကျပန်းစကား



ဦးမြင့်ဇော်

ပြောပြိုင်ပွဲ၊ ပန်းချီဆွဲပြိုင်ပွဲ၊ စက္ကူခေါက်ပြိုင်ပွဲနဲ့ ဆေးရောင်ခြယ်ပြိုင်ပွဲတွေဖြစ်ပါတယ်။ ဒီပြိုင်ပွဲတွေရဲ့ဆုတွေကို နောက်ဆုံးနေ့မှာ အခမ်းအနားနဲ့ ဆုချီးမြှင့်မှာဖြစ်ပြီး ချက်ချင်းပြိုင်ပြီး ချက်ချင်းဆုရမယ့် ပြိုင်ပွဲတွေကတော့ အရုပ်ဆက်၊ စကားပုံဆက်ပြိုင်ပွဲ၊ ဂိမ်းပြိုင်ပွဲနဲ့ အိမ်ဆောက်ပြိုင်ပွဲတွေပဲ ဖြစ်ပါတယ်။

ဒီပွဲတော်ကို အနာဂတ်မျိုးဆက်သစ် ကလေးငယ်တွေ တစ်ကြိမ်ပါဝင်ဆင်နွှဲလိုက်ရုံနဲ့ ဘဝတစ်သက်တာအတွက်



ဦးထွန်းဦး

မမေ့နိုင်တဲ့ အတွေးပေါင်းများစွာကို ရရှိစေနိုင်မှာဖြစ်တဲ့အတွက် ပါဝင်ဆင်နွှဲနိုင်အောင် ကျွန်မတို့က ဘက်ပေါင်းစုံက နေဖိတ်ခေါ်နေပါတယ်။ မိဘ၊ ဆရာ၊ ဆရာမတွေကလည်း မိမိတို့ရဲ့သားသမီး၊ တပည့်တွေနဲ့အတူ ပါဝင်ဆင်နွှဲကြဖို့ တိုက်တွန်းလိုပါတယ်။

**ဦးမြင့်ဇော် (ညွှန်ကြားရေးမှူး- ပညာ) တိုင်းဒေသကြီးပညာရေးမှူးရုံး**

ကလေးစာပေ ပွဲတော်အတွက် ကျွန်တော်တို့ပညာရေးဌာနက ကဏ္ဍတစ်ခုချင်းအလိုက် ပါဝင်ဆင်နွှဲဖို့ဆောင်ရွက်ထားပါတယ်။ ဖွင့်ပွဲနေ့မှာ အခမ်းအနားတက်ရောက်ဖို့ ကျောင်းသား ကျောင်းသူ ၅၀၀ ခန့် ဖိတ်ကြားထားပါတယ်။ အခြေခံပညာကျောင်းက ၃၀၀၊ ဘကနဲ့ ကိုယ်ပိုင်ကျောင်းက အင်အား ၁၀၀ စီ ခွဲပြီးတက်ရောက်မှာပါ။ ဖွင့်ပွဲအခမ်းအနားမှာ ကျွန်တော်တို့ အခြေခံပညာကျောင်းက ဘင်ခရာအဖွဲ့နဲ့ပန်းဖွားအက တာဝန်ယူထားပါတယ်။ ၂၈ ရက်နေ့နဲ့ ၂၉ ရက်နေ့တွေမှာလည်း ဒီပွဲကို တက်ရောက်လေ့လာဖို့ အခြေခံပညာကျောင်းအသီးသီးက ၃၀၀ နဲ့ ဘကနဲ့ ကိုယ်ပိုင်ကျောင်းတွေက ၁၀၀ စီ သွားရောက်လေ့လာကြမှာဖြစ်ပါတယ်။ ပြခန်းကဏ္ဍအနေနဲ့ကလည်း အခြေခံပညာကျောင်းပြခန်း ဘကနဲ့ကိုယ်ပိုင်ကျောင်းပြခန်းတွေဆိုပြီး သီးခြားစီခွဲပြီး ပြသပေးထားမှာပါ။ ဒါ့အပြင် ဖျော်ဖြေရေး၊ ပုံပြောပြိုင်ပွဲနဲ့ ကျပန်းစကားပြောပြိုင်ပွဲတွေကိုလည်း အခြေခံပညာဘကနဲ့ ကိုယ်ပိုင်ကျောင်းတွေက ကျောင်းအလိုက် အလုည့်ကျပါဝင်ဆင်နွှဲကြမှာ ဖြစ်ပါတယ်။



ပန်းချီဆရာကြီး ဦးဇော်ဝင်း

ဒါကြောင့် ကျောင်းအသီးသီးက ကျောင်းသား ကျောင်းသူတွေ အားလုံး သွားရောက် လေ့လာကြည့်ရှုကြဖို့ လှုံ့ဆော်မှုတွေ ပြုလုပ်ထားပါတယ်။ ဒီပွဲတော်ကြီးဟာ ကလေးတွေသာမက အသက်အရွယ်မရွေး အသိပညာဗဟုသုတတွေရရှိကြမှာဖြစ်လို့ အချိန်ပေးပြီး သွားရောက်ကြည့်ရှုသင့်ပါတယ်လို့ အကြံပြုလိုပါတယ်။

**ဦးထွန်းဦး (ထွန်းဦးစာပေ)**

ဒီပွဲတော်ဟာ ကလေးတွေအားလုံးအတွက် အကျိုးရှိစေမယ့် ပွဲတော်ဖြစ်ပါတယ်။ ကျွန်တော်တို့ဆိုင်တွေက ရောင်းချရည်ရွယ်ပြီး ပြသမယ့်စာအုပ်တွေကလည်း သူတို့အတွက် ဗဟုသုတတွေ အများကြီးရရှိသွားမှာပါ။ ဒီပွဲတော်မှာ ကျွန်တော်တို့ မန္တလေးက စာအုပ်ဆိုင်တွေအပြင် ရန်ကုန်က ထုတ်ဝေသူတွေနဲ့ အရောင်းဆိုင်တွေကပါ လာရောက်ရောင်းချကြမှာပါ။ စာအုပ်ဈေးနှုန်းတွေကိုတော့ လောလောဆယ် ဈေးလျှော့မပေးသေးပေမယ့် နောက်ဆုံးရက်ကို အခြေအနေကြည့်ပြီး ဈေးလျှော့ပေးနိုင်ဖို့ ကျွန်တော်တို့ ရောင်းချသူအချင်းချင်း တိုင်ပင်ဆွေးနွေးမှာဖြစ်ပါတယ်။ ရောင်းချပေးမယ့် စာအုပ်အမျိုးအစားကတော့ ကလေးစာပေအပြင် လူကြီးကြိုက် စာအုပ်တွေလည်း မျိုးစုံပါဝင်မှာပါ။ ကြုံတောင့်ကြုံခဲ ဒီလိုစာပေပွဲတော်ကို လာရောက်လေ့လာကြပါလို့ ပြောချင်ပါတယ်။

**ပန်းချီဆရာကြီး ဦးဇော်ဝင်း (သစ်ထွင်း)**

ကလေးတွေအတွက် အခုလိုစာပေပွဲတော်လုပ်ပေးတာ လုပ်သင့်တဲ့ အလုပ်



ကိုလှမင်းဦး

ဖြစ်တဲ့အတွက် ကောင်းပါတယ်။ ငယ်စဉ်ကတည်းက စာပေဖတ်ရှုလိုစိတ်နဲ့ စာပေတန်ဖိုးကိုသိမှုဖြစ်မှာပါ။ ဒီပွဲမှာ ကျွန်တော်တို့ပန်းချီအဖွဲ့တွေက မူလတန်း၊ အလယ်တန်းကျောင်းသား ကျောင်းသူတွေကို ပန်းချီပြိုင်ပွဲတွေ ပြုလုပ်ပေးပြီး အမှတ်ပေးဒိုင်အဖြစ် ပါဝင်ကူညီရမှာပါ။ ကလေးအရွယ်ကတည်းက အလှအပကို မြတ်နိုးတန်ဖိုးထားလိုစိတ်ရှိလာမယ့်အကျိုးတရားတွေကို ခံစားရမှာပါ။ ရှေ့လျှောက် ဒီလိုပွဲမျိုးတွေ မကြာခဏ ကျင်းပပေးစေလိုပါတယ်။

**ကိုလှမင်းဦး(နောင်-ရုပ)**

ကလေးစာပေပွဲတော်မှာ ကျွန်တော်တို့ ဇာတိမာန်ကလေးသတင်းစာ စာတည်းအဖွဲ့က ပွဲတော်အထိမ်းအမှတ်သတင်းလွှာထုတ်ဝေမှာဖြစ်ပါတယ်။ ဒီသတင်းလွှာကို ဇာတိမာန်သတင်းစာ ပညာသင်တန်းမှာ တက်ရောက်နေတဲ့ ကလေးငယ်တွေက ရေးသားကြမှာဖြစ်ပါတယ်။ ဒီသတင်းလွှာမှာပွဲတော်နဲ့ ပတ်သက်တဲ့ သတင်းတွေ၊ ဆောင်းပါးတွေ၊ ကာတွန်းတွေအပြင် ပွဲတော်ကို လာကြတဲ့ ကလေးတွေနဲ့ ပြည်သူတွေရဲ့ ခံစားမှုရသတွေကို ရေးသားကြမှာ ဖြစ်ပါတယ်။ ပွဲတော်သုံးရက်စလုံးမှာ တစ်ရက်ကို သတင်းလွှာစောင်ရေ ၂၅၀၀ ကို ဖြန့်ဝေသွားမှာ ဖြစ်ပါတယ်။ ယနေ့ခေတ်မှာ လူငယ်တွေ စာဖတ်စွမ်းရည်တွေ အားနည်းနေတယ်။ ဒါကိုအခုပွဲတော်က စာဖတ်ချင်စိတ်ဖြစ်ပေါ်လာအောင် အသိပညာဗဟုသုတတွေ အများကြီးပေးနိုင်မှာဖြစ်တဲ့အတွက် အကျိုးရှိမှာပါ။ ကျွန်တော်တို့အဖွဲ့ကလည်း ဒီလိုကြုံတောင့်ကြုံခဲပွဲတော်ကြီးမှာ တစ်ဖက်



ဦးအောင်မော်

တစ်လမ်းက ပါဝင်ဆောင်ရွက်ခွင့်ရတဲ့အတွက် ဂုဏ်ယူပါတယ်။ မိဘတွေ ဆရာ၊ ဆရာမတွေကလည်း ဒီပွဲတော်မှာ ပူးပေါင်းပါဝင်ကြဖို့ တိုက်တွန်းလိုပါတယ်။

**ဦးအောင်မော်(ကာတွန်းဆရာ)**

မန္တလေးမှာကျင်းပမယ့် ကလေးစာပေပွဲတော်ကို အထက်မြန်မာနိုင်ငံက ကာတွန်းဆရာတွေ စုပေါင်းရေးဆွဲထားတဲ့ ကာတွန်းကားပေါင်း ၆၀ ကျော် ရေးဆွဲပြသသွားမှာပါ။ ပွဲတော်ကာလအတွင်းမှာလည်း လက်တွေ့ကာတွန်းရေးဆွဲသရုပ်ပြခြင်းနဲ့ ကလေးတွေအတွက် ဆေးရောင်စုံခြယ်ပြိုင်ပွဲတွေ ထည့်သွင်းကျင်းပပေးသွားမှာ ဖြစ်ပါတယ်။



# ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှုဗဟိုကော်မတီ အစည်းအဝေးကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၀**

၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှု ဗဟိုကော်မတီ(၁/၂၀၁၇) ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေက ကြားဖြတ်ရွေးကောက်ပွဲအား ၂၀၁၇ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် ကျင်းပမည်ဖြစ်၍ ရွေးကောက်ပွဲကို တိုင်းဒေသကြီးနှင့် ပြည်နယ် ရှစ်ခုဖြစ်သော ကယား၊ ချင်း၊ စစ်ကိုင်း၊ ပဲခူး၊ မွန်၊ ရခိုင်၊ ရန်ကုန်နှင့် ရှမ်းပြည်နယ်တို့၌ ပြည်နယ်လွှတ်တော်မဲဆန္ဒနယ် ကိုးနယ်ကို အကျုံးဝင်သော မြို့နယ် ကိုးမြို့နယ်၊ အမျိုးသားလွှတ်တော်မဲဆန္ဒနယ် သုံးနယ်ကို အကျုံးဝင်သော မြို့နယ် ၁၀ မြို့နယ်၊ ပြည်နယ်လွှတ်တော် မဲဆန္ဒနယ် ခုနစ်နယ်ကို အကျုံးဝင်သော မြို့နယ် ငါးမြို့နယ်တို့တွင် မဲဆန္ဒနယ် ၁၉ ခု၊ မဲရုံပေါင်း ၂၀၀၀ တွင် နိုင်ငံရေးပါတီပေါင်း ၂၅ ပါတီမှ ကိုယ်စားလှယ်ပေါင်း ၉၅ ဦးတို့က ရွေးချယ်ခံသွားမည်ဖြစ်ကြောင်း။

နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ ပွင့်လင်းမြင်သာစွာ ပြုလုပ်သွားမည်ဖြစ်သဖြင့် ရွေးကောက်ပွဲအကြိုကာလ၊ မဲဆွယ်စည်းရုံးရေးကာလ၊ ရွေးကောက်ပွဲကာလ၊ ရွေးကောက်ပွဲလွန်ကာလ၊ လုံခြုံရေးဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ ကျင်းပစဉ်ကာလက ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံများအတိုင်း ဆောင်ရွက်သွားကြရန် လိုကြောင်း၊ လုံခြုံရေးသည် အရေးကြီးဆုံးဖြစ်၍ ရွေးကောက်ပွဲပျက်ပြားစေမည့် သတင်းလှုပ်ရှားမှုများကို လုံခြုံရေးရှုထောင့်မှ ရှုမြင်သုံးသပ်ပြီး လုံခြုံရေးစီမံချက်များ စနစ်တကျ ရေးဆွဲဆောင်ရွက်သွားကြရန်နှင့် ဇာတ်တိုက်လေ့ကျင့်မှုများ ပြုလုပ်ပြီး လိုအပ်ချက်များကို ဖြည့်စွက်ဆောင်ရွက်ထားကြရန် မှာကြားသည်။

အစည်းအဝေးသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဒုတိယရဲချုပ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်(၅)ခုတို့မှ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ တာဝန်ရှိသူ၊ အမြဲတမ်းအတွင်းဝန်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# နှစ် (၇၀)ပြည့် ပြည်ထောင်စုနေ့ကျင်းပရေး ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၂၀**

၂၀၁၇ ခုနှစ် နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီက နေပြည်တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမ အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ဓာတ်ပုံ)**

ရှေးဦးစွာ ပြည်ထောင်စုနေ့ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်က အမှာစကားပြောကြားသည်။

ယင်းနောက် စီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး မင်းနောင်က ကျင်းပရေး ဗဟိုကော်မတီ ဆပ်ကော်မတီအသီးသီးတို့နှင့် ဆက်သွယ်ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

အစည်းအဝေးတက်ရောက်လာကြသည့် ဆပ်ကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များက လုံခြုံရေး၊ ကြိုဆိုနေရာချထားရေး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး၊ သဝဏ်လွှာပြုစုရေး၊ ဘဏ္ဍာရေး၊ ဖိတ်ကြားရေးနှင့်နေရာချထားရေး၊ ညှော်ခံကျွေးမွေးရေး၊ အလံတင်အခမ်းအနားစီစဉ်ရေး၊ မြေစိုက်ပိုစတာများစိုက်ထူရေး၊ ညစာစားပွဲ ခင်းကျင်းကျွေးမွေးရေး၊ စာရင်းစစ်ဆေးရေး၊ အခမ်းအနားပြင်ဆင်ရေးနှင့် ပြန်ကြားရေးလုပ်ငန်းများ ကြိုတင်ပြင်ဆင် ဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက ပြည်ထောင်စုနေ့အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေး ဆပ်ကော်မတီများအားလုံးက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

# အင်ဒိုနီးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့ ရောက်ရှိ

**ရန်ကုန် ဇန်နဝါရီ ၂၀**

အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mrs. Retno LP Marsudi ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက်ပိုင်းက လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိသည်။ **(ယာပုံ)**



အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်ဇေယျနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Dr. Ito Sumardi နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီ ၂၁ ရက်တွင် ရခိုင်ပြည်နယ် စစ်တွေမြို့သို့သွားရောက်ပြီး အင်ဒိုနီးရှားအစိုးရက ပေးအပ်သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို လွှဲပြောင်းပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဧပြီလမှ နိုဝင်ဘာလအတွင်း မြန်မာနိုင်ငံ၏ ပို့ကုန်၊ သွင်းကုန်အခြေအနေ

**နေပြည်တော် ဇန်နဝါရီ ၂၀**

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် နိုဝင်ဘာလအတွက် မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၂၈ ဒသမ ၈၅ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၃၃ ဒသမ ၇၉ သန်းနှင့် စုစုပေါင်း ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၆၆၂ ဒသမ ၆၄ သန်းဖြစ်ပြီး ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၈၈၂ ဒသမ ၈၀ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၉၃ ဒသမ ၇၅ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၀၇၆ ဒသမ ၅၅ သန်းဖြစ်သဖြင့် ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ် နိုဝင်ဘာလအတွက် စုစုပေါင်း ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁၇၃၉ ဒသမ ၁၉ သန်းဖြစ်ပြီး စုစုပေါင်းကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၄၁၃ ဒသမ ၉၁ သန်းဖြစ်ပေါ်ခဲ့သည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဧပြီလမှ နိုဝင်ဘာလအတွင်း မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၅၂၇ ဒသမ ၀၁ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၉၅၂ ဒသမ ၅၃ သန်းနှင့် စုစုပေါင်း ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၇၄၇၉ ဒသမ ၅၄ သန်းဖြစ်ပြီး ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၇၉၆၂ ဒသမ ၇၀ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၈၅၆ ဒသမ ၁၂ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၉၈၁၈ ဒသမ ၈၂ သန်း ဖြစ်သဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဧပြီလမှ နိုဝင်ဘာလအတွင်း စုစုပေါင်း ကုန်သွယ်မှုပမာဏမှာ ၁၇၂၉၈ ဒသမ ၃၆ သန်းဖြစ်ပြီး စုစုပေါင်း ကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၂၃၃၉ ဒသမ ၂၈ သန်းဖြစ်ပေါ်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့မှ လစဉ်တင်ပြသော ပို့ကုန်၊ သွင်းကုန်အခြေအနေ အစီရင်ခံစာအရ သိရှိရသည်။

**(သတင်းစဉ်)**

# ၂၀၁၆ ခုနှစ် ရုပ်ရှင်အကယ်ဒမီဆုချီးမြှင့်ပွဲတွင် အကယ်ဒမီရွေးကြို ၁၆ ဦး ရွေးချယ်မည်

**ရန်ကုန် ဇန်နဝါရီ ၂၀**

၂၀၁၆ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားအတွက် အကယ်ဒမီရွှေကြိုလျှောက်လွှာများကို ရုပ်ရှင်အစည်းအရုံးမှ ခေါ်ယူလျက်ရှိရာ ယခင်နှစ်နှင့်မတူဘဲ ယခုနှစ်တွင် အမျိုးသမီး၊ အမျိုးသား စုစုပေါင်း ၁၆ ဦးသာ ရွေးချယ်ခေါ်ယူသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ သိရသည်။



မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေး

"ဒီနှစ်က ရွှေကြိုတွေကို အရင်နှစ်တွေကလို အများကြီးမခေါ်တော့ပါဘူး။ အရင်နှစ်တွေက နှစ်နှစ်ပေါင်းလုပ်တာဆိုတော့ ရွှေကြိုအမျိုးသမီး၊ အမျိုးသား ခေါ်ယူတာများတယ်။ ဒီနှစ်ကတော့ တစ်နှစ်တည်းဆိုတော့ လျှောက်လွှာတွေများပေမယ့် သေချာစိစစ်ပြီး ၁၆ ဦးတည်းသာ ရွေးချယ်သွားမှာပါ" ဟု မြန်မာနိုင်ငံရုပ်ရှင်အစည်းရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောသည်။

လာမည့် မတ်လတွင် ကျင်းပမည့် ၂၀၁၆ ခုနှစ်အတွက် အကယ်ဒမီပေးပွဲတွင် အကယ်ဒမီရွှေကြို လျှောက်လွှာများကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး အနေဖြင့် ဇန်နဝါရီ ၁၆ ရက်မှ စတင်ကာ ထုတ်ပေးလျက်ရှိပြီး ယခုအခါ လျှောက်ထားသူဦးရေ ၃၀၀ ကျော်ရှိနေပြီဖြစ်သည်။ ရွှေကြို လျှောက်ထားသူများအနေဖြင့် ယခင်နှစ်များက နည်းတူ လျှောက်ထားသူဦးရေ များသော်လည်း ယခုနှစ်တွင် ရွှေကြိုခေါ်ယူ ရွေးချယ်မှုကို ရုပ်ရှင်အစည်းအရုံးအနေဖြင့် တာဝန်ယူရွေးချယ်မည်မဟုတ်ဘဲ ပြင်ပပညာရှင်များက ရွေးချယ်မည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ရွှေကြိုစည်းကမ်းချက်တစ်ခု တိုးတယ်။ နိုင်ငံတကာသွားတဲ့ မောင်မယ်တွေ ဆုရတဲ့သူဆို ပြိုင်ခွင့်မရှိဘူး။ ကျန်တဲ့သူတွေ ပြိုင်ခွင့်ရှိတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒါက နောင်မျိုးဆက်သစ်တွေအတွက် အခွင့်အရေးပေးတာဖြစ်တယ်။ ရွှေကြိုလျှောက်တဲ့သူက နှစ်စဉ်များတယ်။ များတယ်ဆိုတာက ရွှေကြိုဆိုတာ အနုပညာလောကထဲဝင်ဖို့ အခြေခံတစ်ဆင့်ပါ။ ဒီကနေ ပိတ်ကားပေါ်၊ ရုပ်မြင်သံကြားပေါ်ရောက်ပြီးတော့ လူထုအာရုံစိုက်ခံရပြီဆိုရင် ထုတ်လုပ်သူတွေက ခေါ်ပြီး ရုပ်ရှင်၊ ဗီဒီယိုကားတွေရိုက် ဆိုတော့ ဝါသနာပါတဲ့ကလေးတွေက အဲဒါကို မက်ပြီး လျှောက်ကြတာပါ" ဟု မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌက ပြောသည်။

အကယ်ဒမီ ရွှေကြိုအတွက် လျှောက်ထားသူများအနေဖြင့် ၂၀၁၇ ခုနှစ် မတ်လတွင် အသက် ၁၆ နှစ်ပြည့်ပြီး အသက် ၂၅ နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။ အမျိုးသား အရပ်အမြင့် ဖိနပ်မပါ အနိမ့်ဆုံး ငါးပေခြောက်လက်မမှ ခြောက်ပေအထိ ရှိရမည်။ အမျိုးသမီး အရပ်အမြင့် ဖိနပ်မပါ အနိမ့်ဆုံး ငါးပေသုံးလက်မမှ ငါးပေရှစ်လက်မ အတွင်း ဖြစ်ရမည်။ ကျန်းမာရေးကောင်းမွန်ပြီး အကျင့်စာရိတ္တကောင်းမွန်ခြင်းနှင့် ကိုယ်ခန္ဓာအချိုးအစား ပြေပြစ်လှပခြင်း စသည့် အရည်အချင်းများ ပြည့်စုံရမည်။ ဇန်နဝါရီ ၃၁ ရက်နောက်ဆုံးထား၍ နိုင်ငံတကာပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရသည့် မောင်မယ်များ မဟုတ်ပါက မည်သူမဆို လျှောက်ထားနိုင်မည်ဖြစ်သည်။

ရွှေကြို လျှောက်ထားလိုသူများသည် ဇန်နဝါရီ ၁၆ ရက်မှစတင်ကာ လျှောက်လွှာများကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဝင်္ကပါလမ်းရှိ မြန်မာနိုင်ငံရုပ်ရှင်အစည်းရုံး၌ လာရောက်ဝယ်ယူလျှောက်ထားနိုင်ပြီး ဇန်နဝါရီ ၃၁ ရက် နောက်ဆုံးထား လျှောက်ထားရမည်ဖြစ်သည်။ ပဏာမလူတွေ့ရွေးချယ်ခံရသည့် စာရင်းကို ဖေဖော်ဝါရီ ၇ ရက်တွင် မြန်မာနိုင်ငံ ရုပ်ရှင်ချစ်သူများဆုံစည်းရာ အင်တာနက်စာမျက်နှာမှတစ်ဆင့် ဖော်ပြပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း- မင်းခေတ်၊ ဓာတ်ပုံ- မိုးမခ**

# မီးဘေးသင့်ပြည်သူများအား အရေးပေါ်ကယ်ဆယ်ရေးပစ္စည်းများ အချိန်မီထောက်ပံ့

**ဖျာပုံ ဇန်နဝါရီ ၂၀**

ဖျာပုံခရိုင် အမာမြို့နယ်ခွဲ ဒေါ်ငြိမ်းကျေးရွာအုပ်စု ခါးပြတ်ကျေးရွာ၌ ဇန်နဝါရီ ၁၈ ရက် ညနေပိုင်းက မီးဘေးသင့်ပြည်သူများအား ခရိုင်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ အရေးပေါ်ကယ်ဆယ်ရေးပစ္စည်းများကို ဇန်နဝါရီ ၁၉ ရက်က သွားရောက်ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

မီးဘေးသင့်ပြည်သူများအား ထောက်ပံ့ရာတွင် ခရိုင်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစိုးလှိုင်က မီးဘေးသင့်ပြည်သူများအား နှစ်သိမ့်အားပေးစကားပြောကြားပြီး မီးဘေးသင့် အိမ်ထောင်စု ၉၈ စုအတွက် အရေးပေါ် ကယ်ဆယ်ရေးပစ္စည်း ကိုးမျိုးပါ ပုံး ၉၈ ပုံး၊ လူဦးရေ ၃၇၀ အတွက် ဆန်ရိက္ခာ သုံးရက်စာ ၊ အဝတ်အထည်များ၊ အိမ်ခြေ ၁၃ လုံးအတွက် အိမ်ဆောက်ပစ္စည်းများကို သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

# မော်တော်ယာဉ်ပါမစ် ၅၇၉၄၂၂ စီးအား ခွင့်ပြုဆောင်ရွက်ပေးခဲ့

**နေပြည်တော် ဇန်နဝါရီ ၂၀**



မော်တော်ယာဉ် တင်သွင်းခြင်းနှင့် သက်ဆိုင်သော လုပ်ငန်းများကြီးကြပ်ရေးကော်မတီ (၁/၂၀၁၇) အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မော်တော်ယာဉ် တင်သွင်းခြင်းနှင့် သက်ဆိုင်သောလုပ်ငန်းများကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သန်းမြင့် တက်ရောက်အမှာစကား ပြောကြားသည်။ **(ယာပုံ)**

ပြည်ထောင်စုဝန်ကြီးက မော်တော်ယာဉ်များ စတင် တင်သွင်းခွင့်ပြုချိန်မှ ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၃၀ ရက် အထိ ယာဉ်အို/ယာဉ်ဟောင်းအစားအစဉ်ဖြင့် မော်တော်ယာဉ် တင်သွင်းခြင်းမှာ အရောင်းစင်တာမှဝယ်ယူခြင်း၊ ပို့ကုန်သွင်းကုန်ကုမ္ပဏီ၊ သံတော်သား၊ နိုင်ငံခြားရေးဝန်ထမ်းများ၊ လူပုဂ္ဂိုလ်တစ်ဦးချင်းစီ တင်သွင်းမှု စုစုပေါင်း မော်တော်ယာဉ် ၃၅၀၈၅၂ စီး၊ စုစုပေါင်း မော်တော်ယာဉ် ပါမစ် ၅၇၉၄၂၂ စီးအား ခွင့်ပြုဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ကြောင်း၊ မိမိဝန်ကြီးဌာန အနေဖြင့် ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလတွင် မြန်မာနိုင်ငံအတွင်းကားအရောင်းစင်တာနှင့် အရောင်းပြခန်းများ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသည့် ကုမ္ပဏီများအား သတ်မှတ်စည်းမျဉ်းစည်းကမ်းနှင့်အညီ ဆောင်ရွက်ခြင်းရှိ/မရှိ စစ်ဆေးနိုင်ရန် မြေပြင်စစ်ဆေးရေးအဖွဲ့များကို ဖွဲ့စည်းတာဝန်ပေးခဲ့ပြီး လုပ်ငန်းများဆောင်ရွက်မှုအပေါ် မူတည်၍ အဆင့်သတ်မှတ်ဆောင်ရွက်ခဲ့ပါကြောင်း၊ ကော်မတီအနေဖြင့် ဆက်စပ်ဌာနအသီးသီးနှင့် ပူးပေါင်း ပါဝင်ဆောင်ရွက်မှုကြောင့် သွင်းကုန်ပါမစ်ခွင့်ပြုခြင်း၊ ဆိပ်ကမ်းတွင် မော်တော်ယာဉ်မှတ်ပုံတင်ခြင်း အပိုင်းများတွင် အဆင်ပြေအောင် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ မော်တော်ယာဉ်တင်သွင်းမှုတွင် တစ်ဦးချင်း၊ အရောင်းပြခန်းနှင့် အရောင်းစင်တာများ၏ တင်သွင်းခြင်းများကို မိမိတို့ကော်မတီအနေဖြင့် ပူးပေါင်းဆောင်ရွက်၍ စနစ်တကျထိန်းသိမ်းကြပ်မတ်ပေးရန် လိုအပ်ကြောင်း၊ Model Year ထုတ်ပြန်ချက်အရ ဖြစ်ပေါ်လာမည့် အခြေအနေများပေါ် ကြိုတင်ဝိုင်းဝန်းစဉ်းစားဆောင်ရွက်ကြရန် လိုအပ်ကြောင်းနှင့် တက်ရောက်လာကြသည့် ဌာနဆိုင်ရာများမှလည်း ပွင့်ပွင့်လင်းလင်း ဆွေးနွေးညှိနှိုင်းပေးကြစေလိုကြောင်း ပြောကြားခဲ့သည်။ **(သတင်းစဉ်)**

# ၂၀၁၆ ခုနှစ်အတွင်း မြန်မာနိုင်ငံတွင် HIV ပိုးကူးစက်ခံရသူအသစ် ၁၁၀၄၉ ဦးရှိ

**မုံရွာ ဇန်နဝါရီ ၂၀**

မြန်မာနိုင်ငံတွင် HIV ပိုး ကူးစက်ခံရမှု အမြင့်ဆုံးဒေသများမှာ ရန်ကုန်၊ မန္တလေး၊ မြစ်ကြီးနားနှင့် ဖားကန့်စသောဒေသများနှင့် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံ ထွက်ပေါက်ဝင်ပေါက်ဒေသများဖြစ်ပြီး ၂၀၁၆ ခုနှစ်အတွင်း မြန်မာနိုင်ငံတွင် HIV ပိုး ကူးစက်ခံရသူအသစ်မှာ ၁၁၀၄၉ ဦးရှိသည်ဟု စောင့်ကြပ်ကြည့်ရှုခြင်းမှတ်တမ်းမှ သိရကြောင်း ဇန်နဝါရီ၂၀ ရက်က မုံရွာမြို့ စစ်ကိုင်းတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခန်းမ၌ ကျင်းပသော မြန်မာနိုင်ငံမိခင် နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ (MYA/15/A2) HIV/AIDS မျိုးဆက်ပွားကျန်းမာရေးမြှင့်တင်ခြင်းဆိုင်ရာလုပ်ငန်း ပြန်လည်ဆန်းစစ်ခြင်းအခမ်းအနားအဖွင့်စကားတွင် မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းအတွင်းရေးမှူး ဒေါ်တင်တင်ဝင်းက ထည့်သွင်းပြောကြားသည်။

"HIVနဲ့ ပတ်သက်ပြီးAIDS ခန့်မှန်းတွက်ချက်မှုအရ ၂၀၁၅ ခုနှစ်မှာ မြန်မာနိုင်ငံရဲ့ HIVပြန့်ပွားမှုနှုန်းဟာ ပွိုင့် ၆ မှာရှိနေပြီး ရောဂါရှိသူတွေဟာ ၂၂၅၀၀၀ ရှိပါတယ်။ အာရှပစိဖိတ်ဒေသနိုင်ငံတွင်းမှာဆိုရင် မြန်မာနိုင်ငံဟာ နံပါတ် ၆ နေရာမှာ ရှိနေတယ်ဆိုတာ သိရပါတယ်။ HIV ပိုးကူးစက်တဲ့ ဦးတည်အုပ်စုတွေဖြစ်တဲ့ မူးယစ်ဆေး အကြောထဲထိုးသွင်းတဲ့သူတွေ၊ အမျိုးသမီးလိင်လုပ်သားတွေ၊ အမျိုးသားချင်း လိင်တူဆက်ဆံသူတွေမှာ အဖြစ်များတယ်ဆိုတာ တွေ့ရပါတယ်။ HIV ကူးစက်ခံရသူတွေကို ကုသခြင်းဟာ ကာကွယ်ခြင်းနဲ့ အတူတူပါပဲ" ဟု ဒေါ်တင်တင်ဝင်းက ပြောပြသည်။

ဦးတည်အုပ်စုများဖြစ်သည့် မူးယစ်ဆေး အကြောထဲထိုးသွင်းသူ ၂၉ ရာခိုင်နှုန်း၊ အမျိုးသမီးလိင်လုပ်သား ၇ ရာခိုင်နှုန်း၊ အမျိုးသားချင်းလိင်ဆက်ဆံသူ ၂၃ ရာခိုင်နှုန်း HIV ပိုးကူးစက်မှုရှိနေရာ အမျိုးသမီး လိင်လုပ်သားများနှင့် အမျိုးသားအချင်းချင်း လိင်ဆက်ဆံသူ ရာခိုင်နှုန်းသည် HIV ပိုးအသစ်ရှိသူ စုစုပေါင်း၏ ၂၀ ရာခိုင်နှုန်းကျော်ဖြစ်နေသည်ကို တွေ့ရကြောင်း သိရသည်။ မူးယစ်ဆေးအကြောတွင်းထိုးသွင်းသူများ HIV ကူးစက်မှုလျော့ချရန်နှင့် HIV ပိုးကူးစက်ခံရခြင်း ရှိ မရှိ သွေးစစ်ဆေးခြင်းလုပ်ငန်းများအပြင် မိခင်မှတစ်ဆင့် ကလေးသို့ HIV ပိုးကူးစက်မှုကာကွယ်ရေး လုပ်ငန်းဖြစ်သည့် ARTဆေးဖြင့် ကုသရေးလုပ်ငန်းကို မြန်မာတစ်နိုင်ငံလုံး လွှမ်းခြုံမှုရှိရန် တိုးချဲ့ဆောင်ရွက်လျက်ရှိကြောင်း ဒေါ်တင်တင်ဝင်းထံမှ သိရသည်။ လာမည့်၂၀၂၅ ခုနှစ်တွင် မိခင်မှ ကလေးသို့ HIV ပိုးကူးစက်မှု လုံးဝကင်းစင်ပပျောက်သွားသည်အထိ ရည်ရွယ်ထားကြောင်းလည်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# လယ်ယာလုပ်သားရှားပါး၍ မျိုးစေ့ချကိရိယာများကို တွင်ကျယ်စွာအသုံးပြုလာ

**နေပြည်တော် ဇန်နဝါရီ ၂၀**

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ကျေးလက်ဒေသများမှ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အဓိကအားထားလုပ်ကိုင်နေကြသည့် တောင်သူများသည် နွေစပါးစိုက်ပျိုးရာတွင် လယ်ယာလုပ်သားရှားပါးမှုများကြောင့် အစေ့ချကိရိယာများ အသုံးပြု၍ စိုက်ပျိုးခြင်းကိုသာ တွင်ကျယ်စွာလုပ်ဆောင်လာကြသည်။ **(အောက်ပုံ)**

အစေ့ချစိုက်ပျိုးခြင်းသည် ကုန်ကျစရိတ်သက်သာသကဲ့သို့ အထွက်နှုန်းအနေဖြင့် စိုက်သားထက် အနည်းငယ်ကျဆင်းခဲ့သော်လည်း အဆိုပါလယ်မြေများကို စိုက်ပျိုးမည်ဆိုပါက လယ်ယာလုပ်သားရှားပါးခြင်း၊ လုပ်ခကြီးမြင့်ခြင်း၊ သွင်းအားစုများကို ပိုမိုအသုံးပြုရမှုနှင့်အတူ ကုန်ကျစရိတ်ပိုမိုများပြားခြင်းများရှိသည့်အတွက် ယခုကဲ့သို့ အစေ့ချကိရိယာများ အသုံးပြုစိုက်ပျိုးလာကြခြင်းဖြစ်ကြောင်း၊ ရာသီအလိုက် စပါးပေါ်ချိန် စပါးဈေးနှုန်းကလည်း ခန့်မှန်း၍မရသည့်အတွက် သွင်းအားစုများကို အသုံးပြုရာတွင် စဉ်းစားချင့်ချိန်ရကြောင်း၊ ဗီယက်နမ်နိုင်ငံထုတ် မျိုးစေ့ချကိရိယာတစ်စုံကို ငွေကျပ်တစ်သိန်းဝန်းကျင်ခန့်သာရှိပြီး အဆင်သင့်ထွန်ယက်ပြီး လယ်မြေ၌ လူတစ်ဦးလုပ်အားဖြင့် အစေ့ချခြင်းလုပ်ငန်းဆောင်ရွက်ရာ တစ်နေ့လေးဧကခန့် ဆောင်ရွက်နိုင်ကြောင်း ဒက္ခိဏသီရိမြို့နယ် ဒေသခံတောင်သူများထံမှ သိရသည်။

**ရွှေကုက္ကို**



# မင်းပြား၌ အသေးစားအရင်းအနှီးချေးငွေပေးအပ်ပွဲ ကျင်းပ

**မင်းပြား ဇန်နဝါရီ ၂၀**

မင်းပြားမြို့နယ် သမဝါယမအသင်းစု၏ စိုက်ပျိုးထုတ်လုပ်ရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ စက်မှုလက်မှု သမဝါယမအသင်းများသို့ China Exim Bank အသေးစားအရင်းအနှီး ချေးငွေပေးအပ်ပွဲကို ဇန်နဝါရီ ၁၉ ရက်က မြို့နယ်သမဝါယမဦးစီးဌာနရုံးခန်းမ၌ ကျင်းပခဲ့သည်။ ဆက်လက်၍ သမဝါယမအသင်းစု အသေးစားအရင်းအနှီး ချေးငွေကျပ်သိန်းပေါင်း ၁၀၀၀ ကျော်ကို အသင်းတာဝန်ရှိသူများကပေးအပ်ရာ သက်ဆိုင်ရာ အသင်းစုတစ်ခုချင်းအလိုက် လက်ခံယူကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# TNLA လက်နက်ကိုင်အဖွဲ့က အရပ်ယာဉ်များအား အဝေးထိန်းမိုင်းဖြင့် ဖောက်ခွဲတိုက်ခိုက် ပြည်သူတစ်ဦးသေဆုံး၊ ရဲတပ်ဖွဲ့ဝင်များ ဒဏ်ရာရရှိ

**နေပြည်တော် ဇန်နဝါရီ ၂၀**

ရှမ်းပြည်နယ် အရှေ့မြောက်ဒေသ မန်တုံရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များနှင့် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့မှ ဝန်ထမ်းများပါဝင်သော အရပ်ယာဉ်နှစ်စီးအား ယနေ့ နံနက်ပိုင်းတွင် TNLA လက်နက်ကိုင်အဖွဲ့က အဝေးထိန်းမိုင်းဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့သဖြင့် ပြည်သူတစ်ဦးသေဆုံးပြီး ရဲတပ်ဖွဲ့ဝင်များ ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

မန်တုံမြို့မှ လားရှိုးမြို့သို့ သွားရောက်ရန်အတွက် ရဲတပ်ဖွဲ့ဝင်များနှင့် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့မှ ဝန်ထမ်းများပါဝင်သော အရပ်ယာဉ်များအား TNLA လက်နက်ကိုင်အဖွဲ့က ယနေ့နံနက် ၉ နာရီခွဲတွင် ကြူပန်းကျေးရွာအနီး၌ အဝေးထိန်းမိုင်း ခုနစ်လုံးဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့သဖြင့် မော်တော်ယာဉ် နှစ်စီး မိုင်းစထိမှန်ပျက်စီးခဲ့ပြီး ယာဉ်ပေါ်ပါ ပြည်သူတစ်ဦး သေဆုံးပြီး ရဲတပ်ဖွဲ့ဝင်များ မိုင်းစထိမှန်ဒဏ်ရာများ ရရှိခဲ့သည်။

အဆိုပါ ဒဏ်ရာရလူနာများအား တပ်မတော်စစ်ကြောင်းက လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးပြီး နယ်မြေရှင်းလင်းခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**



# ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ် တရုတ်နိုင်ငံ သံအမတ်ကြီးအား တွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၂၀**

ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်နှင့်အဖွဲ့အား ယမန်နေ့ နံနက် ၁၀ နာရီက နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကိုအခြေခံသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးလုပ်ငန်းများတွင် တိုးမြှင့်ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ နှစ်နိုင်ငံလွှတ်တော် နှစ်ရပ်အကြား ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများတွင် အပြန်အလှန်အထောက်အကူပြုနိုင်ရေး၊ လွှတ်တော်ကိုယ်စားလှယ်များအတွက် အလုပ်ရုံဆွေးနွေးပွဲများ၊ အပြန်အလှန်လေ့လာရေးခရီးစဉ်ကိစ္စရပ်များ၊ လွှတ်တော်ရုံးဝန်ထမ်းများ၏ အရည်အသွေးတိုးတက်မြင့်မားရေးသင်တန်းများ ဖွင့်လှစ်သင်ကြားပေးနိုင်ရေးအတွက် လွှတ်တော်များဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (JCC)နှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

# အမြောက်စမ်းသပ်ပစ်ခတ်မည်ဖြစ်ကြောင်း အသိပေး

**ဟိုင်းကြီးကျွန်း ဇန်နဝါရီ ၂၀**

တပ်မတော်(ကြည်း) ကွပ်ကဲမှုအောက်ရှိ ရေတပ်စခန်းကျွန်းစခန်းများဖြစ်သော တပင်မော်ကျွန်း၊ အုန်းကျွန်း၊ ထိပ်စွန်းကျွန်း၊ ကွင်းပေါက်ကျွန်းများရှိ တပ်စခန်းများမှ ၂၅ ပေါင်ဒါ အမြောက်များဖြင့် ဖေဖော်ဝါရီ ၂၂ ရက်မှ ၂၈ ရက်အထိ စစ်ဆေးစမ်းသပ်လေ့ကျင့်ပစ်ခတ်မည်ဖြစ်ကြောင်းနှင့် အဆိုပါအမြောက်ပစ်ခတ်မည့် နယ်မြေရေပြင်အတွင်း ဒေသခံလှေများ၊ ငါးဖမ်းလှေများနှင့် ပြည်တွင်း/ပြည်ပရေယာဉ်ကြီးများ ကြိုတင်သိရှိနိုင်ရန် သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များနှင့် ဌာနဆိုင်ရာများကို ပမ္မဝတီရေတပ်စခန်းဌာနချုပ်က ကြိုတင်အသိပေးထားကြောင်း သိရသည်။

**(ဟိုင်းကြီးကျွန်း ပြန်/ဆက်)**

# လျှပ်စစ်အန္တရာယ်ကင်းစေရန် မြေစိုက်ပိုစတာစိုက်ထူ

**မန္တလေး ဇန်နဝါရီ ၂၀**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန မန္တလေး လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း မန္တလေးခရိုင် ချမ်းမြသာစည်မြို့နယ်အတွင်းရှိ ပြည်သူများ လျှပ်စစ်အသိ၊ လျှပ်စစ်သတိရှိကာ လျှပ်စစ်အန္တရာယ်ကင်းဝေးစေရန်အတွက် မြို့နယ်လျှပ်စစ်ရုံးဝန်ထမ်းများနှင့် ပစိဖိတ်ကုမ္ပဏီဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

မြေစိုက်ပိုစတာစိုက်ထူခြင်းနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ၇၃ လမ်းနှင့် ငုရွှေဝါလမ်းထောင့်တွင် ဇန်နဝါရီ ၂၀ ရက်နံနက်ပိုင်းက ဆောင်ရွက်ပေးခဲ့ကြသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ကြူကုတ်(ပန်ဆိုင်း)မြို့အနီး လက်နက်တစ်လက် သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၂၀**

ရှမ်းပြည်နယ် အရှေ့မြောက်ဒေသ ကြူကုတ်(ပန်ဆိုင်း)မြို့အနီးတစ်ဝိုက် တပ်မတော်စစ်ကြောင်းက နယ်မြေရှင်းလင်းစဉ် ယမန်နေ့ ညနေ ၃ နာရီခန့်တွင် ကြူကုတ်(ပန်ဆိုင်း) မြို့၏ အရှေ့ဘက် ၅ မိုင်ခွဲခန့်အကွာရှိ လူသွားလမ်းဟောင်းဘေးအနီး ချုံအတွင်းမှ အမ်-၂၁ သေနတ်တစ်လက်အား တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အဆိုပါနေရာတစ်ဝိုက်အား တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# တောင်ပေါ်မှနှင်းခဲများပြိုကျပြီး နှစ်ရက်အကြာတွင် နှစ်မြုပ်နေသူများကို အသက်ရှင်လျက်ပြန်တွေ့




**ရောမ ဇန်နဝါရီ ၂၀**

အီတလီနိုင်ငံအလယ်ပိုင်းတွင် တောင်ပေါ်မှနှင်းခဲများ ပြိုကျလာမှုကြောင့် တောင်ပေါ် အပန်းဖြေစခန်းတစ်ခု နှင်းခဲများအောက်တွင် နှစ်မြုပ်ခဲ့ပြီး နှစ်ရက်အကြာတွင် လူခြောက်ဦးကို အသက်ရှင်လျက် ရှာတွေ့ခဲ့ကြောင်း ပြည်တွင်းကာကွယ်ရေးအဖွဲ့ အာဏာပိုင်တစ်ဦးက ပြောကြားသည်။

ဗုဒ္ဓဟူးနေ့က တောင်ပေါ်မှပြိုကျလာသည့် နှင်းခဲများကြောင့် တောင်ပေါ်တွင် သီးခြားရှိနေသည့် ရီဂိုပီယာနိုအပန်းဖြေဟိုတယ် ပျက်စီးခဲ့ပြီး နှင်းခဲများနှင့် အပျက်အစီးများအောက်တွင် အသက်ရှင်နေသူနှစ်ဦးကို အပျက်အစီးများကြားမှ ဆွဲထုတ်ခဲ့ရကြောင်း ပြည်တွင်းကာကွယ်ရေးအဖွဲ့အာဏာပိုင် တီတီ ပေါ်စတီလီဝမ်းက သတင်းထောက်များသို့ ပြောကြားခဲ့သည်။

ထို့နောက် ကယ်ဆယ်ရေးအဖွဲ့ဝင်များသည် နှင်းခဲများအောက်တွင် နှစ်မြုပ်နေသည့် ကျန်လူလေးဦးကို ကယ်ထုတ်နိုင်ရန် တူးဖော်မှုများ ပြုလုပ်ခဲ့ကြသည်။

၎င်းတို့အား အသက်ရှင်လျက် တွေ့မြင်ရသဖြင့် အသက်ရှင်လျက်ရှိသူများ ရှိနိုင်ဦးမည်ဟူသော မျှော်လင့်ချက်ကို ပေါ်ပေါက်လာစေ ခဲ့သည်။

တောင်ပေါ်မှ ဆီးနှင်းခဲများပြိုကျလာချိန်တွင် အဆောက်အအုံအတွင်း၌ ကလေးငယ်လေးဦးအပါအဝင် လူ ၃၀ မက ရှိနေခဲ့သည်ဟုဆိုသည်။

လူနှစ်ဦးမှာမူ နှင်းခဲများပြိုကျမှုမှ ထွက်ပြေးလွတ်မြောက်ရန်အတွက် ဟိုတယ်အပြင်ဘက်၌ ရှိနေခဲ့သည်ဟု ဆိုသည်။

သေဆုံးသူနှစ်ဦးကို နှင်းခဲများကြားမှ ယူထုတ်ခဲ့ရကြောင်း အီတလီသတင်း မီဒီယာက ဖော်ပြသည်။ **(ရိုက်တာ)**

# ဩစတြေးလျ၌ ကားတစ်စီးက လမ်းသွားလမ်းလာများအား ဝင်တိုက်၊ လေးဦးသေဆုံး



ကားတိုက်ခံရပြီးနောက် ထိခိုက်ဒဏ်ရာရသူများအား ကူညီကယ်ဆယ်ရေးဆောင်ရွက်နေစဉ်

**မဲလ်ဘုန်း ဇန်နဝါရီ ၂၀**

ဩစတြေးလျနိုင်ငံ၏ ဒုတိယအကြီးဆုံး အချက်အချာမြို့ဖြစ်သည့် မဲလ်ဘုန်းမြို့ လယ်ကောင်တွင် သောကြာနေ့က အမျိုးသားတစ်ဦးသည် ကားတစ်စီးကို မောင်းနှင်လာပြီး လမ်းသွားလမ်းလာများအား ဝင်တိုက်ခဲ့ရာ လူလေးဦး သေဆုံးပြီး အယောက် ၂၀ မက ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

သို့သော် ရဲအဖွဲ့က အဆိုပါဖြစ်ရပ်သည် အကြမ်းဖက်မှုနှင့်သက်ဆိုင်ခြင်း မရှိဟု ပြောကြားခဲ့သည်။

ရဲအဖွဲ့သည် ချက်ချင်းဆိုသလို ကားနောက်သို့ အမီလိုက်၍ ဖမ်းဆီးကာ အသက် ၂၆ နှစ်ခန့်အရွယ်ရှိ ကားမောင်းသူအား ကားထဲမှဆွဲမချမီ ၎င်း၏လက်မောင်းကို သေနတ်ဖြင့်ပစ်ခတ်ခဲ့သည်။ ကားမောင်းသူသည် ယခင်ကမိသားစု အကြမ်းဖက်မှု ကျူးလွန်ခဲ့သည့် သမိုင်းကြောင်းရှိခဲ့ဖူးကြောင်းနှင့် ကားဖြင့်တိုက်မှု ဖြစ်ပွားသည့် နေ့ရက်အစောပိုင်းအတွင်းမှာပင် ဓားထိုးမှုဖြင့်အလိုရှိနေသူ တစ်ဦးဖြစ်သည်ဟု ရဲများကပြောကြားခဲ့သည်။

ရဲကားများလိုက်ဖမ်းနေချိန်တွင် ကားသမားသည် ကားကိုထိတ်လန့်ကြောက်ရွံ့စွာ မောင်းနှင်လာခဲ့ပြီး အရှိန်လွန်ကာ လမ်းလျှောက်သွားလာနေသူများကို ဝင်တိုက်ခဲ့ခြင်းဖြစ်ကြောင်း ရဲအဖွဲ့က ပြောကြားခဲ့သည်။ ဈေးဆိုင်တစ်ဆိုင်မှ ဗီဒီယိုမှတ်တမ်းအရ အရှိန်ဖြင့်ကားဝင်လာချိန်တွင် လမ်းသွားလမ်းလာအချို့ စတိုးဆိုင်တစ်ခုအတွင်းသို့ အသက်လု၍ရှောင်တိမ်းသွားကြသည်ကို တွေ့မြင်ခဲ့ရသည်။

လမ်းသွား လမ်းလာတစ်ဦးမှာ ကားတိုက်သည့် အရှိန်ကြောင့် ကားအမိုးလောက်ရှိသည့်အမြင့်သို့ မြောက်တက်သွားခဲ့ကြောင်း မျက်မြင် သက်သေတစ်ဦးက ပြောကြားခဲ့သည်။

**(ရိုက်တာ)**

## ဆော်လမွန်ကျွန်းစုအနီး အင်အားပြင်းငလျင်တစ်ခုလှုပ်

**ဆစ်ဒနီ ဇန်နဝါရီ ၂၀**

ဆော်လမွန်ကျွန်းစုအနီးရှိ ပင်လယ်ပြင်တွင် ပြင်းအား ၆ ဒသမ ၈ အဆင့်ရှိ ငလျင်တစ်ခု ဇန်နဝါရီ ၂၀ ရက်က လှုပ်ခတ်ခဲ့ကြောင်း ဆင်ဟွာသတင်း တစ်ရပ်တွင် ဖော်ပြသည်။

ငလျင်သည် ဒေသစံတော်ချိန် နံနက် ၁၀ နာရီ ၄ မိနစ်ခန့်က ဆော်လမွန်ကျွန်းစု ကီရာကီရာမြို့ အနောက်ဘက် ၇၁ ကီလိုမီတာအကွာတွင် မြေအောက် အနက် ၃၃ ဒသမ ၆ ကီလိုမီတာကို ဗဟိုပြုကာ လှုပ်ခတ်ခဲ့ကြောင်း သိရသည်။ ဆော်လမွန်ကျွန်းစုအနီးရှိ ပင်လယ် ပြင်တွင် ပြင်းအား ၆ ဒသမ ၈ အဆင့်ရှိ ငလျင်တစ်ခု လှုပ်ခတ်ခဲ့သော်လည်း ဆူနာမီသတိပေးချက်ထုတ်ပြန်ခြင်းမရှိကြောင်း သိရသည်။ ဆော်လမွန်ကျွန်းစုသည် ပစိဖိတ်ဒေသအတွင်းရှိ မီးတောင်နှင့် ငလျင်များ မကြာခဏ ဖြစ်ပွားရာ ဒေသဖြစ်ပြီး မကြာခဏ ငလျင်လှုပ်ခတ်ကြောင်း သိရသည်။

**(ဆင်ဟွာ)**

# တရုတ်နိုင်ငံတွင် နှစ်ပေါင်း ၆၀၀၀ခန့်က သင်္ချိုင်းဟောင်းတစ်ခု တူးဖော်တွေ့ရှိ




**ပေကျင်း ဇန်နဝါရီ ၂၀**

တရုတ်နိုင်ငံ အနောက်မြောက်ဘက်ရှိ ရှန်ရှီးပြည်နယ်တွင် လူပေါင်း ၂၀၀၀ ကျော်အား မြှုပ်နှံထားသည်ဟု ယူဆရသော လွန်ခဲ့သည့်နှစ်ပေါင်း ၆၀၀၀ခန့်က သင်္ချိုင်းတစ်ခုအား တူးဖော်တွေ့ရှိခဲ့ကြောင်း ရှေးဟောင်းသုတေသနပညာရှင်များက ဇန်နဝါရီ ၂၀ ရက်က ပြောကြားခဲ့သည်။

အဆိုပါသင်္ချိုင်းသည် ၉၀၀၀၀ စတုရန်းမီတာကျယ်ဝန်းကာ ရန်ဂွမ်ရှိအပျက်အစီးများအနီး တည်ရှိကြောင်း၊ မြစ်ဝါမြစ်အလယ်ပိုင်းတွင် ပေါ်ပေါက်ခဲ့သည့် ရန်ရှိုဟုခေါ်သော ကျောက်ခေတ်နှောင်းပိုင်း ယဉ်ကျေးမှုတစ်ခုဖြစ်ကြောင်း၊ တရုတ်ယဉ်ကျေးမှု၏ အဓိကရှေးဟောင်းနေရာတစ်ခုဟု ယူဆနိုင်ကြောင်း သိရသည်။

အဆိုပါသင်္ချိုင်းသည် ရန်ရှိုယဉ်ကျေးမှုကာလက အကြီးဆုံး သင်္ချိုင်းတစ်ခုဖြစ်ကြောင်း ရှေးဟောင်းသုတေသနဆိုင်ရာ ရှာဖွေတွေ့ရှိမှုအသစ်များ ဟောပြောပွဲတွင် ပြောကြားခဲ့သည်။

အဆိုပါနေရာအား ရှန်ရှီးပြည်နယ်ဆိုင်ရာ ရှေးဟောင်းသုတေသနတက္ကသိုလ် ရှေးဟောင်းသုတေသနပညာရှင်များက ၂၀၁၅ ခုနှစ်က တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ၂၀၁၆ ခုနှစ် နှစ်ကုန်ပိုင်းတွင် စတုရန်းမီတာ ၁၉၀၀ကျော် တူးဖော်ပြီးသည့်နောက် သင်္ချိုင်း ၁၈၂ လုံးကို တွေ့ရှိခဲ့သည်ဟုဆိုသည်။

နှစ်ပေါင်း ၆၀၀၀ ကျော်သက်တမ်းရှိ အများပြည်သူဆိုင်ရာ သင်္ချိုင်းကြီးတစ်ခုကို တွေ့ရှိခြင်းသည် ရှားပါးသောဖြစ်ရပ်ဖြစ်ကြောင်း ယင်းတက္ကသိုလ်၏ တွဲဖက်သုတေသီ ယန်လီဟွာက ပြောသည်။ **(ဆင်ဟွာ)**

# သမ္မတအာဆတ်ပါဝင်မှုမရှိဘဲ ဆီးရီးယားငြိမ်းချမ်းရေး အဖြေရှာမှုကို ဆက်လက်ထိန်းထားနိုင်မည်မဟုတ်ဟု တူရကီအာဏာပိုင်ပြောကြား

**အန်ကာရာ ဇန်နဝါရီ ၂၀**

ဆီးရီးယားသမ္မတ အာဆတ်အစိုးရ၏ ပါဝင်မှုမရှိဘဲ ဆီးရီးယား ပဋိပက္ခများကို အဖြေရှာဖွေနိုင်ရန် တူရကီအနေဖြင့် ကြာမြင့်စွာ တွန်းအားပေးနိုင်လိမ့်မည်မဟုတ်ကြောင်းနှင့် မြေပြင်ပေါ်တွင် ဖြစ်ပွားနေသည့် အခြေအနေများသည် အမျိုးမျိုးပြောင်းလဲလျက် ရှိကြောင်း တူရကီဒုတိယဝန်ကြီးချုပ် မာမက်ဆင်ဆက်က သောကြာနေ့တွင် ပြောကြားခဲ့သည်။

ဆီးရီးယား၌ ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေးရရှိရန် သမ္မတအာဆတ်အနေဖြင့် ပါဝင်သင့်ကြောင်း တူရကီက ထပ်ခါတလဲလဲ တောင်းဆိုတိုက်တွန်းနေသည်မှာ ကြာမြင့်ခဲ့ပြီ ဖြစ်သည်။

သမ္မတအာဆတ်ဘက်မှ ရပ်တည်နေမှုအပေါ် စိုးရိမ်ပူပန်လာသကဲ့သို့ ဆီးရီးယားပြည်သူများခံစားနေရသည့် ကြေကွဲဝမ်းနည်းမှုများအတွက်လည်း သမ္မတအာဆတ်၌သာ တာဝန်ရှိသည်ဟု ထင်မြင်လာကြောင်း၊ တူရကီအနေဖြင့် လက်တွေ့ကျကျ လှုပ်ရှားသင့်ကြောင်း ဒါဗို့စ်၌ပြုလုပ်သည့် ကမ္ဘာ့စီးပွားရေးဖိုရမ်တွင် ဆင်ဆက်က ပြောကြားခဲ့သည်။

သမ္မတဟေရစ်အာဒိုဂန်၏ ပြောရေးဆိုခွင့်ရှိသူက သမ္မတအာဆတ်ရှိနေသမျှ ဆီးရီးယားတွင် စည်းလုံးညီညွတ်မှုနှင့် တည်ငြိမ်အေးချမ်းမှုကို ရရှိနိုင်လိမ့်မည် မဟုတ်ကြောင်း တူရကီကယုံကြည်နေဆဲဖြစ်သည်ဟု ပြောကြားခဲ့သည်။

သို့သော် တစ်ဆင့်ချင်း ဆက်လက်ဆောင်ရွက်သွားမှုများနှင့် အက်စတာနာတွင် ပြုလုပ်သွားမည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲမှ ထွက်ပေါ်လာမည့်ရလဒ်ကို စောင့်ကြည့်လိုကြောင်း သမ္မတဟေရစ်အာဒိုဂန်၏ ပြောရေးဆိုခွင့်ရှိသူက ပြီးခဲ့သည့်ရက်သတ္တပတ်ကပြောကြားခဲ့သည်။ **(ရိုက်တာ)**

# စာဖတ်ရာတွင် သုတ၊ ရသစာပေနှစ်မျိုးမျှတအောင် ဖတ်ရမည်

**အမေးအရေး - မြင့်မောင်စိုး၊ ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)**

**ထွန်းဖောင်ဒေးရှင်းအနေဖြင့် မြန်မာစာပေလောကဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ပရိသတ်တိုးပွားရေး၊ စာကောင်းပေမွန်များ ပေါ်ထွန်းရေးတို့ကို တစ်ဖက်တစ်လမ်းမှ ပါဝင်ကူညီပေးလျက်ရှိပြီး "ထွန်းဖောင်ဒေးရှင်းစာပေဆု"ကို ၂၀၀၆ ခုနှစ်ကတည်းက ဆုများ ရွေးချယ်ချီးမြှင့်ပေးလျက်ရှိရာ ၂၀၁၆ ခုနှစ် ထွန်းဖောင်ဒေးရှင်းစာပေဆုရ စာရေးဆရာအချို့နှင့် တွေ့ဆုံမေးမြန်းခဲ့မှုများကို စုစည်းဖော်ပြလိုက်ပါသည်။**



စည်သူ ဒေါက်တာသော်ကောင်း



ဆရာကြီးဒေါက်တာခင်အေး



စာရေးဆရာလှိုင်ထွန်းနိုင်



စာရေးဆရာမ ဂျူနီယာဝင်း

**တစ်သက်တာ စာပေဆုရ ဆရာကြီး စည်သူ ဒေါက်တာသော်ကောင်း**

ဆရာက ဆရာဇော်ဂျီရဲ့ လက်အောက်မှာ ၁၀ နှစ်ကြာ လက်ထောက်စာကြည့်တိုက်မှူးအဖြစ် ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်မှူး တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ ဆရာဇော်ဂျီအငြိမ်းစားယူတော့ စာကြည့်တိုက်မှူး ဖြစ်လာခဲ့ပါတယ်။ ဆရာက အင်္ဂလိပ်လိုရေးတာများပါတယ်။ မြန်မာလိုတော့ ရေးသားမှုနည်းပါတယ်။ အခုလောလောဆယ်မှာတော့ မြန်မာသမိုင်းအဖွဲ့မှာ ရောက်နေပါတယ်။ မြန်မာသမိုင်းအဖွဲ့မှာလည်း အသက်ကြီးလာပြီဆိုတော့ အချိန်ပိုင်းလောက်ပဲ လုပ်ပါတယ်။ ဆရာရဲ့အဓိကစာပေအလုပ်က စာတမ်းဖတ်ပွဲတွေ များပါတယ်။ ပြည်တွင်းမှာရော ပြည်ပမှာပါ စာတမ်းတွေဖတ်ပါတယ်။ သမိုင်းအဖွဲ့ကလုပ်တဲ့ စာတမ်းဖတ်ပွဲတွေ၊ ဘာသာပြန်စာပေအဖွဲ့ကလုပ်တဲ့ စာတမ်းဖတ်ပွဲတွေ၊ စာကြည့်တိုက်ကလုပ်တဲ့ စာတမ်းဖတ်ပွဲတွေအပြင် ပြည်ပနိုင်ငံတွေမှာလည်း အင်္ဂလိပ်လိုစာတမ်းတွေ ဖတ်ပါတယ်။ ဖတ်တဲ့စာတမ်းတွေကတော့ သမိုင်းနဲ့ စာပေအကြောင်းတွေ များပါတယ်။ မြန်မာစာပေနဲ့ မြန်မာ့သမိုင်းနီးနွယ်တဲ့ ဝတ္ထုတွေ၊ စာပေတွေကို စာတမ်းအဖြစ် ဖတ်ပါတယ်။ စာတမ်းတွေကိုပဲ စာအုပ်အဖြစ် ထုတ်ဝေပါတယ်။ ပေပုရပိုက်တွေကိုလည်း စာတမ်းအဖြစ် အင်္ဂလိပ်လိုရေးပါတယ်။ အခု လောလောဆယ်မှာတော့ ပေစာကနေ ပုံနှိပ်စာမဖြစ်သေးတဲ့ တရုတ်ပြည်သွား သံအဖွဲ့ရဲ့ မှတ်တမ်းစာအုပ်အဖြစ် ထုတ်ဝေဖို့ ကြိုးပမ်းလုပ်ဆောင်နေပါတယ်။

**တစ်သက်တာ စာပေဆုရ ဆရာကြီးဒေါက်တာခင်အေး (မောင်ခင်မင်-ဓနုဖြူ)**

တစ်သက်တာစာပေဆု ဆိုတာကတော့ တစ်သက်လုံးစာရေးခြင်းဖြင့် အလုပ်လုပ်နေသူ၊ စာရေးခြင်းအလုပ်ကို တစ်ချိန်လုံးလုပ်နေတဲ့သူလို့ ဆိုရမှာ ဖြစ်ပါတယ်။ ဒီလိုစာပေအလုပ်ကို လုပ်နေတဲ့သူတွေကို အမျိုးသားစာပေဆုချီးမြှင့်သလို ဒီနှစ်မှာတော့ ထွန်းဖောင်ဒေးရှင်းက ကျွန်တော့်ကို တစ်သက်တာစာပေဆု ချီးမြှင့်ခြင်းဖြစ်ပါတယ်။ ကျွန်တော့်ကို တစ်သက်တာဆုချီးမြှင့်တယ်။ ကျွန်တော့်လုပ်ဆောင်ချက်တွေ ဘာတွေရှိသလဲဆိုတော့ ငယ်ငယ်ကတည်းက စာရေးပါတယ်။ ၁၇ နှစ်သားလောက်ကတည်းက ရေးခဲ့တာဆိုတော့ အခု အသက် ၇၇ နှစ် ရှိပြီဖြစ်တဲ့အတွက် စာရေးသက်နှစ် ၆၀ ရှိသွားပါပြီ။ ဒီနှစ် ၆၀ ကာလအတွင်း ဂျာနယ်တွေ၊ မဂ္ဂဇင်းတွေ၊ သတင်းစာတွေမှာ ဆောင်းပါးတွေ ရေးခဲ့ပါတယ်။ အခုထိ ဆောင်းပါးပေါင်း ၂၀၀၀ ကျော် ၃၀၀၀ နီးပါး ရှိသွားပြီဖြစ်ပါတယ်။ စာအုပ်အနေနဲ့ သီးခြားရေးသားထုတ်ဝေတာရှိသလို ဆောင်းပါးပေါင်းချုပ် ပြန်ထုတ်တာလည်း ရှိပါတယ်။ ယနေ့အထိ စာအုပ်ပေါင်း ၈၈ အုပ် ရေးသားထုတ်ဝေခဲ့ပြီး ဖြစ်ပါတယ်။ ဘာအကြောင်းအရာတွေရေးသလဲဆိုတော့ ကျွန်တော်က တက္ကသိုလ်မှာ မြန်မာစာဆရာ၊ ပါမောက္ခအဖြစ်နဲ့ လုပ်ပြီး အငြိမ်းစားယူခဲ့တာဖြစ်တော့ ဘဝသက်တမ်းတစ်လျှောက်တွေ့ခဲ့တဲ့ မြန်မာဘာသာစကား မြန်မာစာပေအကြောင်း၊ ပြီးတော့ ကျွန်တော်က ကျောင်းဆရာဆိုတော့ တပည့်တွေနဲ့ ထိတွေ့ပြီး လူငယ်တွေအကြောင်း၊ ပညာရေးအကြောင်းတွေရေးပါတယ်။ မိတ်ဆွေတွေ၊ ကိုယ့်လုပ်ဖော်ကိုင်ဖက်တွေအကြောင်းတွေ ရေးပါတယ်။ ဒီလို ဘဝတစ်လျှောက်လုံးစာပေနဲ့ ကြီးပြင်း၊ စာပေနဲ့ ရှင်သန်ခဲ့တာဖြစ်တဲ့အတွက် ထွန်းဖောင်ဒေးရှင်းက တစ်သက်တာစာပေဆုအဖြစ် ချီးမြှင့်တယ်လို့ နားလည်ပါတယ်။ တစ်သက်တာစာပေဆုအဖြစ် ၂၀၁၃ ခုနှစ်က အမျိုးသားစာပေဆုနဲ့ တစ်ကြိမ်၊ ၂၀၁၂ ခုနှစ်က ဆရာဝန်တင်ရွှေ တစ်သက်တာဆုချီးမြှင့်ခဲ့တာဖြစ်လို့ ဒီဆုနဲ့ဆိုရင် တစ်သက်တာဆု သုံးကြိမ်ရခဲ့ပြီ ဖြစ်ပါတယ်။ ကျန်တဲ့ စာအုပ်ဆုအနေနဲ့ ၁၉၈၇ ခုနှစ်က စာပေဗိမာန်စာမူဆုနဲ့ တစ်ကြိမ်၊ အမျိုးသားစာပေဆုသုံးကြိမ် (၂၀၀၂၊ ၂၀၀၉၊ ၂၀၁၃)၊ ထွန်းဖောင်ဒေးရှင်းက ၂၀၁၀ မှာ စာအုပ်ဆု၊ သုတစွယ်စုံကပေးတဲ့ စာအုပ်ဆုအပါအဝင် စာပေဆု ကိုးဆုရခဲ့ပြီးဖြစ်ပါတယ်။

လူငယ်များ စာဖတ်သင့်ကြောင်းနှင့်ပတ်သက်၍လည်း ဆရာမောင်ခင်မင် (ဓနုဖြူ)က ဤသို့ပြောသည်။

လူငယ်အတော်များများကစာမဖတ်ကြပါဘူး။အထူးသဖြင့် ရသစာပေတွေဖြစ်တဲ့ ဝတ္ထု၊ ကဗျာတွေ အဖတ်နည်းနေကြပါတယ်။ လူငယ်တွေ စာဖတ်ရင် အချက်အလက်တွေပါတဲ့ သုတစာပေတွေဖတ်ကြတာများတယ်။ လူငယ်အတော်များများက အလွတ်ကျက်ပညာရေးနဲ့ကြီးပြင်းလာကြတော့ အချက်အလက်တွေကိုပဲ အဓိကအားသန်နေကြပါတယ်။ စာဖတ်တယ်ဆိုတာက ရသစာပေဖတ်မှ ရင်ထဲနှလုံးထဲရောက်တာကိုး။ ဝတ္ထုတွေ၊ အက်ဆေးတွေ၊ ကဗျာတွေဖတ်တော့မှ လူ့အကြောင်း၊ လောကအကြောင်းသိပြီးတော့ ကိုယ့်ရင်ထဲမှာ ချစ်စရာ၊ သနားစရာ၊ အံ့ဩစရာ၊ ကြောက်စရာစသည်ဖြင့် စိတ်စေတနာအမျိုးမျိုး၊ နိုးကြားလာပြီး လူတစ်ယောက်အနေနဲ့ စိတ်ဓာတ်အရည်အသွေးပြည့်ဝလာမှာ ဖြစ်ပါတယ်။ စာဖတ်တယ်ဆိုတာ ရသစာပေဖတ်မှ အကျိုးရှိမှာပါ။ စာဖတ်ရင်လည်း အကျိုးတရားတစ်ခုမျှော်ပြီး ဖတ်တာမျိုးမဟုတ်ဘဲ စာကိုမွေ့လျော်ပြီး ဖတ်သင့်ပါတယ်။ သုတစာပေက ဦးနှောက်ဉာဏ်ကို ဖွံ့ဖြိုးစေပါတယ်။ ရသစာပေက နှလုံးသားကိုနူးညံ့စေပါတယ်။ ရသစာပေဖတ်မှ စာနာတတ်တဲ့စိတ်၊ အများအကျိုးဆောင်ရွက်လိုတဲ့စိတ်ဓာတ်တွေ ကိန်းအောင်းလာမှာဖြစ်ပါတယ်။ ဒါ့ကြောင့် လူငယ်တွေအနေနဲ့ သုတစာပေသာမက ရသစာပေတွေကိုလည်း မျှမျှတတဖတ်စေချင်ပါတယ်။

**စာရေးဆရာမ ဂျူနီယာဝင်း**

ကျွန်မက A Memory of My Grandparents စာအုပ်နဲ့အတ္ထုပ္ပတ္တိစာပေဆု(အင်္ဂလိပ်)နဲ့ ဒီနှစ်ထွန်းဖောင်ဒေးရှင်းစာပေဆုရခဲ့ပါတယ်။ ဒီစာအုပ်မှာ ကျွန်မရဲ့အဘိုး ဦးခင်မောင်လတ်၊ အဘွား ဒေါ်ခင်မျိုးချစ်တို့ရဲ့အကြောင်း ရေးသားထားတဲ့ စာအုပ်ဖြစ်ပါတယ်။ ဒီစာအုပ်က ၂၀၁၅ ခုနှစ်မှာ နှစ် ၁၀၀ ပြည့်တဲ့ အဘိုးနဲ့ အဘွားအတွက် အမှတ်တရရေးခဲ့တဲ့ စာအုပ်ဖြစ်ပါတယ်။ အဘိုးက Working People Daily (WPD) က အယ်ဒီတာချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး အဘွားဆိုလည်း အင်္ဂလိပ်လိုရေးတဲ့ ကမ္ဘာသိစာရေးဆရာမဖြစ်ပါတယ်။ သူတို့နှစ်ဦးရဲ့ အကြောင်းကို ရေးသားခြင်းဖြင့် တစ်ခေတ်တစ်ခါက စာပေသမားဘဝကို ထင်ဟပ်စေပါတယ်။ မြန်မာစာပေ ခရီးပုံရိပ်တွေကို ထင်ဟပ်စေပါတယ်။ အဘွား ဒေါ်ခင်မျိုးချစ်ရေးခဲ့တဲ့ အင်္ဂလိပ်လိုစာအုပ်တွေထပ်ရေးဖို့ စဉ်းစားထားပါတယ်။ အင်္ဂလိပ်လိုကတော့ ဒီစာအုပ်အပါအဝင် သုံးအုပ်ရှိပြီဖြစ်ပါတယ်။ စုစုပေါင်းစာအုပ် ၂၅ အုပ်ရေးပြီး ဖြစ်ပါတယ်။ ဒီစာအုပ်ဟာ ကျွန်မနာမည်နဲ့ ရခဲ့တယ်ဆိုပေမယ့် မိမိတို့မိသားစုအားလုံး ပူးပေါင်းဆောင်ရွက်မှုနဲ့ရခဲ့တာ ဖြစ်ပါတယ်။

**စာရေးဆရာလှိုင်ထွန်းနိုင်**

ကျွန်တော်က ဆရာကြီး သခင်ကိုယ်တော်မှိုင်းရဲ့ ဆယ်ကုဋေကျော် ဋီကာစာအုပ်နဲ့ ရှေးဟောင်းကျမ်းစာပေဆုအဖြစ် ဆွတ်ခူးရရှိခဲ့ပါတယ်။ ဒီစာအုပ်မှာ အဓိကအကြောင်းအရာအဖြစ် ကျွန်ဖြစ်နေတဲ့အချိန်မှာ ဘာသာရေးပွဲလမ်းသဘင်တွေကျင်းပပြီး အချိန်မဖြုန်းကြဖို့၊ အမျိုးသားရေး စည်းလုံးညီညွတ်ကြဖို့ မီးမောင်းထိုးရေးသားခဲ့ခြင်းဖြစ်ပါတယ်။ ဒီစာအုပ်မှာ တစ်ခေတ်တစ်ခါက စာပေအရေးအသား၊ စာပေယဉ်ကျေးမှု အမွေအနှစ်တွေကိုလည်း မြင်တွေ့ရမှာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဆရာကြီးသခင်ကိုယ်တော်မှိုင်းရဲ့ စာပေတွေကို တိမ်မြုပ်သွားခြင်းမှ ကာကွယ်နိုင်ဖို့ ကြိုးစားဆောင်ရွက်နေခြင်းလည်း ဖြစ်ပါတယ်။ အခုချိန်ထိ ဆရာကြီး သခင်ကိုယ်တော်မှိုင်းနဲ့ ပတ်သက်တဲ့ စာအုပ်ငါးအုပ် ထုတ်ဝေခဲ့ပြီးဖြစ်ပါတယ်။ ဒီစာအုပ်အပါအဝင် မဟာမှိုင်း၏ သြဝါဒဂါထာ၊ မဟာမှိုင်းပေလွှာ၊ မဟာမှိုင်း၏ ဋီကာလေးမောင်နဲ့ မဟာမှိုင်း၏ စုံနံ့သာမြိုင်ဋီကာတို့ကိုလည်း ရေးသားခဲ့ပြီး ဖြစ်ပါတယ်။ ဆက်လက်ပြီးတော့လည်း အမျိုးသားရေးစာပေများ ရေးသားသွားမှာ ဖြစ်ပါတယ်။

## မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော ဇန်နဝါရီ ၂ ရက်မှ ၉ ရက်အထိ ထွက်ရှိသောစာအုပ်စာရင်း

*ဇန်နဝါရီ ၁၇ ရက်မှ အဆက်*

| စဉ် | စာရေးသူ | စာအုပ် | ဈေးနှုန်း ထုတ်ဝေသည့်တိုက် |
|---|---|---|---|
| ၃၈ | မုံရွာအရှင်ပဏ္ဍိတ(ဒွိပိဋကဓရ) | သာသနာပြုလက်ဆောင်ဝိပဿနာဆိုင်ရာ ဟောပြောရေးတရားပဒေသာ | ၁၃၀၀ိ/-ဓမ္မသရဖူစာပေ |
| ၃၉ | မုံရွာအရှင်ပဏ္ဍိတ(ဒွိပိဋကဓရ) | သီလပွဲတရားပဒေသာ | ၁၈၀၀ိ/-ဓမ္မသရဖူစာပေ |
| ၄၀ | ဇော်ခိုင်ဦး | ဖာလူဒါနှင့်နှလုံးသားစတိုခန်းထဲက ဝတ္ထုတိုများ | ၁၅၀၀ိ/-ပစ်တိုင်းထောင်စာပေ |
| ၄၁ | ဒေါက်တာသစ်လွင် | ဓမ္မမိတ်ဆွေများနှင့် အွန်လိုင်းပေါ်က ဝိပဿနာ အမေးအဖြေများ(၂) | ၂၅၀၀ိ/-ကြည်ဇော်ဝင်းစာပေ |
| ၄၂ | ဒေါက်တာသစ်လွင် | တရားအားထုတ်မှုလမ်းခရီးမှတရားစကားများ အတွဲ(၂) | ၂၅၀၀ိ/-ကြည်ဇော်ဝင်းစာပေ |
| ၄၃ | ဒေါက်တာသစ်လွင် | တရားအားထုတ်မှုလမ်းခရီးမှတရားစကားများ အတွဲ(၃) | ၂၅၀၀ိ/-ကြည်ဇော်ဝင်းစာပေ |
| ၄၄ | ထိန်လင်း(BE.Mechanical) | ခေတ်မီစီးပွားရေးသုံးဝေါဟာရများ | ၁၅၀၀ိ/-မဇ္ဈိမစာပေ |
| ၄၅ | နေမင်းရာဇာအယ်ဒီတာအဖွဲ့ | အခက်အခဲကိုအောင်နိုင်သူများ ( IT လောကမှ ဘီလီယံနာများ) | ၂၀၀၀ိ/-မဇ္ဈိမစာပေ |
| ၄၆ | ထိန်လင်း(BE.Mechanical) | မရှိမဖြစ်ကိန်းဂဏန်းဆိုင်ရာအလွယ်တွက်ချက်နည်းများ | ၁၅၀၀ိ/-မဇ္ဈိမစာပေ |
| ၄၇ | ကလောင်စုံ | အငြိမ်းစားကျောင်းအုပ်ဆရာကြီး ဦးစန်းလွင် မှတ်မှတ်ရရစာစုများ | ၄၅၀၀ိ/-မျိုးဆက်သစ်စာပေ |
| ၄၈ | နန့်ယင်းခ | သန္တာလက်ဖျားနှင့် ပန်းစကားအသာခြွေ | ၇၅၀၀ိ/-မိတ်ဆွေများစာပေ |
| ၄၉ | KyelZinKo KO (M.A,Eng.,)(UK) | English Composition(3-Compound & Mixed Sentence) | ၃၀၀၀ိ/-မျိုးဆက်သစ်စာပေ |
| ၅၀ | လူမွန်(ပခုက္ကူ) | ကလေးတို့ရဲ့ရတနာပုံပြင်ကဗျာများ | ၁၂၀၀ိ/-မျိုးဆက်သစ်စာပေ |
| ၅၁ | ငွေစိုး | ကုန်းဆာအလွန် ကျဖီးမှသည် လွယ်ဟန်ကောင်းမူဆီသို့ (ဘဝထဲကအမှတ်တရများ အတွဲ-၁) | ၂၅၀၀ိ/-ယဉ်မျိုးစာပေ |
| ၅၂ | မြင့်ထွန်း CBA(Chinese) | တရုတ်မင်းဆက် သမိုင်းစဉ်များနှင့် တရုတ်ရိုးရာ ကျင့်ဝတ်ဓလေ့များ | ၁၅၀၀ိ/-ယဉ်မျိုးစာပေ |
| ၅၃ | ကျော်မောင်မောင် | ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေများနှင့် နည်းဥပဒေ | ၁၀၀၀ိ/-ယဉ်မျိုးစာပေ |
| ၅၄ | မြင့်ထွန်း CBA (Chinese) | အလွယ်ကူဆုံး ဂျပန်စကားပြော | ၁၅၀၀ိ/-ယဉ်မျိုးစာပေ |
| ၅၅ | ညီညီနိုင်(မြန်မာပြန်) | (How to get what you Want) လိုတရပတ္တမြား | ၂၅၀၀ိ/-ပြည်မြန်မာစာပေ |
| ၅၆ | ညီညီနိုင်(မြန်မာပြန်) | ဆိုမာလီမှအသက်လုပွဲ (IMPOSSIBLE ODDS) | ၂၅၀၀ိ/-ပြည်မြန်မာစာပေ |
| ၅၇ | ပန်းချီမျိုးမာန် | တော်လေးဝင် မိန်းမမြတ်လေးဦး အမရာ၊ ကိန္နရီ၊ မဒ္ဒီ၊ သမ္ဗူလ | ၁၅၀၀ိ/-မြင့်မိုရ်စာပေ |
| ၅၈ | မောင်ရေ | အမှောင်ခေတ်ရဲ့ညများစွာ | ၃၀၀၀ိ/-ရှင်မတောင်စာပေ |
| ၅၉ | မောင်ခေတ်ထွန်း | မြန်မာ့သူရဲကောင်း တပ်မှူး ဗိုလ်မှူးကြီးဗထူး | ၅၀၀ိ/- ရာပြည့်စာပေ |
| ၆၀ | ဦးအေးမောင် | ရော်ဘင်ဟု | ၁၀၀၀ိ/-ရာပြည့်စာပေ |
| ၆၁ | ချစ်ဝံ့သူ | ပုံပမာကာတွန်း | ၁၅၀၀ိ/-ရုပ်ပြောင်စာပေ |
| ၆၂ | သန်းဝင်းလှိုင် | သူတို့တိုက်ခဲ့သောစစ်နှင့်သူတို့ရှာနေသောငြိမ်းချမ်းရေး | ၄၅၀၀ိ/-လဝန်းရိပ်စာပေ |
| ၆၃ | ကျော်စောမင်း | ဖတ်ကြည့် (ပြည်သူ့အရေး ဂျာနယ်နှင့် ကြေးမုံသတင်းစာဖတ်ကြည့်ဆောင်းပါးများ) | ၃၀၀၀ိ/-လင်းလွန်းခင်စာပေ |
| ၆၄ | နေမင်းစိုး | ပန်းကန်ပြားပျံ (UFO) ပဟေဠိ Flying Saucer (UFO) Puzzle | ၁၀၀၀ိ/-လုလင်ကျော်စာပေ |
| ၆၅ | မောင်ပန်းမွှေး | မြန်မာနိုင်ငံတွင် မပုပ်မသိုးရုပ်ကလာပ်တော်ကို ယနေ့တိုင်ဖူးမြော်နိုင်သော ရဟန္တာနှင့်ရဟန်းထူးများ | ၁၀၀၀၀ိ/-သင်းစာပေ |
| ၆၆ | ခင်စောတင့်(မြန်မာပြန်) | ကြည်လင်အေးငြိမ်းကြရာဝယ် | ၂၀၀၀ိ/-အိမ်မက်ရိပ်စာပေ |
| ၆၇ | ပါရဂူ(မြန်မာပြန်) | သိဒ္ဓတ္ထ | ၃၀၀၀ိ/-အိမ်မက်ရိပ်စာပေ |
| ၆၈ | မောင်နိုင်လင်း(ကောလင်း) | အလွမ်းရိပ်ထွက်နေတဲ့သစ်ပင် | ၂၅၀၀ိ/-ဆောင်းစုရတီစာပေ |
| ၆၉ | ဒဂုန်တာရာ | စံပယ်ဦးဝတ္ထုတိုပေါင်းချုပ် | ၃၀၀၀ိ/-နေရီရီစာပေ |
| ၇၀ | နီနီနိုင်(သထုံ)၊ မေဇွန်အေး လမင်းမောင်မောင် | လမင်းနှင့် ဂန္ထဝင်ပန်းနှစ်ပွင့် | ၂၅၀၀ိ/-ရွှေစာပေ |
| ၇၁ | | ရွှေနိုင်ငံ (Fashion Collection Book 39) | ၃၀၀၀ိ/-ရွှေနိုင်ငံစာပေ |
| ၇၂ | မင်းကျော်စွာ | ကမ္ဘာကျော်မိန့်ခွန်းများ | ၃၀၀၀ိ/-လောကသစ်စာပေ |
| ၇၃ | မောင်ဆုပန် | ရှားလော့ဟုမ်း၏ နောက်ဆုံးဇာတ်လမ်း(အင်္ဂလိပ်-မြန်မာ) | ၁၀၀၀ိ/-လောကအမေစာပေ |
| ၇၄ | တြိစက္က | အဘိဓမ္မာမျက်စောင်း | အောင်မြင်စာပေ |
| ၇၅ | မြသန်းတင့် | လက်ဖက်ရည်ဆိုင် ပင်ကိုရေးအက်ဆေးနှင့် ပြဇာတ် ဘာသာပြန်(Lao SHE ၏ TEA House)နှစ်အုပ်ပေါင်း | ၂၅၀၀ိ/-နှင်းဆီဖြူစာပေ |
| ၇၆ | မောင်လင်း(မြန်မာပြန်) | စိတ်ကိုသင်ခြင်း သို့မဟုတ် နှလုံးသားထဲရောက်အောင် သင်ကြားခြင်း | ၂၅၀၀ိ/-နှစ်ကာလများစာပေ |
| ၇၇ | မောင်ဆွေသက် | ဗိုလ်မှူးကြီး သီဟသူရစိုးသိမ်း | ၂၅၀၀ိ/- |
| ၇၈ | ကျောင်မောင်(မြိတ်) | တလွဲမမြင်ကြပါနှင့် အစွဲပြင်ကြပါ | ၁၅၀၀ိ/-သစ္စာအလင်း |
| ၇၉ | နောင်ချိုသစ် | လိင်သဘာဝ နိုင်ငံသားအခွင့်အရေးနှင့် ဥပဒေ | ၂၅၀၀ိ/-MKS |
| ၈၀ | မင်းခက်ရဲ | ဂရမ်ချီ၏ ယဉ်ကျေးမှုနှင့် နိုင်ငံရေးအတွေးအခေါ် | ၂၅၀၀ိ/-MKS |
| ၈၁ | မြတ်ကို | ဂျွန်ရောလ်၏ တရားမျှတမှုသီအိုရီကို ချဉ်းကပ်ခြင်း | ၂၅၀၀ိ/- MKs |
| ၈၂ | မင်းယု(မြန်မာပြန်) | ပုံနှိပ်သမား | ၁၅၀၀ိ/-Momentum |

# လူသတ်မှုကျူးလွန်ခဲ့သူအား ၂၄ နာရီအတွင်း ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၂၀**

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် ထိန်ကုန်းရပ်ကွက် ရွာမ ရပ်နေ ဦးတင်ထွန်းဝင်း(ခ)ဘိုတောက်(၃၇ နှစ်)၏ နေအိမ်၌ ဇန်နဝါရီ ၁၉ ရက် ညနေ ၅ နာရီ ၁၀ မိနစ်က လူသတ်မှုဖြစ်ပွားကြောင်း သတင်းအရ ပြည်ကြီးတံခွန်မြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ဦးတင်ထွန်းဝင်း(ခ)ဘိုတောက်၏ နေအိမ်အခန်းအတွင်း ၎င်း၏ဇနီးဖြစ်သူ မနန်းခင်ထွေးဝင်း(၃၇ နှစ်)တွင် ဖူးရောင်ပြတ်ရှဒဏ်ရာ၊ သမီးဖြစ်သူ မနန်းရွှေရည်မိုး(ခ)ဝမ်းဝမ်း(၃ နှစ်)တွင် မီးလောင်ဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရှိရသဖြင့် မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးဦးစီးသည့် တပ်ဖွဲ့ဝင်များက စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်ခဲ့သည်။

အဆိုပါနေအိမ်တွင် လာရောက်နေထိုင်သည့် ကချင်ပြည်နယ် မန်စီမြို့နေ ခိုင်ဝေ(၂၀နှစ်)အား စစ်ဆေးဖော်ထုတ်ချက်အရ ၎င်းသည် သမဝါယမမှချေးထားသည့် ငွေကျပ် ၁၀ သိန်းအား ပြန်လည်ပေးဆပ်ရန် ရှိသည့်အတွက် မနန်းခင်ထွေးဝင်းနှင့် သမီးဖြစ်သူ မနန်းရွှေရည်မိုး(ခ)ဝမ်းဝမ်းတို့ နှစ်ဦးအား သတ်ခဲ့ပြီး ၎င်းတို့ထံမှ ရွှေထည်ပစ္စည်းများရယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် သက်သေခံပစ္စည်းများဖြစ်သည့် ရွှေဆွဲကြိုး နှစ်ကုံး၊ ရွှေဟန်းချိန်း တစ်ခု ရွှေလက်စွပ်နှစ်ကွင်း၊ ဆွဲသီးတစ်ခု၊ ဓားတစ်ချောင်းတို့ကို သိမ်းဆည်းခဲ့ပြီး ခိုင်ဝေအား ပြည်ကြီးတံခွန် မြို့မရဲစခန်းက ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုရဲ**



# တောင်ငူမြို့၌ မူးယစ်ဆေးဝါးများ တစ်ရက်တည်း နှစ်နေရာ ဖမ်းဆီးရမိ

**တောင်ငူ ဇန်နဝါရီ ၂၀**

တောင်ငူမြို့၌ ဇန်နဝါရီ ၁၇ ရက်က လူငယ်သုံးဦးထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၅ ပြားနှင့် ဆေးပြားသုံးစွဲရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို တစ်ရက်အတွင်း နှစ်နေရာဖမ်းဆီးရမိခဲ့ပြီး ဆေးပြားရောင်းချခဲ့သူအား ဖမ်းဆီးရမိရေး စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

တောင်ငူမြို့(၂)ရပ်ကွက် မိုးသောက်ကြွယ် ဘုရားလမ်း၌ အိမ်ငှားနေထိုင်သည့် လူငယ်တစ်ဦးထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၆၃ ပြားနှင့် တောင်ငူမြို့(၁၃)ရပ်ကွက် ချမ်းမြေ့စားသောက်ဆိုင်အခန်းအတွင်းရှိ လူငယ်နှစ်ဦးထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၂ပြား စုစုပေါင်း ၁၈၅ ပြား ဖမ်းဆီးရမိခဲ့သည်။

တောင်ငူခရိုင်ရဲတပ်ဖွဲ့မှ ရဲအုပ်စိုးကျော်မျိုးထွန်းနှင့်အဖွဲ့သည် ဇန်နဝါရီ ၁၇ ရက်က မိုးသောက်ကြွယ်ဘုရားလမ်းထဲရှိ အိမ်အမှတ်(၂/၂၆၄)အခန်း(၁၅)တွင် ငှားရမ်းနေထိုင်သူ ရှင်းသန့်(ခ) ဟန်ဇာနည်ဦး (၂၅ နှစ်)၏အခန်းအား ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြားများနှင့် မူးယစ်ဆေးသုံးစွဲရာတွင် အသုံးပြုသော ဆက်စပ်ပစ္စည်းများအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အဆိုပါ စိတ်ကြွရူးသွပ်ဆေးပြားများအား လွန်ခဲ့သော နှစ်ရက်ခန့်က ကုလား(ခ)အလီထံမှ ဆေးပြား ၂၀၀ အား ငွေကျပ် နှစ်သိန်းဖြင့် ဝယ်ယူခဲ့ကြောင်း၊ ကုလား(ခ)အလီမှာ မည်သည့်နေရာတွင် နေထိုင်သည်ကိုမသိဘဲ ဖုန်းဖြင့်သာ ဆက်သွယ်ဝယ်ယူခြင်း ဖြစ်သည်။



ဆက်လက်ပြီး ယင်းနေ့ ညနေ ၄ နာရီ ၄၅ မိနစ်ခန့်တွင် တောင်ငူမြို့(၁၃)ရပ်ကွက် ဆရာဖြေလမ်းရှိ ချမ်းမြေ့စားသောက်ဆိုင် အခန်းအမှတ်(၄)အတွင်း ဝင်ရောက်ရှာဖွေရာ အခန်းအတွင်း၌ စောပြည့်ဖြိုးကျော်(၂၃ နှစ်)နှင့် ကျော်ဇင်ဖြိုး(၁၉ နှစ်)တို့ နှစ်ဦးအား တွေ့ရှိရပြီး မူးယစ်ဆေးဝါးများနှင့် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများအား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်များနှင့်ပတ်သက်၍ ၎င်းတို့ သုံးဦးအား အမှုဖွင့်အရေးယူထားပြီး ကွင်းဆက် ပြစ်မှုကျူးလွန်သူ ကုလား(ခ)အလီအား ဖမ်းဆီးရမိရေး စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**သူရ(တောင်ငူ)**

# မုံရွာချင်းတွင်းတံတားအနီး ရေနစ်သေဆုံးသူ သုံးဦး၏ ရုပ်အလောင်းများ ပြန်လည်တွေ့ရှိဆယ်ယူ

**မုံရွာ ဇန်နဝါရီ ၂၀**

မုံရွာစီးပွားရေးတက္ကသိုလ်မှ ကျောင်းသူသုံးဦးနှင့် လူငယ်နှစ်ဦးတို့သည် ဇန်နဝါရီ ၁၈ ရက် ညနေ ၃ နာရီခန့်က ယင်းမာပင်မြို့နယ် ရွှေတောင်ဦးတောင်ခြေ လက်ခုပ်ပင်ရွာ ချင်းတွင်းမြစ်အတွင်း ရေဆင်းချိုးစဉ် ကျောင်းသူတစ်ဦး ရေနစ်သောကြောင့် အတူပါ ကျောင်းသူတစ်ဦးနှင့် လူငယ်တို့က ကယ်တင်ရာ သုံးဦးစလုံး ရေနစ်ပျောက်ဆုံးခဲ့ကြောင်း၊ မြုပ်သည့်နေ့က ပထမနစ်ခဲ့သည့် ကျောင်းသူအလောင်းကို ဇန်နဝါရီ ၁၈ ရက် ညနေ ၄ နာရီ မိနစ် ၂၀ တွင် တွေ့ရှိပြီး ကယ်ရင်းနစ်သူတို့နှစ်ဦး၏ အလောင်းများကို ဇန်နဝါရီ ၁၉ ရက် မွန်းလွဲပိုင်းက ဆယ်ယူတွေ့ရှိခဲ့ကြောင်း ယင်းမာပင်မြို့မရဲစခန်း တာဝန်ရှိသူထံမှ သိရသည်။

"ပထမနစ်တဲ့ ဟုမ္မလင်းက မသန်းသန်းဆင့်ကို မြုပ်တဲ့နေ့ ညနေ ၄ နာရီ မိနစ် ၂၀ မှာ ပြန်ရှာတွေ့ခဲ့ပါတယ်။ သူ့ကို ကယ်တဲ့သူနှစ်ဦးကိုရေငုပ်သမားတွေ ဝိုင်းရှာကြတာ ဇန်နဝါရီ ၁၉ ရက်မှာရေနစ်တဲ့ နေရာရဲ့တောင်ဘက် နစ်တဲ့နေရာအနီးမှာ ပြန်တွေ့ခဲ့ပါတယ်။ မောင်ကုဋေအောင်ကို နံနက် ၁၁ နာရီ မိနစ် ၅၀ မှာ တွေ့ပြီး မွန်းလွဲ ၁ နာရီ မိနစ် ၄၀ မှာ မဟန်နီဆင့်ရဲ့အလောင်းကို ရှာတွေ့တာဖြစ်ပါတယ်။ ရေနစ်မြုပ်တဲ့ဖြစ်စဉ်မှာ ဓမ္မတာအတိုင်း သေဆုံးရတာဟုတ် မဟုတ်ကို ယင်းမာပင်မြို့မရဲစခန်းက စစ်ဆေးဆောင်ရွက်နေပါတယ်"ဟု ယင်းမာပင်မြို့မရဲစခန်းမှ တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

မုံရွာမြို့၌ရှိသော တက္ကသိုလ်နှင့်အခြားကျောင်းများမှ ကျောင်းသားကျောင်းသူအချို့ ချင်းတွင်းမြစ်ထဲသို့ ရေဆင်းချိုးရာမှ ရေနစ်သေဆုံးရမှုများ ရှိနေရာ ဇန်နဝါရီ ၁၈ ရက်က ဖြစ်ခဲ့သော ရေနစ်သေဆုံးမှုသည် နှစ်ကြိမ်မြောက် ဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# တာလေမြို့ မဟိုဆန်ခါကျေးရွာ၌ ညဘက်တွင် ပေါက်ကွဲမှုဖြစ်ပွား

**တာလေ ဇန်နဝါရီ ၂၀**

ရှမ်းပြည်နယ် အရှေ့ပိုင်း တာချီလိတ်မြို့နယ် တာလေမြို့ နားယောင်းကျေးရွာအုပ်စုရှိ မဟိုဆန်ခါကျေးရွာ၌ ဇန်နဝါရီ ၁၉ ရက် ည ၁၁ နာရီ မိနစ် ၄၀ ခန့်က ပေါက်ကွဲမှုဖြစ်ပွားခဲ့သည်။

အခင်းဖြစ်ရပ်သို့ ယနေ့ နံနက်ပိုင်းက နယ်မြေခံတပ်မှ တာဝန်ရှိသူများ၊ တာလေနယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်ချမ်းသာ ဦးစီးအဖွဲ့၊ ကျေးရွာလူကြီးများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ မဟိုဆန်ခါကျေးရွာထိပ်ရှိ ဦးစိုးမြင့်ဦး၏ နေအိမ်ရှေ့ ခြံစည်းရိုးအနီး၌ ပေါက်ကွဲမှုဖြစ်ပွားခဲ့ကာ ခြောက်လက်မခန့်ရှိ မြေကျင်းတစ်ခု၊ သွယ်တန်းထားသော တစ်လက်မရေပိုက် ပျက်စီးသွားခဲ့ပြီး အိမ်ရှင်နှင့် ဒေသခံပြည်သူများ ထိခိုက်မှုမရှိကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

# မူးယစ်ဆေးဝါးများ တင်ဆောင်ထားသည့်လှေတစ်စင်း မြန်မာ့ပင်လယ်ပြင်အတွင်းမှ တွေ့ရှိသိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၂၀**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့အနီးရှိ မြန်မာ့ပင်လယ်ပြင်အတွင်း မူးယစ်ဆေးဝါးများတင်ဆောင်ထားသည့် လှေတစ်စင်း ယမန်နေ့နံနက်ပိုင်းက သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့အနီးရှိ မြန်မာ့ပင်လယ်ပြင်အတွင်း တပ်မတော်(ရေ)မှ စစ်ရေယာဉ်သည် ပင်လယ်ပြင်လုံခြုံရေး ဆောင်ရွက်စဉ် ယမန်နေ့ နံနက် ၂ နာရီ မိနစ် ၂၀ ခန့်က ကော့သောင်းမြို့၏ အနောက်မြောက်ဘက် ရေမိုင် ၁၅ မိုင်ခန့်အကွာ မြန်မာ့ရေပိုင်နက်အတွင်း၌ မသင်္ကာဖွယ်လှေတစ်စင်းအား တွေ့ရှိသဖြင့် သွားရောက်စစ်ဆေးရာ လှေပေါ်မှ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၃ ပြားနှင့် တစ်ထုပ်လျှင် ၁၀၀ ဂရမ်ခန့်ပါ ဘိန်းစာမှုန့် ၆၃ ထုပ်တို့ကို ပိုင်ရှင်မဲ့ တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

အဆိုပါသိမ်းဆည်းရမိလှေနှင့် မူးယစ်ဆေးဝါးများအား ကော့သောင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံးသို့ စနစ်တကျ လွှဲပြောင်းအပ်နှံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မန္တလေး-လားရှိုး လမ်းပေါ်တွင် ယာဉ်တိုက်မှုဖြစ်၊ နှစ်ဦးသေဆုံး

**သီပေါ ဇန်နဝါရီ ၂၀**

သီပေါမြို့နယ် ပန်စောက်မိန်းကျေးရွာအုပ်စု မြို့ဟောင်းကျေးရွာအနီး မန္တလေး-လားရှိုး ကားလမ်းမ မိုင်တိုင်အမှတ် ၁၃၁/၅-၆ အကြား၌ ဇန်နဝါရီ ၂၀ ရက် နံနက်က ၂၂ ဘီးတွဲယာဉ်နှင့် AD ဗင်ကားတို့ တိုက်မှုဖြစ်ပွားခဲ့ကာ ခရီးသည်အမျိုးသားနှစ်ဦး အခင်းဖြစ်ပွားရာနေရာတွင် သေဆုံးခဲ့ပြီး ခရီးသည်သုံးဦးနှင့် ယာဉ်မောင်းတစ်ဦး ဒဏ်ရာ (စိုးရိမ်ရ)ရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မန္တလေးမှ မူဆယ်သို့ ယာဉ်မောင်းပြည့်ဖြိုးအောင် မောင်းနှင်လာသော 5J/---- ယာဉ်သည် ၎င်း၏ ယာဉ်ကြောအတိုင်း လက်ယာဘက်မှကပ်၍ မောင်းနှင်လာစဉ် မျက်နှာချင်းဆိုင် လားရှိုးဘက်မှ မန္တလေးဘက်သို့ ယာဉ်မောင်း ခမ်းခုံ(၁၈ နှစ်) ပြင်ဦးလွင်မြို့နေသူ မောင်းနှင်လာသော ၂၂ ဘီးတွဲယာဉ်သည် အရှိန်ပြင်းစွာ မောင်းနှင်နေသော ၁၂ ဘီးယာဉ်အား ကျော်တက်စဉ် အရှိန်မထိန်းနိုင်ဘဲ တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိသွားပြီး တစ်ဖက်ယာဉ်ကြောရှိ ဗင်ကားအားတိုက်မိ၍ ပေ ၅၀ အထိ ချိတ်ဆွဲသွားခဲ့သောကြောင့် ပန်ဆိုင်း၊ မူဆယ်မြို့နယ်နေ ဇော်ဦး (၃၀ နှစ်)နှင့် ပြင်ဦးလွင်မြို့နေ အိုက်ကျုံး(၃၀နှစ်)တို့ နှစ်ဦး အခင်းဖြစ်ပွားရာနေရာ၌ သေဆုံးခဲ့ကာ ကျန်လေးဦးမှာ သီပေါမြို့နယ်ဆေးရုံ၌ ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**


## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ဟင်္သာတမြို့နေ ဦးဝင်းဇော်(မိသားစုရတနာ-ရွှေဆိုင်)၏ဇနီး သုဓမ္မသိင်္ဂီ ဒေါ်စမ်းရှင်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၇) ၄-၁-၂၀၁၇ရက်စွဲဖြင့် **သီဟသုဓမ္မသိင်္ဂီ** ဘွဲ့တံဆိပ်တော်အား ထိုက်တန်စွာ ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် မိသားစုနှင့်အတူ အထူးပင် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် သာသနာ့အကျိုး၊ နိုင်ငံ့အကျိုးကိုလည်း ဆတက်ထမ်းပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ကိုဇော်မင်းအောင်- မခင်သက်မာဝင်း (သား)**
**မောင်ကောင်းဇော်လင်း၊ မောင်အောင်ကောင်းဆက်**
**အရှည်ကြီးဆိုင်ကယ်အပိုပစ္စည်းရောင်းဝယ်ရေး**
**ဟင်္သာတမြို့**

## ပျောက်ဆုံးကြောင်း

ကျွန်မ မခင်စောဦး ၁၂/ပဇတ(နိုင်)၀၂၉၇၉၉ ၏ passport (No မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၀၃၀၀၄၅၈**

## ပျောက်ဆုံးကြောင်း

ကျွန်တော် အောင်ဖိုလ်ဖိုလ် CDC-76343၏ EDH (Hooo73214) မှာ ပျောက် ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၀၀၂၅၉၃**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့၊ ဇရစ်ချောင်းအုပ်စု၊ ချောင်းနားကျေးရွာ၊ အမက(ဆင်အိုင်)စတုတ္ထတန်းမှ မအေးချမ်းခင်၏ ဖခင်အမည်မှန်မှာ ဦးမောင်မောင်စိုး ၇/မလန(နိုင်)၀၆၆၃၂၈ ဖြစ်ပါကြောင်း။



# (၆)ကြိမ်မြောက် အရှေ့တောင်အာရှ တံခွန်စိုက်မြားပစ်ပြိုင်ပွဲဖွင့်

**သတင်း-ရဲရင့်ရှိန်း၊ ဓာတ်ပုံ-ဖိုးသော်ဇင်**

**ရန်ကုန် ဇန်နဝါရီ ၂၀**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ၂၀၁၇ ခုနှစ် (၆)ကြိမ်မြောက် အရှေ့တောင်အာရှတံခွန်စိုက်မြားပစ်ပြိုင်ပွဲ (6th South East Asian Open Archery Championships 2017) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီက ကျိုက္ကဆံ မြားပစ်ကွင်း၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်၊ ကမ္ဘာ့မြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ၊ အရှေ့တောင်အာရှမြားပစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ Mr. Sanguan Kosainta ၊ အရှေ့တောင်အာရှမြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် အတွင်းရေးမှူး Maj.(Rtd) Baharuddin Jamil နှင့် မြန်မာမြားပစ်အသင်း အဖွဲ့ခေါင်းဆောင် ဦးသောင်းထိုက်မင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ကမ္ဘာ့မြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ၊ အရှေ့တောင်အာရှ မြားပစ်အဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် အာရှမြားပစ်အဖွဲ့ချုပ်၊ အရှေ့တောင်အာရှ မြားပစ်အဖွဲ့ချုပ် ဒုတိယ



ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ ဒေါက်တာ ခင်ရွှေတို့က နှုတ်ခွန်းဆက်အမှာစကား ပြောကြားသည်။ ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်အသင်းများအား အမှတ်တရလက်ဆောင်များ ပေးအပ်သည်။ ထို့နောက် အာရှမြားပစ်အဖွဲ့ချုပ်၊ အရှေ့တောင်အာရှ မြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ဂုဏ်ထူးဆောင် ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ မြန်မာမြားပစ်အသင်း အဖွဲ့ခေါင်းဆောင် ဦးသောင်းထိုက်မင်းတို့အား အမှတ်တရလက်ဆောင်များ ပေးအပ်သည်။ **(အပေါ်ပုံ)** ဆက်လက်၍ မြန်မာ့သိုင်းနှင့် မြန်မာ့ရိုးရာခြင်းလုံးအားကစားနည်းများဖြင့် သရုပ်ပြသကြသည်။

ယင်းပြိုင်ပွဲကို ဇန်နဝါရီ ၂၁ ရက် **(ယနေ့)**မှ ၂၃ ရက်အထိ ရန်ကုန်မြို့ရှိ ကျိုက္ကဆံမြားပစ်ကွင်း၌ ကျင်းပမည်ဖြစ်ပြီး အိမ်ရှင်မြန်မာအသင်းအပါအဝင် မလေးရှား၊ ဗီယက်နမ်၊ ထိုင်း၊ စင်ကာပူ၊ ဖိလစ်ပိုင်နှင့် ဟောင်ကောင်အသင်းတို့မှ ကစားသမား ၇၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ (၆)ကြိမ်မြောက် အရှေ့တောင်အာရှ တံခွန်စိုက်မြားပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ် ၁၄ ခု ချီးမြှင့်မည်ဖြစ်ပြီး ပြိုင်ပွဲအမျိုးအစား ၁၄ ခု ထည့်သွင်းကျင်းပမည်ဖြစ်ကာ မြန်မာအသင်းသည် ပြိုင်ပွဲအားလုံး ယှဉ်ပြိုင်မည်ဖြစ်သည်။ ယင်းပြိုင်ပွဲတွင် Recurve နှင့် Compound ပြိုင်ပွဲအမျိုးအစား တစ်ဦးချင်းရှုံးထွက်ပြိုင်ပွဲ၊ အသင်းလိုက်ပြိုင်ပွဲ၊ Mix-Team ပြိုင်ပွဲနှင့် Ranking Round ပြိုင်ပွဲတို့ ထည့်သွင်းကျင်းပမည်ဖြစ်သည်။ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်သည် မလေးရှားနိုင်ငံ၌ကျင်းပမည့် (၂၉) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် အိမ်ရှင်အဖြစ် လက်ခံကျင်းပခြင်းဖြစ်ပြီး စီနီယာကစားသမားများ၊ လူငယ်ကစားသမားများဖြင့် ယှဉ်ပြိုင်မည်ဖြစ်ကာ အောင်မြင်မှုရရှိရန် အပြင် အတွေ့အကြုံရရှိရန်အတွက် ရည်ရွယ်ထားကြောင်း သိရသည်။

# MNL ပွဲစဉ် (၂) ယနေ့ ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၂၀**

၂၀၁၇ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၂)ကို ယခုတစ်ပတ်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ပွဲဦးထွက်နိုင်ပွဲရရှိထားသည့်အသင်းများအနက် ရော၀တီအသင်းမှာ ပွဲကျပ်ကစားရမည်ဖြစ်ကာ ရန်ကုန်နှင့်ရှမ်းယူနိုက်တက်အသင်းတို့မှာလည်း အဝေးကွင်းပွဲများ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ပွဲစဉ် (၂) အဖြစ် ဇန်နဝါရီ ၂၁ ရက်တွင် ပုသိမ်ကွင်း၌ ရော၀တီအသင်းနှင့် မကွေးအသင်း၊ သုဝဏ္ဏကွင်း၌ GFA အသင်းနှင့် ရှမ်းယူနိုက်တက်အသင်း၊ ဇန်နဝါရီ ၂၂ ရက်တွင် မန္တလာသီရိကွင်း၌ ရတနာပုံအသင်းနှင့် ဇွဲကပင်အသင်း၊ အောင်ဆန်းကွင်း၌ ချင်းယူနိုက်တက်အသင်းနှင့် Southern အသင်း၊ တောင်ငူကွင်း၌ ဟံသာဝတီအသင်းနှင့် နေပြည်တော်အသင်း၊ ဇန်နဝါရီ ၂၃ ရက်တွင် ဝေသာလီကွင်း၌ ရခိုင်အသင်းနှင့် ရန်ကုန်အသင်းတို့ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ အဖွင့်ပွဲတွင် မထင်မှတ်ဘဲ သရေကျခဲ့သည့် လက်ရှိချန်ပီယံ ရတနာပုံအသင်းသည် အိမ်ကွင်း၌ ကစားရမည်ဖြစ်သော်လည်း ကစားပုံ မတည်ငြိမ်ခြင်း၊ နိုင်ငံခြားသားကစားသမားတစ်ဦးသာ ပါဝင်နေခြင်းတို့အပြင် ဇွဲကပင်အသင်း၏ လက်ရှိခြေစွမ်းကြောင့် ခက်ခက်ခဲခဲကစားရဖွယ်ရှိနေသည်။

**ညီမြတ်သော်တာ**

# ပုဂံမြို့သစ်ဈေး၌ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး စစ်ဆေး



**ညောင်ဦး ဇန်နဝါရီ ၂၀**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းသည် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ကိစ္စရပ်များနှင့်ပတ်သက်၍ အလေးထားဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂၀ ရက်က ညောင်ဦးခရိုင် လျှပ်စစ်မန်နေဂျာရုံးနှင့် ပုဂံမြို့သစ်ဈေးမှ တာဝန်ရှိသူများ ပူးပေါင်း၍ ပုဂံမြို့သစ်ဈေးကြီးအတွင်း ဈေးဆိုင်ခန်းများအား လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ ဝိုင်ယာရှော့ခ်ကြောင့် မီးလောင်မှုမဖြစ်စေရေး အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ပြီး စာစောင်များဖြန့်ဝေခြင်း၊ မီးသတ်ဆေးဘူး အသုံးပြုခြင်းအတွက် လက်တွေ့သရုပ်ပြခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြသောင်း(ပုဂံ)**

## ယဉ်ကျေးမှု နယ်မြေအတွင်း ကျေးရွာချင်းဆက် လမ်းဖောက်

**ပြည် ဇန်နဝါရီ ၂၀**

ကမ္ဘာ့အမွေအနှစ်စာရင်းဝင် သရေခေတ္တရာယဉ်ကျေးမှုနယ်မြေ မှော်ဇာကျေးရွာ၌ မှော်ဇာ-ဈေးရပ်-တောင်လုံးညိုကျေးရွာချင်း ဆက်လမ်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါမြေနီလမ်းဆောင်ရွက်နေမှုကို ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူးနှင့်အဖွဲ့ဝင်များ ဇန်နဝါရီ ၁၈ ရက်က သွားရောက်စစ်ဆေးခဲ့ပြီး ယင်းလမ်းပြီးစီးပါက ယဉ်ကျေးမှုနယ်မြေသို့ လာရောက်ကြမည့် ပြည်တွင်း၊ ပြည်ပခရီးသည်များအတွက် သွားလာရေးအဆင်ပြေလွယ်ကူမည်ဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ဌာနများတွင် အသုံးပြုရန်အတွက် လိုအပ်သော အောက်ဖော်ပြပါ ပစ္စည်းများကို ဌာနအရောက်ကျပ်ငွေဖြင့်ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

(က) ပရီမီယံဒီဇယ်ဆီ (၁၀၀၀၀၀)ဂါလန်

(ခ) 11/0.4 KV, 200KVA Transformer (၂) လုံး

၂။ ဈေးနှုန်းလွှာပိတ်ရက်မှာ ၃-၂-၂၀၁၇ရက် ၁၆း၀၀နာရီဖြစ်ပြီး တင်ဒါပုံစံများကို မြို့တော်ခန်းမ (ပထမထပ်) ဘတ်ဂျက်နှင့် ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ် အချက်အလက်များကို ဖုန်း-၃၈၈၇၃၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးအဖွဲ့**

**ဖခင်အမည်မှန်**

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ အထက(ပေါင်)သတ္တမတန်း(F)မှ မခင်ရတနာဟိန်း၏ ဖခင်အမည်မှန်မှာ ဦးဖေစိန် ၁၁/ရဗန(နိုင်)၀၂၂၅၇၁ ဖြစ်ပါသည်။

**ဦးဖေစိန်**

## CLAIMS DAY NOTIC

## M.V ASIAN LEADER VOY : NO (03)

Consignees of cargo carried by M.V ASIAN LEADER VOY : NO (03) are here by notified that the vessel will arrive on about 23-1-2017 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 04:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

**တစ်ဦးတည်း ဖြစ်ပါကြောင်း**

မြင်းခြံမြို့၊ အထက(၄) သတ္တမတန်း(A)မှ မချယ်ရီလင်း၏ ဖခင် ဦးစောလင်းနှင့် ဦးဝင်းမောင်သိန်းမှာ တစ်ဦးတည်းဖြစ်ပါသည်။

## ဖခင်အမည်မှန်

မင်းဘူးမြို့၊ အထက (၁) နဝမတန်းမှ မစုစုလှိုင်၏ ဖခင်အမည်မှန်မှာ ဦးတိုက်ထွန်း ၈/မဘန(နိုင်)၀၉၃၅၉၂ ဖြစ်ပါကြောင်း။

**ဦးတိုက်ထွန်း**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၇-၁-၂၀၁၇ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၏ ကြော်ငြာစာမျက်နှာ (၃၀)မှ သားအဖြစ်မှ စွန့်လွှတ်ခြင်းကြော်ငြာတွင် ဒေါ်မြင့်မြင့်စိန်၏ နိုင်ငံသားစိစစ်ရေးကတ်မှာ ၁၂/လမန(နိုင်)၀၇၇၉၆၉ ဖြစ်ပါသည်။

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ သရဝဏ်ရိပ်သာ ၂လမ်း၊ အမှတ် ၁၂ ရှိ နှစ်ခန်းတွဲ (၃½)ထပ် အဆောက်အအုံ၏ ပထမထပ်ခြေရင်းခန်း( ၁၈ပေ× ပေ ၄၀)ရှိ တိုက်ခန်းအား ရောင်းချပိုင်ခွင့်ရှိသူ ဦးပြည်စိုးအောင် ၁၂/ သဃက(နိုင်)၀၆၁၇၃၇ထံမှ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရာ၌ စရန်ငွေတချို့တစ်ဝက်အား ပေးချေဝယ်ယူထားပါသည်။ ယင်းတိုက်ခန်း၏ ရောင်းချမှု၊ ဝယ်ယူမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှု စာရွက်စာတမ်း(မူရင်းများနှင့်တကွ ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း နောက်ဆုံးထားလာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက တိုက်ခန်းရောင်းဝယ်မှုအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးသိန်းဇော်**
**အထက်တန်းရှေ့နေ(စဉ်-၃၃၀၅၅)**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၈)၊ အမှတ် (၀/၄၅)၊ပဒေသာမြို့သစ်နေ ဒေါ်သာရာမာယား ၉/မမန(နိုင်)၀၈၁၇၃၄ ၏သား မောင်ဆူဒါးစ် ၉/မမန(နိုင်)၀၈၄၅၉၅ သည် မိခင်၏ဆိုဆုံးမမှုကိုမနာခံဘဲ မိမိ၏ဆန္ဒအလျောက် ပြုမူသွားပါသဖြင့် ၎င်းအား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။

ဤကြော်ငြာပါသည့်ရက်မှစ၍ ၎င်း၏ ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**
**မိခင်**
**ဒေါ်သာရာမာယား**

**ဖခင်အမည်မှန်**

ပခုက္ကူမြို့၊ အလက(၁)အဋ္ဌမတန်း(A)မှ မအိအိဖြူ၏ ဖခင်အမည်မှန်မှာ ဦးသန်းဇော်ဝင်း ၈/ပခက(နိုင်)၂၀၉၂၇၄ ဖြစ်ပါကြောင်း။

**ဦးသန်းဇော်ဝင်း**

## ရောင်းရန်ရှိသည်

အလှပြင်ဆိုင်သုံးပစ္စည်း၊ တစ်ဆိုင်လုံး စာ/လက်လွှဲ ရောင်းရန်ရှိသည်။ (လျှော့ဈေး)

**ဖုန်း-၀၉-၅၀၄၂၈၈၇**

## တစ်ဦးတည်းဖြစ်ပါကြောင်း

အထက(၁)ဟုမ္မလင်း၊ နဝမတန်း (C) ကျောင်းဝင်အမှတ် (၁၂၄၂၅) မောင်မိုးကျော်နှင့် မောင်ကျော်ဟန် (အဋ္ဌမတန်း)၊ မနီနီဇော်(စတုတ္ထတန်း) (လ-ခွဲ)အောက်မှန်ကင်းကျောင်းတို့၏ ဖခင်အမည်မှန်မှာ ဦးသာထွား(ခ) ဦးအိုက်ထွား ၅/ဟမလ(နိုင်) ၀၈၄၄၃၇ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးသာထွား(ခ)ဦးအိုက်ထွား**

## ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဗိုလ်မင်းရောင်လမ်းနှင့် သစ္စာလမ်းထောင့်၊ အမှတ် ၁၄၀တွင် ရုံးခန်းဖွင့်လှစ်ထားသော NINE AUTOMOBILE ASIA CO.,LTD.၊(ကုမ္ပဏီမှတ်ပုံတင်အမှတ်-၄၈၃၃/၂၀၁၂-၂၀၁၃)သည် အောက်တွင်ဖော်ပြထားသော တံဆိပ်အမည်အမှတ်အသားကို တစ်ဦးတည်း မူပိုင်အဖြစ် ပြုလုပ်သုံးစွဲရန်အတွက် ရန်ကုန်မြို့စာချုပ် စာတမ်းများမှတ်ပုံတင်ရုံး၏မှတ်ပုံတင်အမှတ် ၄/၄၂၈/၂၀၁၇ဖြင့် တရားဝင်မှတ်ပုံတင်သွင်းထား ပြီးဖြစ်ပါသည်။

JOJO
COOL GEAR
Genuine Quality

အထက်ပါ တံဆိပ်အမည်အမှတ်အသားအား Oil Filter,Air Filter, Fuel Filter, Transmission Filter, Cabin Filter,Environment Oil Filter,Environment Fuel Filter အမျိုးမျိုးနှင့် မော်တော်ယာဉ်ဆက်စပ်ပစ္စည်းအမျိုးမျိုးတို့တွင် လိုအပ်သလိုအသုံးပြုကြော်ငြာ ဖြန့်ချိရောင်းချသွားမည် ဖြစ်ပါသည်။

အထက်ပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို အတုပြုလုပ်ခြင်း၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှား ပြုလုပ်ခြင်း၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ တုပပြုလုပ်သုံးစွဲခဲ့ပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**NINE AUTOMOBILE ASIA Co.,LTD. ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးအေးဇော်မင်း (LL.B)** | **ဦးတင်ထွဋ် H.G.P;LL.B(Advocate)** |
| **အထက်တန်းရှေ့နေ(၂၈၅၁၄)** | **တရားလွှတ်တော်ရှေ့နေ(၅၇၆၀/၉၁)** |
| **ဒေါ်မြတ်သီတာအောင် (LL.B)** | **ဒေါ်ကြာညိုနှင်းရည် (LL.B)** |
| **အထက်တန်းရှေ့နေ(စဉ်-၃၂၄၁၈)** | **အထက်တန်းရှေ့နေ(စဉ်-၃၄၄၁၆)** |

**ဖုန်း-၀၉-၇၃၁၈၀၈၈၄၊ ၀၉-၇၃၁၁၉၂၅၆၊ ၀၉-၇၃၁၃၅၇၄၅၊ ၀၉-၄၃၁၉၈၃၂၀**
**အမှတ် ၁၃၂၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**



# မန္တလေးခရိုင်၌ ရှာဖွေကယ်ဆယ်ရေးစွမ်းရည်ပြိုင်ပွဲ ကျင်းပ

**မန္တလေး ဇန်နဝါရီ ၂၀**

သဘာဝဘေးအန္တရာယ်များနှင့် ရုတ်တရက်ဖြစ်ပွားလာသော ဘေးအန္တရာယ်များဖြစ်ပေါ်ရာတွင် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်ရာ၌ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားစေရန်ရည်ရွယ်၍ မန္တလေးတိုင်းဒေသကြီး မန္တလေးခရိုင် မီးသတ်တပ်ဖွဲ့ဝင်များ ရှာဖွေကယ်ဆယ်ရေးပြိုင်ပွဲကို ဇန်နဝါရီ ၁၈ ရက်က ကျင်းပရာ တိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းဇော်ဦးက အမှာစကားပြောကြားခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် မန္တလေးခရိုင်အတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်မှ မီးသတ်တပ်ဖွဲ့ဝင် ၄၇ ဦးတို့က BA Set အသုံးပြု၍ လိုဏ်ခေါင်းအတွင်းမှ လူနာကယ်ခြင်း၊ အမြင့်လှေကားတက်ခြင်း၊ ကြိုးကူး၍ တစ်ဖက်မှ လူနာကယ်ခြင်း၊ အထပ်မြင့်အဆောက်အအုံရှိ လူနာများ ကယ်ခြင်းတို့ကို စွမ်းရည်ပြည့် ပါဝင်ယှဉ်ပြိုင်ကြပြီး ဆုရရှိသူများအား တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူးနှင့် ဒုတိယတိုင်းဦးစီးမှူးတို့က ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ရဟန်းသာမဏေများအနေဖြင့် မုံရွာမြို့ ပိဋကလက်ာရဓမ္မာစရိယနှင့် သာမဏေကျော် စာလျှောက်မေးခန်းပွဲ ဝင်ရောက်ဖြေဆိုရန် စိတ်ဝင်စားမှုပိုလာ

**မုံရွာ ဇန်နဝါရီ ၂၀**

မုံရွာမြို့တွင် နှစ်စဉ်ကျင်းပလျက်ရှိသော ပိဋကလက်ာရဓမ္မာစရိယနှင့် သာမဏေကျော်စာလျှောက်မေးခန်းပွဲသို့ မြန်မာနိုင်ငံအတွင်းမှ ပရိယတ္တိသာသနာ့တာဝန်ကို အားသွန်ကြိုးပမ်းထမ်းဆောင်နေကြသော ရဟန်းသာမဏေများအနေဖြင့် တစ်နှစ်ထက်တစ်နှစ် စိတ်ဝင်စားမှုပိုမိုလာသောကြောင့် စာမေးပွဲလာရောက်ဖြေဆိုရန်လျှောက်ထားလာသော ရဟန်းသာမဏေများ ပိုမိုများပြားလျက်ရှိရာ ဇန်နဝါရီ ၁၈ ရက် နံနက်ပိုင်းအထိ ၁၂၂၆ ပါး လာရောက်ဖြေဆိုရန် လျှောက်ထားပြီးဖြစ်ကြောင်း မုံရွာမြို့ ပိဋကလက်ာရ ပရိယတ္တိအသင်းကြီးဥက္ကဋ္ဌ ဦးကောင်းတင်ထံမှ သိရသည်။

"စာလျှောက်မေးခန်းပွဲကို လာရောက်ဖြေဆိုလိုကြတဲ့ မြန်မာနိုင်ငံတစ်ဝန်းလုံးက ရဟန်းသာမဏေတွေအတွက် လျှောက်ထားဖို့ကို ဇန်နဝါရီ ၂၄ ရက် နောက်ဆုံးထား လက်ခံပေးသွားမှာဖြစ်ပါတယ်။ လက်ရှိအချိန် ဇန်နဝါရီ ၁၈ ရက် နံနက်အထိဖြေဆိုဖို့လျှောက်ထားတာ ၁၂၂၆ ပါးရှိပါတယ်။ ပထမအဆင့်အနေနဲ့ ၇၃၈ ပါး၊ ဒုတိယအဆင့်အနေနဲ့ ၃၁၂ ပါး၊ တတိယအဆင့်အနေနဲ့ ၁၂၀ ပါး၊ ဓမ္မာစရိယတန်းဖြေမယ့်စာသင်သားက ၃၉ ပါးနဲ့ စာချတန်းက ၁၄ ပါး စုစုပေါင်း ၁၂၂၆ ပါးရှိပါတယ်"ဟု ဦးကောင်းတင်က ပြောသည်။

ပရိယတ္တိသာသနာ့ဝန်ထမ်း ရဟန်းသာမဏေ အရှင်မြတ်များအား သာသနာတော်ကြီး တိုးတက်ပြန့်ပွားစည်ပင်စေရန် ထောက်ပံ့လှူဒါန်းလျက်ရှိသည့် မုံရွာမြို့ ပိဋကလက်ာရ ပရိယတ္တိအသင်းကြီး၏ ပိဋကလက်ာရဓမ္မာစရိယနှင့် သာမဏေကျော် စာလျှောက်မေးခန်းကို ဇန်နဝါရီ ၂၄ ရက်မှ ၂၆ရက်(ပြာသိုလပြည့်ကျော် ၁၂ ရက်မှ ၁၄ ရက်)အထိ နှုတ်ထောက်အာဂုံစာမေးခန်းနှင့် ဇန်နဝါရီ ၂၈ ရက်မှ ဖေဖော်ဝါရီ ၁ ရက် အထိရေးဖြေစာမေးပွဲများ ကျင်းပမည်ဖြစ်သည်။ ဖေဖော်ဝါရီ ၁၁ ရက်တွင် ဘွဲ့နှင်းသဘင်ကို ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ ဓမ္မာစရိယ (အဘိဝံသ)စာမေးပွဲကို မုံရွာမြို့ ပိဋကလက်ာရပရိယတ္တိအသင်းကြီး အနေဖြင့် ၁၃၆၉ ခု ပြာသိုလပြည့်ကျော် ၁၂ ရက်ကစတင်ကျင်းပခဲ့ပြီး ပိဋကလက်ာရစာမေးပွဲကို ၁၃၆၆ ခု ပြာသိုလပြည့်ကျော် ၁၂ ရက်က စတင်ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မုံရွာမြို့ ပိဋကလက်ာရအသင်းကြီး၏ မြေနေရာမှာ နန္ဒဝန်ရပ်ကွက်တွင်ရှိကာ စာဖြေဆောင်များ ဓမ္မပိမာန်တော်ပိဋကတ်စာကြည့်တိုက်နှင့် အခြားပရိယတ္တိသာသနိကအဆောက်အအုံများ ဆောက်လုပ်လှူဒါန်းမှုကို စတင်နေပြီဖြစ်ရာ ကုသိုလ်ရှင်များအနေဖြင့် ပိဋကလက်ာရ ပရိယတ္တိအသင်းကြီး ဖုန်း-၀၉-၃၃၃၃၁၅၂၅ နှင့် ၀၇-၁၂၆၀၃၃ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

# ဒုဋ္ဌဝတီမြစ်အတွင်း ရေအရည်အသွေးတိုင်းတာမည်

**မန္တလေး ဇန်နဝါရီ ၂၀**

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ရေနှင့် သန့်ရှင်းမှုဌာနနှင့် JICAမှ ပညာရှင်များပူးပေါင်း၍ ဇန်နဝါရီ ၂၀ ရက်မှစတင်ပြီး ဒုဋ္ဌဝတီမြစ်အတွင်း River Flow Meter ဖြင့် ရေအရည်အသွေးတိုင်းတာမှုကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ River Flow Meter ကို JICA မှ လှူဒါန်းထားခြင်းဖြစ်ပြီး ရေစီးနှုန်းတိုင်းတာခြင်းဖြင့် မြစ်ရေအရည်အသွေးကို တိကျစွာသိရှိနိုင်မည်ဖြစ်ကြောင်း ရေနှင့်သန့်ရှင်းမှုဌာနမှ လက်ထောက်ဌာနမှူး ဦးခင်မောင်သင်းက ပြောသည်။

"ရေအရည်အသွေးတိုင်းတာရာမှာ ရာသီဥတု၊ ရေစီးနှုန်း၊ ရေနမူနာကောက်ယူချိန်နဲ့ ကောက်ယူတဲ့နေရာတွေမှာ မူတည်ပြီး ရေအရည်အသွေးပြောင်းလဲမှုရှိနိုင်လို့ တိကျတဲ့ ရေအရည်အသွေးတိုင်းတာနိုင်အောင် River Flow Meter နဲ့ တိုင်းတာမယ်" ဟု ၎င်းကပြောသည်။ လတ်တလောတွင် စက်မှုဇုန်က ရေဆိုးများကို သန့်စင်မှုမရှိဘဲ အချင်း ၁၀ လက်မ ပိုက်လိုင်းနှင့် စွန့်ပစ်နေ၍ ဒုဋ္ဌဝတီမြစ်ရေ၏ အရည်အသွေးအခြေအနေကို စစ်ဆေးခြင်းဖြစ်ကြောင်း၊ စီမံကိန်းသက်တမ်းကာလတစ်ဝက်အတွင်း ရေအရည်အသွေးတိုင်းတာမှု နှစ်ကြိမ်လုပ်ခဲ့ရာတွင် ဒုဋ္ဌဝတီမြစ်ရေ၏ အရည်အသွေးမှာ ကောင်းမွန်သည့်အနေအထားရှိကြောင်း သိရသည်။

အဆိုပါစီမံကိန်းကို ၂၀၁၅ ခုနှစ် ဇွန် ၁၁ ရက်မှ စတင်ခဲ့၍ ၂၀၁၈ ခုနှစ် မေလတွင် ပြီးဆုံးမည်ဖြစ်ပြီး စီမံကိန်းကာလအတွင်း JICA မှ ကျွမ်းကျင်ပညာရှင်များနှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှအတိုင်ပင်ခံ အင်ဂျင်နီယာအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်မည်ဖြစ်သည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



# ပြည်ခရိုင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနရုံးသစ်ဖွင့်

**ပြည် ဇန်နဝါရီ ၂၀**

ပြည်ခရိုင် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနရုံးသစ်ဖွင့်ပွဲကို ပြည်မြို့ ဗိုလ်ချုပ်လမ်း သီရိခေတ္တရာရတနာမြို့တော်ခန်းမရှေ့ရှိ အဆိုပါရုံးသစ်အဆောက်အအုံ၌ ဇန်နဝါရီ ၁၈ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်မောင်ဝင်းက အမှာစကားပြောကြားပြီး တိုင်းဒေသကြီးအစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှူး ဒေါက်တာနီနီအေးက ဦးစီးဌာန၏လုပ်ငန်းတာဝန်များနှင့် ပတ်သက်၍ရှင်းလင်းတင်ပြသည်။ ထို့နောက် ခရိုင် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ တာဝန်ခံဦးစီးအရာရှိ ဒေါက်တာစိုးသက်နောင်က ရုံးသစ်ဖွင့်ပွဲနှင့် ပတ်သက်၍ ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

**မျိုးကျော်ကြီး(ပြန်/ဆက်)**



YBS ယာဉ်လိုင်းအသစ်များ ပြေးဆွဲရာတွင် လွယ်ကူအဆင်ပြေစေရန်အတွက် ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် မြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များ မော်တော်ယာဉ်လိုင်း လမ်းညွှန်လက်ကမ်းစာစောင်များကို မြို့နယ်အတွင်းရှိ နန္ဒဝန်ဈေးဘတ်စ်ကား မှတ်တိုင်တွင် ဇန်နဝါရီ ၁၉ ရက် နံနက်က ဝေငှနေသည်ကို တွေ့ရစဉ်

ဝင်းမြင့်ထွန်း(တောင်ဥက္ကလာ)

# မူးယစ်ဆေးဝါး၊ အရက်သေစာနှင့်ပတ်သက်၍ ပညာပေးရက်သတ္တပတ်လှုပ်ရှားမှုဆောင်ရွက်ရန် ညှိနှိုင်းစည်းဝေး

**ရန်ကုန် ဇန်နဝါရီ ၂၀**

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ(၁)၌ ရန်ကုန်တိုင်းဒေသကြီး လေးမြို့နယ်အတွင်း မူးယစ်ဆေးဝါး၊ အရက်သေစာနှင့်ပတ်သက်၍ ပညာပေး ရက်သတ္တပတ်လှုပ်ရှားမှု စီမံချက်ဆောင်ရွက်ရန် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၁၈ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ တိုင်းဒေသကြီး အုပ်ချုပ်ရေးမှူး ဦးမျိုးအောင်ဌေးက အမှာစကားပြောကြားခဲ့ပြီး အတွင်းရေးမှူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်ဝင်းနိုင်က တိုင်းဒေသကြီးအတွင်းဆောင်ရွက်မည့် မူးယစ်ဆေးဝါး၊ အရက်သေစာနှင့်ပတ်သက်သည့် ရက်သတ္တပတ်လှုပ်ရှားမှုစီမံချက် အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ပါဝင်ဆောင်ရွက်ကြမည့် တပ်ဖွဲ့၊ ဌာနအသီးသီးတို့မှ ပူးပေါင်းပါဝင်ဆောင်ရွက်ရန် ပြောကြားခဲ့သည်။

စီမံချက်လုပ်ငန်းနှင့်စပ်လျဉ်း၍ ကျောင်းသားလူငယ်များအား အသိပညာပေးခြင်းကို သန်လျင်မြို့နယ်၊ နည်းပညာတက္ကသိုလ်၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ အခြေခံပညာအထက်တန်းကျောင်းနှင့် အလယ်တန်းကျောင်း ၁၀ ကျောင်း၊ အင်းစိန်မြို့နယ် အခြေခံပညာအထက်တန်းကျောင်းနှင့် အလယ်တန်းကျောင်း ၁၀ ကျောင်းတို့၌လည်းကောင်း၊ ပြည်သူလူထုအသိပညာပေးခြင်းကို လှိုင်သာယာမြို့နယ်နှင့် ရွှေပြည်သာမြို့နယ်တို့မှ ရပ်ကွက် ၁၅ ခု၌ လည်းကောင်း၊ ပညာပေးရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ စီမံချက်ကို မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေတတ်သောဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့နှင့် UNICEF တို့ ပူးပေါင်း၍ ဆောင်ရွက်ခြင်းဖြစ်ပြီး ကျောင်းသားလူငယ်ထုနှင့် ပြည်သူလူထုအတွင်း မူးယစ်ဆေးဝါးနှင့် အရက်သေစာသုံးစွဲမှုပြဿနာနှင့် ယင်း၏ဆိုးကျိုးများကို ပိုမိုနားလည်သဘောပေါက်စေရေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ပညာပေးနည်းလမ်းပေါင်းစုံဖြင့် ပူးပေါင်းဆောင်ရွက်ရန် ရည်ရွယ်၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ဇန်နဝါရီ ၂၃ ရက်မှ ၂၉ ရက် အထိ သန်လျင် မြို့နယ်၊ အင်းစိန်မြို့နယ်၊ လှိုင်သာယာမြို့နယ်နှင့် ရွှေပြည်သာမြို့နယ်တို့ တွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ပြင်ဆင်ဖတ်ရှုပါရန်

၉-၁-၂၀၁၇ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၉ တွင်ပါရှိသည့် မွေးမြူရေးကဏ္ဍတိုးတက်ရေးအတွက် ဥစားဘဲများအခမဲ့ဖြန့်ဝေပေးသတင်းတွင် **အခမဲ့** အစား **မွေးမြူရေးဘဏ်စနစ်နှင့် လက်ဆင့်ကမ်းစနစ်ဖြင့်** ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**(နန်းသာရီ-ထိန်ဝင်း)**



# စာအုပ်စာပေလှူ့မိတ်ဆွေ

# စိတ်ဓာတ်ခွန်အားရှိစေချင်

**မလေးနွယ် (Phil:)**

သက်ရှိကမ္ဘာလောကအတွင်းရှိ လူသားတိုင်းတွင် ဝမ်းနည်းပူဆွေးမှု၊ ကြည်နူး ပျော်ရွှင်မှု၊ စိတ်အားငယ်မှု၊ စိတ်အားတက်ကြွမှုများကို အနည်းနဲ့အများ ခံစားကြဖူးပေလိမ့်မည်။ လူသားတစ်ဦးဖြစ်သည့် ကျွန်မသည်လည်း ကမ္ဘာလောကထဲမှ သက်ရှိလူသားမိန်းမသားတစ်ဦးဖြစ်၍ ထိုခံစားချက်များအားလုံးကို ခံစားခဲ့ရဖူးပါသည်။ ထိုခံစားချက်အမျိုးမျိုးထဲကမှ စိတ်ဓာတ်ကျဆင်းမှုဆိုသည့် ခံစားချက်ကို ကျွန်မတက္ကသိုလ်ဝင် စာမေးပွဲကို လေးကြိမ်မြောက် ကျရှုံးရချိန်တွင် ခံစားခဲ့ရခြင်းဖြစ်ပါသည်။ ကျွန်မတက္ကသိုလ်ဝင်စာမေးပွဲကို လေးကြိမ် ဖြေဆိုခဲ့သော်လည်း မအောင်မြင်ခဲ့သဖြင့် အကြီးအကျယ် စိတ်သောက ဝေဒနာခံစားရကာ စာမေးပွဲကို ဆက်မဖြေချင်တော့ လောက်အောင်ဖြစ်ခဲ့ရသည်။

အောင်စာရင်းထွက်သည့်နေ့တွင် ကိုယ့်နာမည်စာရင်းမတွေ့သဖြင့် စာမေးပွဲကျပြီဆိုသည့်အသိက အသက်ရှူကျပ်စေပြီး ချွေးသီးချွေးပေါက်များကျကာ မျက်ရည်များလည်လာပြီး တားမရဆီးမရဖြစ်ခဲ့ရသည်။ အိမ်ပြန်ရောက်သည်အထိ ဖြေမဆည်နိုင်ဖြစ်ပြီး ဝမ်းနည်းပူဆွေးကာ မျက်ရည်တို့က တောင်ကျချောင်း ရေပမာ တသွင်သွင်စီးဆင်းလျက် ရှိုက်ကြီးတငင်ငိုနေရင်းမှ စိတ်ရိုင်းဝင်ကာ “ တော်ပြီ.. ဒီစာမေးပွဲကို မဖြေတော့ဘူး။ ဆယ်တန်းမအောင်ချင်နေတော့။ ဒီလောက်ဖြေနေတာတောင်မအောင်ဘူး” ဆိုပြီး ကိုယ့်အပြစ်ကို မေ့ကာရှုံးမဲမဲနေမိပါတော့သည်။

**ဆယ်တန်းအောင်တော့ အဝေးသင်တက္ကသိုလ်တက်ရင်း မိခင်၏ရုံးမှာပဲ အလုပ်ဝင်ကာ ဘွဲ့တစ်ခုကို ရအောင်ယူနိုင်ခဲ့တယ်။ လုပ်ငန်းခွင်ဝင်တဲ့အခါမှာလည်း ကြိုးစားအားထုတ်မှုဆိုတာလိုအပ် နေစမြဲပါ . . .**

ညနေရုံးဆင်းချိန်ရောက်လို့ မိသားစုဆုံချိန်တွင် အဖေက “ သမီးက လက်ရေး လက်သား မကောင်းလို့၊ စာလုံးမပီသလို့၊ စာစစ်သူဖတ်မရလို့၊ အားနည်းချက်တွေရှိနေသေးလို့ စာမေးပွဲကျတာဖြစ်မှာပါ။ အားမလျှော့နဲ့။ နောင်နှစ်ဆက်ဖြေ” လို့ နှစ်သိမ့်စကားပြောသော်လည်း ကျွန်မက မတုန်မလှုပ်၊ စိတ်ထဲကတော့ “ နောက်ထပ် ဘယ်တော့မှမဖြေတော့ဘူး” လို့ ပြောနေမိပါတယ်။ အစ်ကိုလတ်ကတော့ “ နင်ဆယ်တန်းမအောင်ရင် ဆယ်တန်းမအောင်တဲ့ ပတ်ဝန်းကျင်မှာပဲနေရမယ်။ တက္ကသိုလ်ဘွဲ့ရဖြစ်ရင်တော့ နင့်ပတ်ဝန်းကျင်ဟာလည်း ကြီးမား ကျယ်ပြန့်လာမယ်။ အတွေးအခေါ်မြင့်လာမယ်။ ပေါင်းသင်းဆက်ဆံရေးမှာလည်း ဝင်ဆံ့လာမယ်။ အဲဒီတော့.. ဘယ်ပတ်ဝန်းကျင်မှာနေချင်လဲ၊ စဉ်းစားပေါ့” ဟု ပြောပါသည်။ သွေးပူနေတုန်းမှာတော့ ကျွန်မမစဉ်းစားမိခဲ့သည့် မိသားစုအခြေအနေကို သွေးအေးချိန်တွင် ပြန်စဉ်းစားမိခဲ့ပါသည်။

အောက်ခြေဝန်ထမ်းမိဘနှစ်ပါးကနေ မွေးဖွားလာတဲ့ ကျွန်မတို့မောင်နှမလေးယောက်မှာ မိန်းကလေးဆိုလို့ ကျွန်မ တစ်ယောက်တည်းပါပြီး အစ်ကိုကနှစ်ယောက်၊ မောင်တစ်ယောက်ပါ။ အစ်ကိုကြီးကတော့ ပညာရေးမှာ ပါရမီနည်းလို့ အတန်းပညာကို ဆုံးခန်းတိုင် မတက်နိုင်ဘဲ ကျောင်းထွက်ခဲ့ပါသည်။ အစ်ကိုလတ်က စည်းစနစ်ကြီးသူ၊ ကြိုးစားသူ၊ ရည်မှန်းချက်ကြီးသူဖြစ်၍ အထက်တန်းရှေ့နေဘဝဖြင့် ဂုဏ်ယူစွာ လျှောက်လှမ်းနေပါပြီ။

ကျွန်မအလှည့်ရောက်တော့ စဉ်းစားတယ် “ သြော်.. ငါကရော ဆယ်တန်း မအောင်တဲ့ ဘဝနဲ့ပဲနေသွားမှာလား။ ငါ့အမေ ပတ်ဝန်းကျင်မှာ ငါ့ကြောင့်များ မျက်နှာငယ်မလား။ သမီးလေးတစ်ယောက်ရှိပါတယ်။ ဆယ်တန်းလေးတောင် မအောင်ဘူးဆိုပြီး ကွယ်ရာမှာ အများရဲ့လှောင်ပြောင်ခြင်းတွေကို ခံနေရမလား” ဆိုသော အတွေးဝင်လာမိပါသည်။ တစ်ဆက်တည်းမှာပဲ ကျွန်မတို့ အလယ်တန်းကျောင်းသူ ဘဝက သင်ခဲ့ရသည့်ကဗျာလေးကိုလည်း သတိရမိပြန်ပါသည်။ ကဗျာလေးက စိတ်ဓာတ်ခွန်အားကို တက်ကြွစေသည့် ကဗျာကောင်းလေးတစ်ပုဒ်ပါ။ စသင်ရကတည်းက အဓိပ္ပာယ်လေးကို ကြိုက်မိ၍ တစ်ထိုင်တည်းအလွတ်ကျက်မိခဲ့တာပါ။ ဤကဗျာလေးကို သတိတရပြန်ဆိုမိပြီး ဆယ်တန်းမအောင်သည့် သမီးကိုပိုင်ဆိုင်ထားသော မိခင်ဖြစ်သူက ပတ်ဝန်းကျင်တွင်မျက်နှာငယ်ရမလားဆိုသည့် အတွေးများကြောင့်ပဲ လွဲမှားသော ကျွန်မ၏ အတွေးအခေါ်အယူအဆအမှားများကို ပြန်တည့်မတ်လာနိုင်ခဲ့ပါသည်။ ဟုတ်ကဲ့.. ကျွန်မဆယ်တန်းပြန်ဖြေခဲ့ရာ အောင်မြင်မှုရခဲ့ပါသည်။

ဆယ်တန်းအောင်တော့ အဝေးသင်တက္ကသိုလ်တက်ရင်း မိခင်၏ရုံးမှာပဲ အလုပ်ဝင်ကာ ဘွဲ့တစ်ခုကို ရအောင်ယူနိုင်ခဲ့သည်။ လုပ်ငန်းခွင်ဝင်သောအခါတွင်လည်း ကြိုးစားအားထုတ်မှုဆိုတာလိုအပ်နေစမြဲပါ။ လက်ရှိအဆင့်ကနေ နောက်တစ်ဆင့်တက်နိုင်ဖို့ စာမေးပွဲဖြေ၊ အောင်တော့ ရာထူးတစ်ဆင့်တက်၊ သတ်မှတ်ကာလပြည့်တော့ ရာထူးတိုးစာမေးပွဲထပ်ဖြေရသည့်အခါမအောင်မြင်ပြန်၍ ကျွန်မဘဝ၏ ဒုတိယမြောက် စိတ်ဓာတ်ကျဆင်းမှုဖြင့် ထပ်မံကြုံရပြန်ပါသည်။ ဤတစ်ကြိမ်တွင်လည်း ကျွန်မဘဝ၏ သူရဲကောင်းကဗျာလေးကိုပြေးပြီး သတိရမိ၍ အားအင်များပြန်လည် တက်ကြွလာကာ “ဒီတစ်ကြိမ်မှာမပါလည်း ဘာဖြစ်လဲ၊ နောက်တစ်ကြိမ် အခွင့်အရေးရခဲ့ရင် ပြန်ကြိုးစားမယ်လို့” အားတင်းရင်းနောက်တစ်ကြိမ်အခွင့်အရေးပြန်ရခဲ့ပါသည်။ နောက်ဆုံးမှာတော့ ပထမအကြိမ် လွဲခဲ့သည့်ဆုကို ကျွန်မပြန်လည်သိမ်းပိုက်နိုင်ခဲ့ပါသည်။ တစ်ဆင့်ထက်တစ်ဆင့်မြင့်သည်ထက်မြင့်လာရန်အတွက် သေချာပါသည်။ ကြိုးစားနေရပါဦးမည်။ ယှဉ်ပြိုင်နေရပါဦးမည်။ စိန်ခေါ်မှုတွေနဲ့လည်း ကြုံတွေ့နေရပါဦးမည်။

ကျွန်မသာ ဆယ်တန်းမအောင်သော အခြေအနေဖြင့်သာ ရပ်တန့်ခဲ့ပါက အဆင့်မြင့်ပညာရေးကို လက်လှမ်းနိုင်မည်မဟုတ်ပေ။ ပညာရေးဖြင့်ဘဝကို အသက်မွေးဝမ်းကျောင်းပြုနိုင်မည်မဟုတ်တော့ဘဲ အသက်မွေးဝမ်းကျောင်းတစ်ခုခုဖြင့် မိမိဘဝခရီးလမ်းကို လျှောက်လှမ်းရတော့မည် ဖြစ်ပေလိမ့်မည်။ အခုဆိုလျှင်ကျွန်မ၏အလျှော့မပေးသော လုံ့လဝီရိယကောင်းမှုကြောင့် ကြိုးစားအားထုတ်မှုက ကျွန်မဘဝအတွက် ရလဒ်ကောင်းကို ရယူနိုင်ခဲ့ပြီဖြစ်ပေသည်။

ကျွန်မဘဝလမ်းကြောင်းမှန်ကို တွန်းပို့ပေးသော၊ စိတ်ဓာတ်ကျတိုင်း ပြန်လည် နိုးကြားတက်ကြွစေသော၊ ကျွန်မဘဝ၏ ခွန်အားကိုဖြစ်စေသော ကယ်တင်ရှင် ကဗျာလေးကိုလည်း ကျွန်မလိုစိတ်ဓာတ်ကျသူများအတွက် စိတ်ဓာတ်ခွန်အားများ တိုးပွားစေရန် မျှဝေခံစားစေချင်ပါသည်။ ကဗျာလေးအမည်ကတော့ “ထိပ်ဆုံးသို့”ဖြစ်ပြီး ရေးသူကတော့“အမည်မသိ” စာဆိုတစ်ဦးဖြစ်မယ်ထင်ပါသည်။

### ထိပ်ဆုံးသို့

တစ်တောင်ပေါ် တစ်တောင်ဆင့်
တောင်အမြင့်ပတ်ခြံရံ၊
တစ်တောင်ဆုံးပြန်တော့ တစ်လုံးကျန်ပြန်ပေသမို့
ဖန်ဖန်လေ အားအင်နှီးလို့ရယ်
ကြိုးလျှောက်ရပြန်။
ခါတလေ တကယ်ပန်းတာကြောင့်
တော်ပါပြီ ဆက်မလှမ်းချင်ဘု
ရပ်တန့်းက ရပ်မယ်ကြံ
အမှန်တော့ ဖြစ်နိုင်မလား၊
စခဲ့မိဟာပေါ့
တစ်နေ့မှာ ဆုံးရာရောက်ပါလိမ့်
အားလျှော့ကာ ဆုတ်ချင်စမ်းပါနဲ့
စိတ်နွမ်းအသာဖြေဦး
မာလာငွေကန်ရေအေးရယ်နှင့်
ငှက်တေးကို အာရုံဆင်လို့
မှုတစ်သွင်အားအင်သစ်လိုက်ပ့ါ
ချစ်ဖွယ့်လူသား။

## ရေဘေးသင့်ပြည်သူများအတွက် သောက်ရေ သုံးရေများ ဖြန့်ဝေ

**တနင်္သာရီ ဇန်နဝါရီ ၂၀**

တနင်္သာရီမြို့နယ် သိန်ခွန်းကျေးရွာအုပ်စု ချောင်းလမုရွာနှင့် တာပလပ်ကျေးရွာတို့တွင် ဇန်နဝါရီ ၉ ရက်မှစ၍ မြစ်ရေကြီးခဲ့၍ အိမ်ထောင်စု ၁၀၀ ကျော် ပြောင်းရွှေ့နေထိုင်ခဲ့ရပြီး ယခင်အသုံးပြုနေသည့် သောက်ရေတွင်းများပါ ရေကြီးနစ်မြုပ်ခဲ့သဖြင့် သောက်ရေ၊ သုံးရေတို့ အခက်အခဲတွေရှိနေရကြောင်း သိရသည်။

ထို့ကြောင့် မြို့နယ်ရေဘေးကယ်ဆယ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းမင်းနိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစောမောင်တို့က ဂါလန် ၁၂၀၀ ဆံ့ မီးသတ်ရေသယ်ယာဉ်ဖြင့် သောက်ရေ၊ သုံးရေများ ဖြန့်ဝေပေးခဲ့သည်။ ထို့နောက် ယင်းကျေးရွာများရှိ အများပြည်သူသုံးသောက်ရေတွင်းများကိုလည်း ပြန်လည်တူးဖော်ပြီး ကျန်းမာရေးဌာနမှ Water Gard ဆေး၊ Breaching Power ဆေးနှင့် အဘိတ်ဆေးများခပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။



**နန်းသာရီ-ထိန်ဝင်း**

## နွေစပါးရာသီ ရေပေးဝေနိုင်ရေး ကြိုတင်စီစဉ်ဆောင်ရွက်

**ပြည် ဇန်နဝါရီ ၂၀**

ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး (၂) ပြည်မြို့မှ၊ JICA(ODA)ချေးငွေဖြင့် တာဝန်ယူတည်ဆောက်ပြုပြင်နေသော မြောက်နဝင်း၊ တောင်နဝင်း၊ တောင်ညို၊ ဝဲကြီးဆည်ရေသောက်စနစ်အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို လျာထားချက်ပြည့်မီအောင် ဖော်ဆောင်လျက်ရှိသည်။

အဆိုပါ လုပ်ငန်းများဖော်ဆောင်နိုင်ရေးအတွက် ဂျပန်အင်ဂျင်နီယာများနှင့် ဆည်မြောင်းရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး(၂)မှ တာဝန်ရှိသူများက ဆောင်ရွက်ပြီးစီးမှုများကို ပြန်လည်သုံးသပ်ပြီး ၂၀၁၇ နွေစပါးရာသီ ရေပေးဝေနိုင်ရေးအတွက် ရှေ့ဆောင်ရွက်ရမည့်လုပ်ငန်းများအား ကြိုတင်ညှိနှိုင်းပြီး လုပ်ငန်းများ အချိန်မီပြီးစီးရေး အကြံပြုချက်များကို ဇန်နဝါရီ ၁၇ ရက်က ဆွေးနွေးကြသည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက နွေစပါးစိုက်ရာသီတွင် တူးမြောင်းစနစ်ဖြင့် ရေပေးဝေနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မြင့်နိုင်(ရွှေတောင်)**

## ပျော်ဘွယ်မှ ကြက်သွန်ပျိုးပင်များ တပ်ကုန်း ဈေးကွက်အတွင်းဝင်ရောက်

**တပ်ကုန်း ဇန်နဝါရီ ၂၀**

နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ်တွင် ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၁၀ ရက်က မိုးသည်းထန်စွာ ရွာသွန်းပြီး ဆင်သေချောင်း၊ နဝင်းချောင်းတို့ ရေကြီးရေလျှံဖြစ်၍ ကြက်သွန်စိုက်တောင်သူအချို့ ကြက်သွန်မျိုးပင်များ ပျက်စီးခဲ့မှုကြောင့် ယခုနှစ်ကြက်သွန်စိုက်ရာသီတွင် ပျော်ဘွယ်မြို့နယ်မှ ကြက်သွန် ပျိုးပင်များ တပ်ကုန်းမြို့နယ်ဘက်တွင် ဈေးကွက်သို့ လာရောက်လျက်ရှိကြောင်း ဒေသခံတောင်သူတစ်ဦးထံမှ သိရသည်။

“ဒီနယ်ဘက်ကို ပျော်ဘွယ်မြို့နယ် ရနောင်းကျေးရွာက ကြက်သွန်ပျိုးပင်တွေ လာရောက်ရောင်းချသူတွေ များပါတယ်။ ကြက်သွန်ပျိုးခုံတွေကို သီတင်းကျွတ်လပြည့်ကျော်၊ တန်ဆောင်မုန်းလဆန်းပိုင်းမှာ စတင်ပျိုးထောင်ကြပြီး ၄၅ ရက်ပြည့်ချိန်မှာ စိုက်ခင်းထဲ ပြောင်းရွှေ့စိုက်ပျိုးကြပါတယ်။ ကုန်ကျမှုအနေနဲ့ မျိုးစေ့တစ်ပြည် ငွေကျပ် ၂၅၀၀၀၊ ထယ်တစ်ရှဉ်း ငွေကျပ် ၅၀၀၀၊ ပေါင်ကျင်းနေ့စားတစ်ဦး ငွေကျပ် ၄၀၀၀၊ ရေလောင်းနေ့စား တစ်ဦးငွေကျပ် ၂၅၀၀ နဲ့စိုက်ပျိုးရပါတယ်။ ပျိုးစေ့တစ်ပြည်ထောင်တစ်ခင်းလျှင် အထုံးပေါင်း ၁၅၀ ရရှိကာ တပ်ကုန်းနယ်ဘက်တွင် ပျိုးတစ်ထုံးကို ငွေကျပ် ၈၀၀ ရောင်းချပါတယ်” ဟု ရနောင်းကျေးရွာမှ ကြက်သွန်ပျိုး ရောင်းချသူတစ်ဦးက ပြောသည်။

**သတင်းနှင့်ဓာတ်ပုံ-မေသုခ၊ ခြူးလေး**



## စဉ့်ကိုင်မြို့တွင် မြေယာလျော်ကြေးငွေ ပေးအပ်ပွဲကျင်းပ

**စဉ့်ကိုင် ဇန်နဝါရီ ၂၀**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်ပလိပ်မြို့အနီးတွင်အမှတ်(၁၄)လုံခြုံရေးရဲတပ်ဖွဲ့ တည်ဆောက်ရန်အတွက် ၂၀၀၁ ခုနှစ်ကသိမ်းယူခဲ့သောလယ်ယာမြေ ၁၀၄ ဒသမ ၄၇ ဧကအတွက်လျော်ကြေးငွေပေးအပ်ပွဲအခမ်းအနားကို အဆိုပါရဲတပ်ဖွဲ့ စုဝေးခန်းမ၌ ဇန်နဝါရီ ၁၃ ရက်က ကျင်းပရာ မြို့နယ်မြေယာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမင်းဆွေနှင့်အမှတ်(၁၄)လုံခြုံရေးရဲတပ်ဖွဲ့ခွဲ၊ ယာယီတပ်ဖွဲ့ခွဲမှူးရဲမှူးဇေယျာငြိမ်းတို့က မြေယာလျော်ကြေးငွေများ ပေးအပ်မှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

အစီအစဉ်အရ သိမ်းဆည်းခံလယ်ယာမြေ ၁၀၄ ဒသမ ၄၇ ဧကအတွက် တစ်ဧကလျှင်ငွေကျပ် ၁၅ သိန်းနှုန်းဖြင့် လျော်ကြေးငွေစုစုပေါင်း ၁၅၆၇ ဒသမ ၀၅ သိန်းကို တောင်သူ ၄၅ ဦးတို့အား ဧကအလိုက်အချိုးကျခွဲဝေပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်မင်း(စဉ့်ကိုင်)**

# မုံရွာဆုတောင်းပြည့်ဘုရားကြီးစတီးလ်ထီးတော်သစ်တင်လှူပွဲ ကျင်းပမည်

**မုံရွာ ဇန်နဝါရီ ၂၀**
စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့တွင် ရတနာအထွတ်တင်ပူဇော်၍ လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူလျက်ရှိသော မုံရွာမြို့ သမိုင်းဝင် ဆုတောင်းပြည့်စေတီတော်မြတ်ကြီး၏ စတီးလ်ရွှေထီးတော်သစ်တင်လှူပွဲကို လာမည့်တပို့တွဲလပြည့်နေ့ (၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ ၁၁ရက်) စနေနေ့တွင် ကျင်းပမည်ဖြစ်ကြောင်း ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးတင်အောင်ထံမှ သိရသည်။ "စေတီတော်ကြီးရဲ့ရွှေသင်္ကန်းအရောင်ကမှိန်လာတဲ့အတွက် လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူဖို့ ဂေါပကအဖွဲ့ဝင်တွေနဲ့ တိုင်ပင်ပြီးဆရာတော်ကြီးတွေရဲ့ ဩဝါဒကိုခံယူခဲ့ပါတယ်။ လုံးတော်ပြည့်ရွှေသင်္ကန်းကပ်တာနဲ့အတူ နှစ် ၁၂၀ ကျော်လို့ကြံ့ခိုင်မှု အားနည်းနေပြီဖြစ်တဲ့ ထီးတော်ကြီးကိုပါ စတီးလ်ကြေးထီးတော်အသစ်နဲ့ လဲလှယ်တင်လှူဖို့စီစဉ်နေတာပါ"ဟု ဦးတင်အောင်က ရှင်းပြသည်။



စေတီတော်ကြီး၏ လုံးတော်ပြည့်ရွှေသင်္ကန်းအတွက် တစ်ဆိုင်းလျှင် ငွေကျပ် ၃၅၀၀၀ နှုန်းဖြင့် ရွှေဆိုင်း ၇၂၅၀အတွက် အလှူငွေများနှင့်အတူ ရွှေစင်၊ ရွှေပြား ခြောက်လက်မ ပတ်လည် တစ်ကျပ်သား တစ်ချပ်လျှင် ရှစ်သိန်း သတ်မှတ်အလှူခံခဲ့ရာ ရွှေစင်ရွှေပြား ၉၂ ချပ်ရရှိခဲ့ပြီး ဆက်လက်လှူဒါန်းကြဆဲဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း**
**(မုံရွာ)**

# မူခင်းအသိပညာပေးယာဉ်ဖြင့် အသိပညာပေးမှုများ ဆောင်ရွက်

**ပန်းတောင်း ဇန်နဝါရီ ၂၀**
ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ်အတွင်း မူခင်းများ လျော့နည်းကျဆင်းရေး၊ မူးယစ်ဆေးဝါးနှင့် လူကုန်ကူးမှုအန္တရာယ်တားဆီးကာကွယ်ရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ မူခင်းပညာပေးယာဉ်ဖြင့် အသိပညာပေးဟောပြောမှုများကို ဇန်နဝါရီလဒုတိယပတ်က ဆောင်ရွက်ခဲ့သည်။

တိုင်းဒေသကြီး တိုင်းရဲတပ်ဖွဲ့မှ ဒုရဲအုပ် အောင်ဇော်မင်းနှင့်ရဲတပ်ဖွဲ့ဝင်များ၊ ပန်းတောင်းမြို့နယ် ရဲတပ်ဖွဲ့မှူးရုံး ဒုတိယရဲတပ်ဖွဲ့မှူး ဒုရဲမှူးတင့်ဆွေနှင့်ရဲတပ်ဖွဲ့ဝင်များက မူခင်းပညာပေးယာဉ်ဖြင့် ဂုံညှင်းတန်းကျေးရွာအခြေခံပညာ အထက်တန်းကျောင်းရှေ့တွင် မူခင်းအသိပညာပေးလုပ်ငန်းများဆောင်ရွက်ခဲ့ရာ ပန်းတောင်းမြို့နယ် ဒုတိယရဲတပ်ဖွဲ့မှူး ဒုရဲမှူးတင့်ဆွေက မူးယစ်ဆေးဝါး၏ဆိုးကျိုးများနှင့် တားဆီးကာကွယ်ရေးကိုလည်းကောင်း၊ တိုင်းရဲတပ်ဖွဲ့မှ ဒုရဲအုပ် အောင်ဇင်မင်းက လူမှောင်ခို၊ လူကုန်ကူး ခြင်းများကို သတိထားရှောင်ရှားရန် အချက်အလက်များကိုလည်းကောင်း၊ ပန်းတောင်းမြို့မရဲစခန်းမှူး ဒုရဲမှူး အောင်အောင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကိုလည်းကောင်း အသေးစိတ် ဟောပြောခဲ့ရာ ဟောပြောပွဲသို့ဆရာ ဆရာမများနှင့်ကျောင်းသား ကျောင်းသူပေါင်း ၇၀၀ ခန့် လာရောက်ခဲ့ကြသည်။

ဆက်လက်၍ မူခင်းပညာပေးယာဉ်ဖြင့် ပန်းတောင်းမြို့နယ်အတွင်းရှိ အမှတ် (၂၀၄၃) လေကြောင်းရန်ကာကွယ်ရေးတပ်သို့ သွားရောက်ခဲ့ကာ မူခင်းအသိပညာပေးခြင်းလုပ်ငန်းများကို ဟောပြောဆောင်ရွက်ခဲ့သည်။

**အောင်မြင့်(ပန်းတောင်း)**

# အငှားအိမ်ရာနှင့် ဝန်ထမ်းအိမ်ရာတည်ဆောက်လျက်ရှိ

**ကသာ ဇန်နဝါရီ ၂၀**
စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့၌ တိုင်းဒေသကြီးအစိုးရ၏ စီမံချက်အရ အငှားအိမ်ရာနှင့် ဝန်ထမ်းအိမ်ရာ စီမံကိန်းကို တည်ဆောက်လျက်ရှိရာ လုပ်ငန်းများ သတ်မှတ်အရည်အသွေး ပြည့်မီစေရန် လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ဇန်နဝါရီ ၁၄ ရက်က သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

ကသာမြို့နယ် သုသာန်ဟောင်းမြေနေရာ အကွက်အမှတ်(၂၇) ပတ္တမြားရပ်ကွက်တွင် ဝန်ထမ်းအိမ်ရာနှင့် အငှားအိမ်ရာ တည်ဆောက်ရေးလုပ်ငန်းအဖြစ် အလျား ၁၄၈ ပေ၊ အနံ ၄၂ ပေရှိ ၁၂ ခန်းတွဲ လေးထပ် အဆောက်အအုံ နှစ်လုံး စုစုပေါင်း ၉၆ ခန်းကို တင်ဒါအောင်မြင်သည့် အောင်စံထိုက်စံကုမ္ပဏီနှင့် Design Excel Development ကုမ္ပဏီတို့က ဆောက်လုပ်နေမှုများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ကြည်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညီညီထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းအောင်နှင့် တာဝန်ရှိသူများက သွားရောက်စစ်ဆေးခဲ့သည်။

ကသာမြို့နေ ပြည်သူတစ်ဦးက ယခုလိုအဆောက်အအုံများ တိုးချဲ့တည်ဆောက်ပေးခြင်းဖြင့် လူနေမှုအဆင်အတန်း မြင့်မားလာခြင်းစသည့် အကျိုးကျေးဇူးများကြောင့် ကြိုဆိုကြောင်း၊ သို့သော် အဆောက်အအုံများတွင် နေထိုင်သူများ၏ ကား၊ ဆိုင်ကယ်စက်ဘီးများ ထားရှိရန်အတွက် နေရာလွတ်များကို အဆောက်အအုံတည်ဆောက်နေစဉ်မှာပင် ထည့်သွင်းစဉ်းစား တည်ဆောက်ပေးစေလိုကြောင်း အကြံပြုပြောကြားသည်။

**ငွေအိုး(ကသာ)**



# ဆင်ခြေထောက်ကာကွယ်ဆေးတိုက်ကျွေးရေး ဆွေးနွေး

**မြန်အောင် ဇန်နဝါရီ ၂၀**
ရောဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်၌ ဆင်ခြေထောက်ရောဂါကာကွယ်ဆေးများ တိုက်ကျွေးရာတွင် ဒေသခံ လူမှုရေးအဖွဲ့အစည်းများအနေဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြရန် ဆွေးနွေးပွဲကို မြန်အောင်မြို့အင်ပင်ဒေသန္တရဆေးပေးခန်း၌ ဇန်နဝါရီ ၁၈ ရက်က ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် ကျန်းမာရေးဌာနမှ တာဝန်ရှိသူများနှင့် ဒေသခံလူမှုရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများ တွေ့ဆုံ၍ အင်ပင် R.H.C ကျန်းမာရေးမှူး ဒေါ်ခင်ခင်ယုက ဆင်ခြေထောက်ရောဂါကာကွယ်ဆေး တိုက်ကျွေးခြင်းဆိုင်ရာ သိကောင်းစရာများနှင့် ဆေးတိုက်ကျွေးရာတွင် ကျန်းမာရေးဝန်ထမ်းများနှင့်အတူ ဒေသခံလူမှုရေးအဖွဲ့အစည်းများမှ အဖွဲ့ဝင်များက ပူးပေါင်းဆောင်ရွက်ကြရန် ပြောကြားကာ တက်ရောက်လာသော လူမှုရေးအဖွဲ့ဝင်များက ပြန်လည်ဆွေးနွေးခဲ့ကြသည်။

မြန်အောင်မြို့နယ်၌ ဇန်နဝါရီ ၂၀ ရက်မှ ၂၆ ရက်အတွင်း ဆင်ခြေထောက်ရောဂါကာကွယ်ဆေးများကို ကျန်းမာရေးဝန်ထမ်းများနှင့်အတူ ဒေသခံလူမှုရေးအဖွဲ့အစည်းများက အိမ်တိုင်ရာရောက် လိုက်လံတိုက်ကျွေးသွားကြမည်ဖြစ်ကြောင်း သိရသည်။

**သန်းဌေးအောင်(အင်ပင်)**

# အသည်းရောင်အသားဝါဘီပိုး ကာကွယ်ဆေးများ တတိယအကြိမ် အခမဲ့ထိုးပေး

**ကျောက်ပန်းတောင်း ဇန်နဝါရီ ၂၀**
မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်၌ မြန်မာနိုင်ငံ အသည်းဖောင်ဒေးရှင်းနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီတို့ ပူးပေါင်း၍ ဒေသခံပြည်သူများအား အသည်းရောင်အသားဝါ ဘီပိုးကာကွယ်ဆေးများကို ဇန်နဝါရီ ၁၈ ရက်က တတိယအကြိမ် အခမဲ့ထိုးနှံပေးခဲ့ကြောင်း သိရသည်။



ကာကွယ်ဆေးများကို ကျောက်ပန်းတောင်းမြို့ သုဂတိရှင်နာမှုညီရေးအသင်း အခမဲ့ဆေးကုခန်း၊ ဆွေသဟာလူမှုကူညီရေးအသင်းရုံး ဆေးခန်းနှင့် မြို့နယ်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီရုံးတို့တွင် နေရာခွဲ၍ ထိုးပေးခဲ့ပြီး ကာကွယ်ဆေးထိုးပေးရာတွင် သွေးလှူရှင်အသင်းများနှင့် သွေးအလှူရှင်များကို အဓိကဦးစားပေး၍ ထိုးနှံပေးခဲ့ကြောင်း၊ ကာကွယ်ဆေးများ ထိုးပေးရာတွင် ကျောက်ပန်းတောင်းမြို့နယ်အတွင်းမှ သွေးလှူရှင်နှင့် ပြည်သူ ၅၀၀ ဦးအား ထိုးနှံပေးနိုင်ခဲ့ပြီး ယခုအကြိမ်မှာ တတိယအကြိမ်နှင့် နောက်ဆုံးထိုးနှံခြင်းဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ အဓိကဦးစားပေးတာကတော့ သွေးအလှူရှင်တွေကိုပါ။ သူတို့က တစ်ဖက်ကဝေဒနာရှင် လိုအပ်တဲ့သွေးကို လိုအပ်တဲ့အချိန်မှာ အရေးပေါ် လှူဒါန်းနိုင်ဖို့အတွက် သွေးသန့်နေဖို့ လိုပါတယ်။ ဒါကြောင့် သူတို့ကို ဦးစားပေးတာပါ။ ပြီးမှ ပြည်သူတွေကို ရသလောက် ထိုးနှံပေးတာပါ။ အားလုံး လူဦးရေ ၅၀၀ ကို နေရာသုံးနေရာခွဲပြီး ထိုးပေးနေတာပါ။ ဆေးထိုးတဲ့ စနစ်ကတော့ ဇီးရိုး၊ ဝမ်း၊ ဆစ် ဆိုတဲ့စနစ်နဲ့ ထိုးနှံပေးတာပါ။ ဇီးရိုးဆိုတာက ပထမဆုံး စတင်ထိုးနှံတဲ့ရက်ပါ။ ဝမ်းကတော့ စထိုးပြီးတစ်လအကြာမှာ ဒုတိယအကြိမ် ထိုးနှံပေးတာဖြစ်ပြီး ဆစ်ကတော့ စထိုးတဲ့ရက်ကနေ နောက်ခြောက်လအကြာမှာ တတိယအကြိမ်အဖြစ် နောက်ဆုံးထိုးနှံပေးရတာပါ။ အခုဟာက နောက်ဆုံးအကြိမ်ပေါ့"ဟု ဘီပိုးကာကွယ်ဆေးများကို တာဝန်ယူထိုးနှံပေးနေသည့် ဆရာဝန်တစ်ဦးက ပြောသည်။

အဆိုပါ အသည်းရောင်အသားဝါ ဘီပိုးကာကွယ်ဆေးများကို ကျောက်ပန်းတောင်းမြို့နယ်တွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးကျော်တုတ်၏ ဆက်သွယ်စီစဉ်ပေးမှုဖြင့် မြန်မာနိုင်ငံအသည်းဖောင်ဒေးရှင်းမှ လှူဒါန်းခြင်းဖြစ်ပြီး မြို့နယ်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီက ဦးစီးဆောင်ရွက်ကာ ကာကွယ်ဆေးထိုးပြည်သူများ အကြိမ်ရေမှန်မှန် ထိုးနှံရေးအတွက် လူမှုရေးအသင်းအဖွဲ့များမှ ကူညီဆော်ဩပေးပြီး ဆေးထိုးအပ်နှင့် အခြားဆက်စပ်ပစ္စည်းများကို မြို့ပေါ်ရှိအလှူရှင်များက လှူဒါန်းပံ့ပိုးခဲ့ကြကြောင်း သိရသည်။

**နေအောင် (မြန်/ဆက်)**

# ဇမ္ဗူသီရိမြို့နယ်၌ ပြည်သူ့ဗဟိုပြု ရဲလုပ်ငန်းစနစ် ကွင်းဆင်းအကောင်အထည်ဖော်

**နေပြည်တော် ဇန်နဝါရီ ၂၀**
နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အလျင်လိုကျေးရွာ၌ ပြည်သူ့ဗဟိုပြု ရဲလုပ်ငန်းစနစ်ကို ဇန်နဝါရီ ၁၇ ရက်က စတင်ဆောင်ရွက်ပြီး ရဲတပ်ဖွဲ့ဝင်များက ဒေသခံပြည်သူများနှင့် ရင်းနှီးစွာတွေ့ဆုံ၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နေပြည်တော် တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဇော်ခင်အောင်၏ လမ်းညွှန်မှုဖြင့် ဒက္ခိဏခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မောင်မောင်ခင် ဦးဆောင်၍ ဇမ္ဗူသီရိမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဆန်းအောင်၊ အမှတ်(၁)မြို့မရဲစခန်းမှူး ဒုရဲမှူးမြင့်ဌေးနှင့် ရဲတပ်ဖွဲ့ဝင် ၂၀ တို့က ကျေးရွာနေပြည်သူများ၏ နေအိမ်များသို့ တစ်အိမ်တက်ဆင်းသွားရောက်ပြီး ပြည်သူများနှင့် တွေ့ဆုံ၍ မှုခင်းကျဆင်းရေး၊ မှုခင်းကာကွယ်ရေးတို့အတွက် မှုခင်းပညာပေး လက်ကမ်းစာစောင်များကို ဝေငှပေးခဲ့ကာ ပြည်သူများအနေဖြင့် ရဲတပ်ဖွဲ့အား အချိန်မရွေး ဆက်သွယ်အကြောင်းကြားနိုင်မည့် ဖုန်းနံပါတ်များကိုလည်း ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် နယ်မြေလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ မူးယစ်ဆေးဝါးအန္တရာယ် ကာကွယ်ရေး၊ လောင်းကစားမှုများ ပပျောက်ရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို လုပ်ဆောင်ပေးရန် ၂၄ နာရီ အသင့်ရှိနေပါကြောင်း၊ ပြည်သူများဘက်မှလည်း မိမိတို့ပတ်ဝန်းကျင်တွင် မှုခင်းများဖြစ်ပေါ်လာလျှင် ရဲတပ်ဖွဲ့သို့ အချိန်မရွေး ဆက်သွယ်အကြောင်းကြားပေးရန် လိုအပ်ကြောင်း၊ ပြည်သူများက ရဲတပ်ဖွဲ့အား အကူအညီပေးမှ သတင်းမှန်ရရှိမည်ဖြစ်ကြောင်း ဇမ္ဗူသီရိမြို့မရဲစခန်းမှူးက ပြောကြားသည်။

နေပြည်တော် ရဲတပ်ဖွဲ့သည် ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းဆောင်ရွက်မှုအနေဖြင့် နေပြည်တော် ရှစ်မြို့နယ်အတွင်း နေထိုင်ကြသော ပြည်သူများထံသို့ တစ်အိမ်တက်ဆင်းသွားရောက်၍ မှုခင်းကြိုတင်ကာကွယ်ရေးနှင့် မှုခင်းပညာပေး လက်ကမ်းစာစောင်များ ဝေငှခြင်း၊ ရဲတပ်ဖွဲ့သို့ဆက်သွယ်ရမည့် ဖုန်းနံပါတ်များ ဖြန့်ဝေပေးခြင်းတို့ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**



# မွန်ရိုးရာယဉ်ကျေးမှုများ ရေရှည်တည်တံ့အောင် ထိန်းသိမ်းရန်လိုအပ်

**ရေး ဇန်နဝါရီ ၂၀**
မွန်ပြည်နယ်တွင် မွန်တိုင်းသားလူမျိုးများ အများဆုံးနေထိုင်ကြရာ မွန်တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုများဖြစ်သော အဆို၊ အက၊ အတီး၊ အမှုတ်များကို မပျောက်ပျက်အောင် ထိန်းသိမ်းကာကွယ်သွားကြရန်နှင့် ရေရှည် ဆက်လက်တည်တံ့ ခိုင်မြဲအောင် ဆောင်ရွက်ကြရန် လိုအပ်ကြောင်း ရေးမြို့နယ် မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးမင်းအောင်စိုးက ပြောသည်။



မွန်ယဉ်ကျေးမှု အဆို၊ အက၊ အတီး၊ အမှုတ်များဖြစ်သည့် မွန်တပင်တိုင်ယိမ်း၊ ခေတ်ဟောင်းနှစ်ပါးသွားအက စသည်တို့အပြင် မိကျောင်းတူရိယာ၊ ပတ်ကိုင်း၊ ထောင်တယော၊ ပုလွေကြီး၊ ပတ်တလား စသည့် တူရိယာ အတီးအမှုတ်များကို ရေရှည်တည်တံ့စေရန် သင်တန်းများ ဖွင့်လှစ်ပေးခြင်း၊ ကလေးလူငယ်များ စိတ်ပါဝင်စားလာအောင် စည်းရုံးလှုံ့ဆော်ပေးခြင်း စသည်တို့ ပြုလုပ်ရန် လိုအပ်ပြီး တိုင်းရင်းသားလူငယ်များအား ရိုးရာယဉ်ကျေးမှုများ လက်ဆင့်ကမ်းကာ ဆက်လက် ထိန်းသိမ်းနိုင်ရန်အတွက် ပညာရှင်များကို မွေးထုတ်ပေးနိုင်ရန် လိုအပ်ကြောင်းလည်း ၄င်းက ဆက်လက်ပြောကြားသည်။

ရေး မွန်ဘုရင်များလက်ထက်က မွန်ယဉ်ကျေးမှုအမွေအနှစ် အထွန်းကားဆုံးမှာ ခေတ်သုံးခေတ်မှာ ဒွါရဝတီခေတ်၊ ပဲခူးဟံသာဝတီခေတ်နှင့် မုတ္တမခေတ်တို့ဖြစ်ပြီး ၁၉၅၅ ခုနှစ်တွင်လည်း ထိုင်း-မြန်မာ ချစ်ကြည်ရေးအဖြစ် မွန်ယဉ်ကျေးမှုအကများဖြင့် သွားရောက်ဖျော်ဖြေတင်ဆက်ခဲ့ရာတွင် ရွှေတံဆိပ်ချီးမြှင့်ခြင်းခံရကြောင်း သိရသည်။

**နေမျိုးထွန်း**
**(ရေး)**

# ပြိုကွဲသွားသော ကျေးရွာသောက်သုံးရေကန်ကို ပြန်လည်တည်ဆောက်လျက်ရှိ

**အင်းတော် ဇန်နဝါရီ ၂၀**
စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် နားရခေါင်ကျေးရွာ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်းက ရွှေကြယ်ငွေကြယ် ကုမ္ပဏီက တာဝန်ယူတည်ဆောက်ခဲ့သော သောက်သုံးရေကန်မှာ ဇန်နဝါရီ ၉ ရက်က မြေသားများကျွံ၍ ပြိုကွဲသွားသဖြင့် ရေကန်သစ်ကို ပြန်လည်တည်ဆောက်လျက်ရှိကြောင်း သိရသည်။

ရေကန်တည်ဆောက်ရာတွင် ကုန်းမြင့်နေရာကို ရွေးချယ်ခဲ့သဖြင့် မြေသားများကျွံပြီး ကွက်အက်သွားခြင်းဖြစ်ကြောင်း သိရသည်။ ယခုအခါ ပြိုကွဲသွားသည့် ရေကန်နေရာမှ ပေ ၂၀ ခန့်အကွာတွင် အလျား ၁၅ ပေ၊ အနံ ၁၀ ပေ၊ အမြင့် ၆ ပေရှိ ဂါလန် ၅၀၀၀ ဆံ့ ရေကန်သစ်ကို ကျေးရွာဘုန်းတော်ကြီးကျောင်း ဆရာတော်၊ ရပ်မိ ရပ်ဖများနှင့် ညှိနှိုင်းကာ ရွှေကြယ် ငွေကြယ် ကုမ္ပဏီမှပင် တာဝန်ယူ၍ အသစ်ထပ်မံတည်ဆောက်ပေးနေကြောင်း သိရသည်။ ရေကန်ပြိုကွဲသွားမှုကြောင့် ကျေးရွာနေပြည်သူများ သောက်သုံးရေမပြတ်စေရန်အတွက်လည်း ကုမ္ပဏီ တာဝန်ရှိသူများနှင့် ကျေးရွာရေပေးရေးကော်မတီများ ညှိနှိုင်းပြီး တိုက်ရိုက်ရေဖြန့်ဝေမှုစနစ်ဖြင့် ရေမပြတ်အောင် ဖြန့်ဝေပေးနိုင်ခဲ့ကြောင်း သိရသည်။



ရေကန်သစ်တည်ဆောက်နေသည့် လုပ်ငန်းခွင်သို့ ကသာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးတင့်ဝေ၊ အင်းတော်မြို့နယ်ဦးစီးအရာရှိ ဦးကျော်နိုင်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးရွာရေပေးရေးကော်မတီ တာဝန်ရှိသူများက လာရောက်ကြည့်ရှုကာ လုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အမြန်ဆုံးပြီးစီးအောင် ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**လှအောင်**
**(ကသာ)**

# လက်ဖက်ရည်ဆိုင် စားပွဲထိုးလေးများအား အသက်မွေးပညာများ သင်ကြားပေး

**ရန်ကုန် ဇန်နဝါရီ ၂၀**
ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်နှင့် ကမာရွတ်မြို့နယ်များအတွင်းရှိ လက်ဖက်ရည်ဆိုင်များတွင် စားပွဲထိုးအလုပ်လုပ်ကိုင်နေသော အသက် ၁၇ နှစ်အောက် ယောကျ်ားလေးများအတွက် ပထမဆုံးအကြိမ် အသက်မွေးဝမ်းကျောင်းပညာ သင်တန်းကို ဗဟန်းမြို့နယ် ဓမ္မစေတီလမ်းရှိ လူမှုဝန်ထမ်းဦးစီးဌာန အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်ကျောင်း၌ ဇန်နဝါရီ ၁၆ ရက်က ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

သင်တန်းကို ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ယူနီဆက်ဖ်၏ ပံ့ပိုးကူညီမှုဖြင့် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။ သင်တန်းဖွင့်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းနှင့် ယူနီဆက်ဖ်ဌာနေကိုယ်စားလှယ် မစ္စတီအိုနာတို့က အမှာစကားပြောကြားခဲ့သည်။

လက်ဖက်ရည်ဆိုင် ကလေးလုပ်သား ၃၀ ကို ပထမအသုတ်အဖြစ် လက်ဖက်ရည်ဆိုင်နှင့် သက်ဆိုင်သော အိမ်တွင်းမှု သက်မွေးလုပ်ငန်းဖြစ်သည့် မုန့်ဖုတ်နည်း၊ မုန့်အမျိုးမျိုး ၁၄ မျိုးလုပ်နည်းကို အခကြေးငွေမယူဘဲ သင်ကြားပေးမည်ဖြစ်သည်။ လက်တွေ့မုန့်ဖုတ်ရာတွင် အသုံးပြုရမည့် ဂျုံ၊ သကြား၊ နို့၊ ကြက်ဥ၊ ကရင်အပါအဝင် ကုန်ကြမ်းပစ္စည်းများအတွက်လည်း ကျပ် ၁၀၀၀ စီ ပေးသွားမည်ဟု သိရှိရသည်။ သင်တန်းကာလမှာ ရက်သတ္တသုံးပတ်ကြာ ဆန္ဒရှိဝါသနာပါရာ မုန့်ဖုတ်လုပ်နည်းများကို သင်ကြားပေးသွားမည်ဖြစ်သည်။ အဆိုပါ သင်တန်းတက်နေခြင်းအတွက် လက်ရှိလုပ်ကိုင်နေသော လက်ဖက်ရည်ဆိုင်ပိုင်ရှင်များကလည်း လုပ်ခလစာလုံးဝဖြတ်တောက်ခြင်းမပြုလုပ်ပါကြောင်း ပြောကြားသွားသည်။

စီမံချက်မြို့နယ် ခြောက်မြို့နယ် လျာထားခြင်းဖြစ်၍ ယခု သင်တန်းတက်ရောက်နေသည့် စမ်းချောင်းမြို့နယ်နှင့် ကမာရွတ်မြို့နယ် လက်ဖက်ရည်ဆိုင်များမှ ကလေးလုပ်သား ၃၀ သင်တန်းပြီးပါက ကျန် ၇၀ ကျော်ကို ဆက်လက်သင်ကြားပေးသွားကာ ဆက်လက်ပြီး ကျန်လေးမြို့နယ်ဖြစ်သော၊ တာမွေ၊ ဗဟန်း၊ မရမ်းကုန်း၊ အင်းစိန်မြို့နယ်တို့မှ လက်ဖက်ရည်ဆိုင်များတွင် လုပ်ကိုင်နေကြသော စားပွဲထိုး ကလေးလုပ်သားများကို အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာများ၊ အခမဲ့ ဆက်လက် သင်တန်းဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်သန်း(မင်္ဂလာတောင်ညွန့်)**



# ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်း ကွင်းဆင်းစစ်ဆေး

**ကန့်ဘလူ ဇန်နဝါရီ ၂၀**
စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်လျက်ရှိသော လမ်းတံတားလုပ်ငန်းများ၊ စက်ရေတွင်းတူးဖော်မှုလုပ်ငန်းများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဒေါက်တာလှိုင်မြင့်ဟန်၊ ကန့်ဘလူခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးကျော်ကျော်နှင့် မြို့နယ်ဦးစီးမှူး ဦးမင်းဆွေအောင်တို့ ဇန်နဝါရီ ၁၇ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်းသိရသည်။

Real Resource ကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိသော ဂုံညင်းရှိကျေးရွာမှ လေးလက်မစက် ရေတွင်း (တွင်းနက်) တူးဖော်ခြင်းနှင့် ဂါလန် ၂၄၀၀ ဆံ့ ရေစင်တည်ဆောက်ခြင်းလုပ်ငန်း၊ ကံကြီး(အရှေ့)ကျေးရွာ၌ လေးလက်မစက် ရေတွင်း (တွင်းနက်) တူးဖော်ခြင်းနှင့် ဂါလန် ၂၀၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်ခြင်းလုပ်ငန်း၊ ကံကြီး(အနောက်) ကျေးရွာ၌ လေးလက်မစက်ရေတွင်း (တွင်းနက်) တူးဖော်ခြင်းနှင့် ဂါလန် ၂၀၀၀ ဆံ့အုတ်ရေကန် တည်ဆောက်ခြင်းလုပ်ငန်းများကိုလည်းကောင်း၊ AFC ကုမ္ပဏီက တာဝန်ယူဖောက်လုပ်လျက်ရှိသော မိဿလင်ကုန်း-ယောကုန်း မြေသားလမ်းအရှည်တစ်မိုင်၊ ချပ်သင်း-ဇင်း မြေသားလမ်းအရှည် သုံးမိုင်ဖောက်လုပ်ခြင်းလုပ်ငန်းများကိုလည်းကောင်း၊ ဌာနမှတာဝန်ယူဆောင်ရွက်လျက်ရှိသော ပိတောက်ပင်-ချပ်လည်လမ်းတွင် ပေ ၄၀ သစ်သားတံတားတည်ဆောက်ခြင်းလုပ်ငန်းနှင့် ပင့်သာကြီး-အုတ်ခင်း-ပိတောက် ပင်-နဂါးပေါ်(မြောက်)လမ်းပေါ်တွင် Box Culvert ခြောက်စင်း တည်ဆောက်ခြင်း လုပ်ငန်းကိုလည်းကောင်း၊ ဒေသလမ်းကော်မတီက ဒေသဖွံ့ဖြိုးရေးလွှတ်တော်ရန်ပုံငွေ ကျပ်သိန်း ၂၀ နှင့် ပြည်သူများ လှူဒါန်းငွေဖြင့် ဆောင်ရွက်လျက်ရှိသော ပင့်သာကြီး-ချပ်ကြီး မြေသားလမ်းနှစ်မိုင် ဖောက်လုပ်ခြင်းလုပ်ငန်းများကိုလည်းကောင်း သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး စစ်ဆေးခဲ့ကြောင်းသိရသည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ်နှင့်အဖွဲ့သည် ဒေသလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေးအတွက် သင်တော်ကျေးရွာတွင် ဒေသခံပြည်သူများနှင့်တွေ့ဆုံပြီး တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ အဆိုပါလုပ်ငန်းများကို ယခုနှစ် မတ်လကုန်အပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကန့်ဘလူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**



# မှုခင်းပြခန်းယာဉ်ဖြင့် အသိပညာပေးမှုများဆောင်ရွက်

**ဘီးလင်း ဇန်နဝါရီ ၂၀**
မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မွန်ပြည်နယ်ရဲတပ်ဖွဲ့တို့၏ လမ်းညွှန်ချက်ဖြင့် သထုံခရိုင်ရဲတပ်ဖွဲ့မှူး ကြီးကြပ်ပြီး ဘီးလင်းမြို့နယ်ရဲတပ်ဖွဲ့မှူး ခေါင်းဆောင်သော မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် ပြည်သူများအား မှုခင်းအသိပညာပေးမှုများကို ဇန်နဝါရီ ၁၇ ရက်က ဘီးလင်းမြို့နယ် ဘုရားရွာကျေးရွာ မူလတန်းကျောင်းရှေ့၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မှုခင်းပညာပေးပြခန်းယာဉ်သို့ လာရောက်ကြည့်ရှုကြသော ကျောင်းသား ကျောင်းသူများ၊ ကျေးရွာနေပြည်သူများအား မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် မြို့နယ်စခန်းမှူးတို့ ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များက မှုခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများနှင့် လူမှောင်ခို လူကုန်ကူးမှု စသည့် အကြောင်းအရာများကို ကဏ္ဍအလိုက် အသိပညာပေးဟောပြောခဲ့ကြပြီး အသိပညာပေး လက်ကမ်းစာစောင်များလည်း ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ပညာပေးဟောပြော

**ဖယ်ခုံ ဇန်နဝါရီ ၂၀**
ရှမ်းပြည်နယ် ဖယ်ခုံမြို့ ညောင်ပင်သာရပ်ကွက်မှ ဒေသခံပြည်သူများအား မှုခင်းကျဆင်းရေးနှင့် မူးယစ်ဆေးဝါးသုံးစွဲမှု တားဆီးနှိမ်နင်းရေး ပညာပေးဟောပြောပွဲကို ဖယ်ခုံမြို့နယ်ရဲတပ်ဖွဲ့က ကြီးမှူး၍ ညောင်ပင်သာရပ်ကွက်ဘုန်းတော်ကြီးကျောင်း၌ ဇန်နဝါရီ ၁၈ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ညောင်ပင်သာရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးထွန်းပေါ်က အမှာစကား ပြောကြားပြီး ဖယ်ခုံမြို့နယ် မြို့မစခန်းမှူး ဒုရဲမှူးသိန်းဆွေက မှုခင်းကျဆင်းရေးဆိုင်ရာများနှင့် မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးတွင် ပြည်သူများ ပူးပေါင်းပါဝင်ရေး စသည်တို့ကို အသေးစိတ် ရှင်းလင်းဟောပြောခဲ့ကာ ဟောပြောပွဲသို့ ညောင်ပင်သာရပ်ကွက်မှ ရပ်မိရပ်ဖများ၊ ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ရပ်ကွက်နေပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မောင်မောင်ထွေး(ပြန်/ဆက်)**

# YBS နှင့်ပတ်သက်၍ အထောက်အကူပြုမည့် ဝက်ဘ်ဆိုက်နှင့် ဖေ့စ်ဘုတ်စာမျက်နှာများ

ရန်ကုန်မြို့တွင် ဇန်နဝါရီ ၁၆ ရက်မှစ၍ မထသ ဘတ်စ်ကားစနစ်ကို ဖျက်သိမ်းပြီး Yangon Bus Service (YBS) ကားများဖြင့် အစားထိုးပြေးဆွဲခဲ့ရာ ပထမဆုံး စတင်ပြေးဆွဲသည့်နေ့တွင် ကားစီးရေမလုံလောက်ခြင်းနှင့် ကားလမ်းကြောင်းများကို မသိခြင်းကြောင့် ခရီးသွားပြည်သူများ အခက်အခဲဖြစ်ခဲ့သည်။ ခရီးသွားပြည်သူများအား YBS ဗော်လံတီယာအဖွဲ့များက ကူညီခဲ့ကြသလို စေတနာရှင် အဖွဲ့အစည်းများနှင့် တစ်ဦးချင်းစီကလည်း မိမိတို့ကားများဖြင့် ခရီးသည်များကို ပို့ဆောင်ပေးခဲ့သည်။

ထို့အတူ အွန်လိုင်းတွင်လည်း ခရီးသွားပြည်သူများ၏ အခက်အခဲများကို ပြေလည်အောင် ဆောင်ရွက်ပေးနိုင်မည့် ဝက်ဘ်ဆိုက်များ၊ အပလီကေးရှင်းများ၊ Facebook Messenger များကို ပြုလုပ်တင်ပေးခဲ့သည်ကို တွေ့ရသလို YBS နှင့်ပတ်သက်၍ ပြည်သူများကပင် တည်ထောင်ထားသော Facebook group များကလည်း ခရီးသွားပြည်သူများကို အထောက်အကူဖြစ်စေခဲ့ရာ ၎င်းတို့ထဲမှ အချို့ကို စုစည်းဖော်ပြလိုက်ပါသည်။

**Yangon Bus Official ဝက်ဘ်ဆိုက်**

Yangon Bus Official ဝက်ဘ်ဆိုက်သည် YBS ၏ တရားဝင်ဝက်ဘ်ဆိုက်ဖြစ်ပြီး ဝက်ဘ်ဆိုက်လိပ်စာမှာ www.yangonbus.com ဖြစ်သည်။ ဇန်နဝါရီ ၁၅ ရက်က စတင်၍ လွှင့်တင်ခဲ့ပြီး ယာဉ်လမ်းကြောင်း၊ နံပါတ် စသည့် အပြောင်းအလဲများ၊ တိုးချဲ့မှုများကို အချိန်နှင့်တစ်ပြေးညီ လွှင့်တင်ဖော်ပြပေးလျက်ရှိသည်။

ဝက်ဘ်ဆိုက်တွင် ကားလိုင်းများနှင့် လမ်းကြောင်းများဟု အဓိက ကဏ္ဍနှစ်ခု ပါဝင်ပြီး ကားလိုင်းများကဏ္ဍတွင် လက်ရှိသတ်မှတ်ထားသော YBS (၁) မှ (၆၁) အထိ ယာဉ်လိုင်း



၆၁ ခုကို ဖော်ပြထားကာ ထိုယာဉ်လိုင်း ၆၁ ခု ပြေးဆွဲရာ လမ်းကြောင်းများ၊ လမ်းကြောင်းတစ်လျှောက်ရှိ မှတ်တိုင်များကို တစ်ခုချင်း အသေးစိတ် ဖော်ပြထားသည်။ ထို့အတူ မှတ်တိုင်တစ်ခုချင်းစီကို ကလစ်ထပ်နှိပ်၍ မြေပုံနှင့်တကွ အသေးစိတ်ကြည့်ရှုနိုင်မည်ဖြစ်သည်။

လမ်းကြောင်းများကဏ္ဍတွင်မူ လူသွားလူလာများသော အထင်ကရနေရာများသို့ ရောက်ရှိနိုင်သည့် ယာဉ်လိုင်းနံပါတ်များကို စုစည်းဖော်ပြထားပြီး ကလစ်ထပ်နှိပ်၍ ယာဉ်လိုင်းတစ်ခုချင်း၏ ဂိတ်စဂိတ်ဆုံး မှတ်တိုင်များ၊ လမ်းကြောင်းတစ်လျှောက်မှတ်တိုင်များကိုပါ မြေပုံနှင့်တကွ အသေးစိတ် ထပ်မံကြည့်ရှုနိုင်မည်ဖြစ်သည်။

**Yangon Bus Official ဖေ့စ်ဘုတ်စာမျက်နှာ**

Yangon Bus ဖေ့စ်ဘုတ်စာမျက်နှာမှာ YBS ၏ တရားဝင်ဖေ့စ်ဘုတ်စာမျက်နှာဖြစ်ပြီး Page အမည် Yangon Bus Service ဖြစ်ကာ လိပ်စာမှာ https://www.facebook.com/YangonBus ဖြစ်သည်။ YBS Official ဝက်ဘ်ဆိုက်ပါ အချက်အလက်များကို ဖေ့စ်ဘုတ်စာမျက်နှာတွင် ပြန်လည်ဖော်ပြသည့်အပြင် သတင်းများ၊ ဓာတ်ပုံများ၊ လတ်တလောထုတ်ပြန်ကြေညာချက်များကို ဆက်တိုက်တင်ပေး




လျက်ရှိသဖြင့် နောက်ဆုံးရ သတင်းအချက်အလက်များကို သိနိုင်သည့်နေရာဖြစ်သည်။

ထို့အပြင် YBS နှင့်ပတ်သက်၍ အခြားသူများရေးသားထားသော Comment များကို ဝင်ရောက်ဖတ်ရှုနိုင်သလို မိမိတို့၏ အခက်အခဲများ၊ အကြံပြုချက်များ၊ စည်းကမ်းမလိုက်နာသောယာဉ်များရှိပါက ရေးသားတိုင်ကြားခြင်းများ ပြုလုပ်နိုင်သောကြောင့် ရန်ကုန်မြို့တွင်နေပြီး ဖေ့စ်ဘုတ်အသုံးပြုသူများအနေဖြင့် မဖြစ်မနေ Like လုပ်ထားသင့်သော စာမျက်နှာတစ်ခုဖြစ်သည်။

**ဘာစီးရလဲ မက်ဆင်ဂျာ**

ဇန်နဝါရီ ၁၆ ရက်က စတင်အသုံးပြုနိုင်ပြီး သုံးရန်လွယ်ကူသလောက် အသုံးဝင်သောကြောင့် အချိန်တိုအတွင်း၌ လူသိများ၊ လူကြိုက်များလာသော ဖေ့စ်ဘုတ်စာမျက်နှာဖြစ်သည်။ ဖေ့စ်ဘုတ်စာမျက်နှာအမည်မှာ barseeyale(ဘာစီးရလဲ) ဖြစ်ပြီး လိပ်စာမှာ https://www.facebook.com/barseeyale ဖြစ်သည်။




လတ်တလောတွင် လိုအပ်ချက်များရှိနေသေးသော်လည်း သုံးရလွယ်ကူသော ဖေ့စ်ဘုတ်မက်ဆင်ဂျာ စာမျက်နှာဖြစ်သည်။ ဝက်ဘ်ဆိုက်ဖွင့်ရန်မလို၊ အပလီကေးရှင်းထည့်သွင်းရန်မလိုဘဲ မိမိတို့ ဖေ့စ်ဘုတ်အကောင့်မှ ဘာစီးရလဲ ဖေ့စ်ဘုတ်စာမျက်နှာသို့ မက်ဆင်ဂျာ(Chat)မှတစ်ဆင့် သွားလိုသော မှတ်တိုင်ကို ရိုက်ထည့်ပေးလိုက်ရုံဖြင့် ထိုမှတ်တိုင်သို့ ရောက်ရှိမည့်ကားနံပါတ်များကို ပြန်လည်ဖြေကြားပေးသည့် Robot Messenger ဖြစ်သည်။

**YBS မိုဘိုင်းအပလီကေးရှင်း**

Yangon Bus ဝက်ဘ်ဆိုက်၏ တရားဝင်အပလီကေးရှင်းဖြစ်သည်။ အမှတ်(၁)မှ (၆၁)အထိ ယာဉ်လိုင်းများ၏ ခရီးစဉ်များကို မြေပုံနှင့်တကွ အသေးစိတ် ကြည့်ရှုနိုင်သည်။ ထို့အပြင် မိမိရောက်နေသည့်နေရာနှင့် မိမိသွားလိုသည့်နေရာကို မြို့နယ်/မှတ်တိုင် ရွေးချယ်၍ဖြစ်စေ၊ GPS မှတစ်ဆင့် မြေပုံပေါ်တွင် ရွေးချယ်၍ဖြစ်စေ သတ်မှတ်ပေးပြီးနောက်တွင် သွားရမည့် လမ်းကြောင်းကို အပလီကေးရှင်းက သတ်မှတ်ရေးဆွဲပေးမည်ဖြစ်ကာ စီးရမည့်ကားလိုင်းနံပါတ်များကိုလည်း ရှာဖွေပြသပေးမည်ဖြစ်သည်။

အပလီကေးရှင်းကို လက်ရှိအချိန်တွင် Android ဖုန်းများအတွက်သာ ရရှိသေးပြီး ဒေါင်းလုပ်ရယူလိုပါက Yangon Bus Service Official ဟု ရှာဖွေကာ Google Play Store မှ ဖြစ်စေ၊ တစ်ဆင့်ပြန်တင်ပေးထားသော ဝက်ဘ်ဆိုက်များမှ တစ်ဆင့်ဖြစ်စေ ဒေါင်းလုပ်ရယူနိုင်သည်။ Online/Offline နှစ်မျိုးလုံးသုံးနိုင်သဖြင့် လွန်စွာအသုံးဝင်ပြီး အပလီကေးရှင်း ဖိုင်ဆိုက်မှာလည်း 4MB ကျော်မျှသာရှိ၍ အလွယ်တကူ ဒေါင်းလုပ်ပြုလုပ်နိုင်သည်။




**YBS ခရီးသွားများ၏အသံ ဖေ့စ်ဘုတ်ဂရု(ပ်)**

YBS ၏ တရားဝင် ဖေ့စ်ဘုတ်စာမျက်နှာမဟုတ်ဘဲ ခရီးသွားပြည်သူများက တည်ထောင်ထားသော ဖေ့စ်ဘုတ်ဂရု(ပ်) တစ်ခုဖြစ်သည်။ လိပ်စာမှာ https://www.facebook.com/groups/1094431014019153/ ဖြစ်ပြီး YBS ခရီးသွားများ၏ အသံ အမည်ဖြင့် ဖေ့စ်ဘုတ်တွင် ရှာဖွေပါက လိပ်စာအတိုင်းသွားသည်ထက် ပိုမိုလွယ်ကူမည်ဖြစ်သည်။

YBS မှ တရားဝင်ထုတ်ပြန်သော သတင်းများကို ပြန်လည်ကူးယူဖော်ပြသည့်အပြင် ခရီးသွားများ၏အသံဆိုသည့် အမည်အတိုင်း ခရီးသွားပြည်သူတို့၏ အဆင်ပြေမှု/မပြေမှုများ၊ လိုလားချက်များ၊ အကြံပြုချက်များ၊ အခက်အခဲများ၊ ကိုယ်တွေ့ကြုံရသော YBS ကားအချို့၏ စည်းကမ်းမဲ့မှုများကို ရင်ဖွင့်ပြောဆိုတိုင်ကြားရာ နေရာဖြစ်သည်။ YBS နှင့်ပတ်သက်၍ သိရှိလိုသည်များကို ဖေ့စ်ဘုတ်အသုံးပြုသည့် ပြည်သူအချင်းချင်း မေးမြန်းဖြေကြားနိုင်သည့် နေရာလည်းဖြစ်သည်။ YBS နှင့် ခရီးသွားကြသည့်ပြည်သူများ၏အသံများကိုကြားနိုင်မည့်နေရာဖြစ်၍ YBS မှ တာဝန်ရှိသူများအနေဖြင့်လည်း ဝင်ရောက်ဖတ်ရှုသင့်သော ဖေ့စ်ဘုတ်ဂရု(ပ်)တစ်ခုဖြစ်သည်။ ။

**သူရဖြိုး**

# ရွေးချယ်စရာအသစ်တစ်ခုဖြစ်လာမယ့် စတုတ္ထမြောက်အော်ပရေတာ MyTel

**ဆောင်းပါး - သူရဖြိုး**

အရင်က ပြည်တွင်းမှာ မိုဘိုင်းဆက်သွယ်ရေးကို မြန်မာ့ဆက်သွယ်ရေးတစ်ခုတည်းက ဝန်ဆောင်မှု ပေးခဲ့ရာကနေ ပြည်ပက လုပ်ကိုင်ခွင့်ရ အော်ပရေတာနှစ်ခုဖြစ်တဲ့ တယ်လီနောနဲ့ အူရီဒူးတို့ စတင်ဝင်ရောက်လုပ်ကိုင်လာချိန်ကစလို့ သုံးစွဲသူတွေအနေနဲ့ ရွေးချယ်စရာ အော်ပရေတာသုံးခု ရှိလာပြီး အဲဒီအော်ပရေတာသုံးခုဟာ အပြိုင်အဆိုင် ဝန်ဆောင်မှုတွေ ပိုကောင်းအောင် ပေးလာလို့ အသုံးပြုသူတွေအနေနဲ့ ပိုအဆင်ပြေခဲ့ပါတယ်။ လက်ရှိအချိန်မှာ ဈေးနှုန်း၊ မိုဘိုင်းနက်ဝပ်ကောင်းမွန်မှု၊ အင်တာနက်အမြန်နှုန်း၊ အခြားဝန်ဆောင်မှုတွေ စသဖြင့် အစစအရာရာမှာ အရင်ကထက် အသုံးပြုသူတွေအဖို့ အများကြီး ပိုမိုအဆင်ပြေ ကောင်းမွန်နေပြီဖြစ်ပါတယ်။

အော်ပရေတာသစ်နှစ်ခု စတင်လက်ခံခဲ့တုန်းက အော်ပရေတာအနည်းဆုံး လေးခုရှိသင့်တယ်။ ပြည်ပအော်ပရေတာနှစ်ခု၊ ပြည်တွင်းအော်ပရေတာ နှစ်ခုနဲ့ လည်ပတ်မယ်လို့ ပညာရှင်တွေက တွက်ချက်သတ်မှတ်ခဲ့ပါတယ်။ ဒါကြောင့် ပြည်တွင်းအနေနဲ့ဆိုရင် ဒုတိယမြောက်အော်ပရေတာ၊ အော်ပရေတာအားလုံးအနေနဲ့ စတုတ္ထမြောက် အော်ပရေတာကို လိုအပ်နေသေးချိန်မှာ စတုတ္ထမြောက်အော်ပရေတာအဖြစ် ဝန်ဆောင်မှုပေးမယ့် Myanmar National Tele & Communications(MNTC)ကုမ္ပဏီလီမိတက်က ဝန်ဆောင်မှုတွေကို စတင်တော့မှာဖြစ်ကြောင်း ဇန်နဝါရီ ၁၄ ရက်က ကြေညာလိုက်ပြီဖြစ်ပါတယ်။ ခန့်မှန်းခြေအနေနဲ့ အချိန် နောက်တစ်နှစ်လောက်အကြာမှာ စတင်ဝန်ဆောင်မှုပေးနိုင်မှာဖြစ်ပြီး ဒီထက်လည်းစောနိုင်တယ်လို့ သိရပါတယ်။

ဝန်ဆောင်မှုတွေပေးဖို့အတွက် ပြည်တွင်း အများပိုင်ကုမ္ပဏီ ၁၁ ခု ပူးပေါင်းထားတဲ့ MNTC ကုမ္ပဏီလီမိတက်နဲ့ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း(MEC)ရဲ့လက်အောက်ကနေ အလုပ်လုပ်ကိုင်မယ့် Star High Telecom တို့က ၅၁ ရာခိုင်နှုန်းနဲ့ ဗီယက်နမ်နိုင်ငံက တယ်လီကွန်းကုမ္ပဏီကြီးဖြစ်တဲ့ Viettel က ၄၉ ရာခိုင်နှုန်းပါဝင်ပြီး ပူးပေါင်းထားပါတယ်။ မိုဘိုင်းဝန်ဆောင်မှုပေးတဲ့အခါမှာ အမည်ကတော့ MyTel ဆိုတဲ့အမည်နဲ့ ဝန်ဆောင်မှုပေးသွားမှာဖြစ်ပါတယ်။ MyTel က ဆောင်ရွက်သွားမယ့် တယ်လီကွန်းဝန်ဆောင်မှုတွေနဲ့ ပတ်သက်ပြီး မီဒီယာရှင်းလင်းပွဲကို ရန်ကုန်မြို့ MELIA ဟိုတယ်မှာ ဇန်နဝါရီ ၁၄ ရက်က ပြုလုပ်ခဲ့ပါတယ်။

> **ဈေးကွက်အနေနဲ့တော့ MyTel ဟာ ကျေးလက်ဒေသတွေမှာနေတဲ့ နိုင်ငံလူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းလောက်ကို အဓိကထားမှာဖြစ်သလို လက်ရှိအော်ပရေတာတွေ ရှိထားပြီးဖြစ်တဲ့ မြို့ကြီးတွေက ဈေးကွက်တွေကိုလည်း လက်လွှတ်မှာမဟုတ်ဘူးလို့ ဆိုပါတယ်**

**အော်ပရေတာသစ် MyTel မှ ဘာတွေရမလဲ**

MyTel အနေနဲ့ ဝန်ဆောင်မှုပေးတဲ့အခါမှာ မိုဘိုင်းကွန်ရက်ကို လက်ရှိပြည်တွင်းမှာ ဝန်ဆောင်မှုပေးနေတဲ့ MECTel ရဲ့ အခြေခံအဆောက်အအုံတွေကို အသုံးပြုပြီး MEC လို CDMA ကွန်ရက်မဟုတ်ဘဲ GSM ကွန်ရက်သစ်တစ်ခုအနေနဲ့ ဝန်ဆောင်မှုပေးသွားမှာဖြစ်လို့ မြန်မာနိုင်ငံအနှံ့မှာ MyTel ရဲ့ GSM ကွန်ရက်ကို အချိန်မြန်မြန်ဆန်ဆန်နဲ့ ဝန်ဆောင်မှုပေးနိုင်ဖို့ ရှိပါတယ်။ အထူးသဖြင့် လက်ရှိအော်ပရေတာတွေ မရောက်နိုင်သေးတဲ့ ဝေးလံတဲ့ဒေသတွေ၊ ကမ်းရိုးတန်းဒေသတွေမှာ MECTel ကွန်ရက်ဟာ အခိုင်အမာရှိပြီးဖြစ်လို့ အဲ့ဒီနေရာတွေကို ဝန်ဆောင်မှုပေးတဲ့အခါမှာ MyTel အတွက် လွယ်ကူနေမှာဖြစ်ပါတယ်။

**အင်တာနက်အမြန်နှုန်း**

ကွန်ရက်အနေနဲ့ ပြောရရင်တော့ 2G, 3G, 4G တို့ကို သတ်မှတ်မထားပဲ ဈေးကွက်အနေအထား လိုအပ်ချက်ကိုလိုက်ပြီး ဝန်ဆောင်မှုတွေ ပေးသွားမယ်လို့ Viettel က တာဝန်ရှိသူက ဆိုပါတယ်။ အင်တာနက်အမြန်နှုန်းကိုလည်း လက်ရှိရနေတဲ့ မိုဘိုင်းအင်တာနက်မြန်နှုန်းရဲ့နှစ်ဆလောက်(တစ်ယောက်ကို 3Mbps အမြန်နှုန်းလောက်)အထိ ရရှိနိုင်အောင် ဝန်ဆောင်မှုပေးမယ်လို့ MyTel ရဲ့ တာဝန်ရှိသူတစ်ဦးဖြစ်တဲ့ ဦးဇော်မင်းဦးက ဆိုပါတယ်။ အင်တာနက် ဝန်ဆောင်မှုပေးဖို့အတွက် Viettel ရဲ့အင်တာနက်ကွန်ရက်က ဗီယက်နမ်၊ လာအိုနိုင်ငံတွေကိုဖြတ်ပြီး ရှမ်းပြည်နယ် နယ်စပ်အထိ အသင့်ဖြစ်နေပြီဖြစ်သလို AAE-1 Submarine Cable ကိုလည်း တရုတ်နိုင်ငံကနေ ဖြတ်ဆွဲပြီးတော့ ပေးနိုင်မှာဖြစ်လို့ အင်တာနက်ဘန်းဝစ်နဲ့ပတ်သက်ပြီး MyTel အနေနဲ့ စိုးရိမ်စိတ်မရှိဘူးလို့ ဦးဇော်မင်းဦးက ဆက်ပြောပါတယ်။

ဒါ့အပြင် အင်တာနက်ဝန်ဆောင်မှုပေးတဲ့အခါ Value added Service တွေလည်း တွဲပြီး ပေးသွားမယ်လို့ သိရပါတယ်။ MyTel အနေနဲ့ ဆင်းကတ်ရောင်း၊ ဖုန်းပြောခကောက်ဆိုတာမျိုးထက် ဝန်ဆောင်မှုတွေပေးဖို့ကိုလည်း အဓိကထားမှာဖြစ်လို့ Value added Service တွေကိုပါ ပေးဖို့ စီစဉ်ထားတယ်လို့ ဆိုပါတယ်။ လက်ရှိပြည်တွင်းဈေးကွက်ဟာ ဖုန်းစသုံးတာနဲ့ အင်တာနက်ကို တန်းသုံးကြတဲ့ ဈေးကွက်မျိုးဖြစ်နေတာကြောင့် ဖုန်းသုံးတဲ့လူတွေအတွက် Value added Service တွေကိုပါ ထည့်ပေးနိုင်ဖို့ ကြိုးစားထားတာဖြစ်တယ်လို့ ဦးဇော်မင်းဦးက ဆိုပါတယ်။

**ဈေးနှုန်းနဲ့ ဈေးကွက်**

ဝန်ဆောင်မှုတွေရဲ့ ဈေးနှုန်းတွေနဲ့ ပတ်သက်လို့တော့ နောက်တစ်နှစ်လောက်အကြာမှာမှ ဝန်ဆောင်မှုပေးမှာဖြစ်လို့ ယခုအချိန်မှာ အတိအကျ သတ်မှတ်ထားနိုင်ခြင်းမရှိသေးဘူးလို့ သိရပါတယ်။ ဈေးနှုန်းအတိအကျ မပြောနိုင်ပေမယ့် လက်ရှိအချိန်မှာ အော်ပရေတာသုံးဦး အပြိုင်အဆိုင်ဖြစ်နေချိန်မှာတောင် ဈေးနှုန်းတွေ ကျနေတာဖြစ်လို့ နောက်ထပ် လေးဦး အပြိုင်အဆိုင်ဖြစ်လာရင် ပိုပြီး ဈေးနှုန်းတွေ သက်သာလာမှာဖြစ်ပါတယ်။

ဈေးကွက်အနေနဲ့တော့ MyTel ဟာ ကျေးလက်ဒေသတွေမှာနေတဲ့ နိုင်ငံလူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းလောက်ကို အဓိကထားမှာဖြစ်သလို လက်ရှိအော်ပရေတာတွေ ရှိထားပြီးဖြစ်တဲ့ မြို့ကြီးတွေက ဈေးကွက်တွေကိုလည်း လက်လွှတ်မှာမဟုတ်ဘူးလို့ ဆိုပါတယ်။ ကွန်ရက်ကို မြို့ကြီးတွေကနေ စလုပ်မှာဖြစ်ပြီး ဈေးကွက်ဖောက်တဲ့အခါ ဈေးနှုန်းပိုင်းမှာ ယှဉ်ပြိုင်မှာဖြစ်သလို တိုင်းပြည်ရဲ့အကောင်းဆုံးနက်ဝပ်၊ အကြီးဆုံးနက်ဝပ်၊ အမြန်ဆုံးနက်ဝပ်ဖြစ်အောင် ကြိုးစားပြီးလည်း ရှေ့ကနောင်တော်ကြီးတွေကို ယှဉ်ပြိုင်သွားမှာဖြစ်တယ်လို့ ဦးဇော်မင်းဦးက ဆိုပါတယ်။

**လူမှုအကျိုးပြုလုပ်ငန်းများ**

MyTel အနေနဲ့ ဝန်ဆောင်မှုပေးတဲ့အခါ မိုဘိုင်းဝန်ဆောင်မှုတွေအပြင် လူမှုအကျိုးပြုလုပ်ငန်းတွေကိုလည်း အလေးထားဆောင်ရွက်သွားမယ်လို့ ဆိုပါတယ်။ အဓိကအားဖြင့် ကျောင်းတွေမှာ အင်တာနက်အခမဲ့သုံးနိုင်အောင် လုပ်ပေးတာမျိုး အပါအဝင် အခြား လူမှုအကျိုးပြုလုပ်ငန်းတွေအတွက် ၁၅ နှစ်အတွင်း အမေရိကန်ဒေါ်လာ သန်း ၈၀ လောက် သုံးစွဲသွားမယ်လို့ သိရပါတယ်။

ပြည်တွင်းဆက်သွယ်ရေးကဏ္ဍမှာ မိုဘိုင်းအော်ပရေတာတွေ အပြိုင်အဆိုင် ဝန်ဆောင်မှုပေးလာတာနဲ့အမျှ အသုံးပြုသူတွေအတွက် ဝန်ဆောင်မှုတွေ ပိုကောင်း၊ ဈေးနှုန်းတွေ ပိုသက်သာလာသလို နောက်ထပ် အော်ပရေတာသစ်ဖြစ်တဲ့ MyTel က ထပ်မံဝင်ရောက်လာပြီး ဝန်ဆောင်မှုတွေပေးမယ့်အခါမှာ အော်ပရေတာတွေကြား ပိုပြီး မြိုင်ဆိုင်တဲ့ ယှဉ်ပြိုင်မှုတွေနဲ့အတူ လက်ရှိထက် ပိုကောင်းလာမယ့် ဝန်ဆောင်မှုတွေကို ရရှိနိုင်ဖို့လည်း ပြည်သူတွေက မျှော်လင့်လျက်ရှိပါတယ်။ ။

# ကျွန်တော်လွမ်းမိသော ငြိမ်းချမ်းရေးပုံရိပ်များ

**မြင့်စိုး (နတလ)**

လွမ်းမိသော ဆိုသည့်စကားလုံးပါ ဆောင်းပါးခေါင်းစဉ်ကို ပေးလိုက်မိသည်ခဏ စိတ်အာရုံဝယ် ဖျတ်ခနဲသတိရလိုက်မိသည်က ၂၀၀၄ ခုနှစ်တွင် ကျွန်တော်ရေးခဲ့ဖူးသော ဆောင်းပါးတစ်ပုဒ်နှင့် ထိုဆောင်းပါးကိုပြင်ပေးခဲ့သူ ပြန်ကြားရေးဝန်ကြီး (ငြိမ်း) ဗိုလ်ချုပ်ကြည်အောင် (စာရေးဆရာကေတုမတီကြည်အောင်) ကိုပဲဖြစ်ပါသည်။ ဖြစ်ပုံကသည်လို။ ၁၉၉၅ ခုနှစ်တွင် ကျွန်တော်နတလကို စတင်ရောက်ရှိပြီး ကိုးကန့်ဒေသ လောက်ကိုင်နှင့် 'ဝ' ဒေသနမ့်တစ်တို့တွင် တာဝန်ထမ်းဆောင်ခဲ့သည်။ တိုက်ဆိုင်သည်ဟုပဲ ပြောရမလား၊ ကြုံကြိုက်သည်ဟုပဲ ဆိုရမလား လောက်ကိုင်မှာရှိနေစဉ် ဖုန်ကြားရှင်က ရန်မိုးလျံထံမှအာဏာပြန်ယူသော ဒုတိယအကြိမ် ဖုန်-ရန် အရေးအခင်းနှင့် ကြုံခဲ့ရသည်။ ၁၉၉၂ ခုနှစ်တွင် ဖုန်ကြားရှင်ထံမှ စစ်ဦးစီးချုပ် ရန်မိုးလျံက အာဏာလွှဲပြောင်းယူထားခြင်းဖြစ်သည်။ နေရင်းထိုင်ရင်းနှင့် ကိုးကန့်တိုင်းရင်းသား ဖုန်မျိုးနွယ်များနှင့် ရန်မျိုးနွယ်များအကြား အာဏာလုပွဲဆိုင်ရာ ဗဟုသုတတစ်မျိုးတိုးခဲ့သည်လို့ပဲ ဆိုကြပါစို့ရဲ့။ ထိုကိစ္စတွေဖြစ်ပွားပြီး နှစ်ကုန်ခါနီး၌ ရုံးချုပ်သို့ ပြန်ဝင်ရသည်။ ၁၉၉၆ ခုနှစ် ဇန်နဝါရီလ ၅ ရက်နေ့၊ ၆ ရက်နေ့များတွင် MTA လွယ်မော်အဖွဲ့သည် လွယ်လန်၊ ဟိုမိန်း၊ လွယ်တွန်း/မိုင်းကွမ်း၊ မုန်းထော်/မုန်းထ၊ ဝမ်ဆင်း၊ နောင်လိုင်၊ မုန်းဟင်/မုန်းဟ၊ နမ့်စန်၊ မိုင်းပန်၊ တာချီလိတ် အစရှိသော ဒေသများ၌ အကြွင်းမဲ့ လက်နက်စွန့်ခဲ့ရာ၊ ဟိုမိန်းဒေသအတွက်ဖွဲ့စည်းပေးသော အထူးအုပ်ချုပ်ရေးအဖွဲ့၏ အဖွဲ့ဝင်အဖြစ် သွားရောက်တာဝန်ထမ်းဆောင်ခဲ့ရသည်။

ကျွန်တော်ရုံးချုပ်သို့ ပြန်ရောက်ချိန်တွင် MTA အဖွဲ့ထဲမှ ဦးမဟာကြာ ခေါင်းဆောင်သောအဖွဲ့သည် ဟိုမိန်းဒေသ၌ လည်းကောင်း၊ ဦးစိုင်းမွန်းခေါင်းဆောင်သောအဖွဲ့သည် တန့်ယန်းမြို့မြောက်ဘက်က မန်ပန်ဒေသတွင်လည်းကောင်း၊ ဦးလောမားအဖွဲ့က မိုင်းရယ်မြို့နယ်ထဲမှ မုန်းဟင်/ မုန်းဟ ဒေသတွင်လည်းကောင်း၊ ဦးခွန်မိန်းအဖွဲ့က ဖယ်ခုံမြို့နယ်အတွင်းရှိ ရွှေပြည်အေး (ကသည်းကွင်း) ၌ လည်းကောင်း၊ ဦးလီချန်းအဖွဲ့က နားရိုင်းတွင်လည်းကောင်း ပြန်လည်အခြေချပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရနှင့် လက်တွဲဆောင်ရွက်ခဲ့ကြသည်။ ထိုကဲ့သို့ အစချီသန္ဓေတည်ပြီး သကာလ မန်ပန်၊ နောင်လိုင်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ငြိမ်းချမ်းရေးနှင့် နွယ်လျက် ကျွန်တော်ဆောင်းပါးရေးဖြစ်ခဲ့သည်။

ထိုအချိန်ကရေးဖြစ်ခဲ့သော အချို့ဆောင်းပါးခေါင်းစဉ်များမှာ ဒုတိယမြောက်ပန်းတစ်ပွင့်၏ အလင်္ကာတို့၊ ရင်ထဲက ထာဝရဆောင်းရာသီတို့လို အမည်မျိုးပေးပြီး နုနုရွရွတွေရေးမိနေသောအချိန်။ မန်ပန်ဒေသဆောင်းပါးကိုလည်း ထိုကဲ့သို့ အမည်မျိုး ရှည်ရှည်လျားလျား၊ နုနုရွရွပေးလိုက်မိသောအခါ စိစစ်ရေးအဖွဲ့တွင် ကိုယ်တိုင်ထိုင်ပေးနေသော ပြန်ကြားရေးဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်နှင့် တည့်တည့်ကြီးတိုးပါလေတော့သည်။ ဒီကောင်ကွာ- ဆရာတက္ကသိုလ်ဘုန်းနိုင်တပည့်လားမသိဘူး၊ ဆောင်းပါးခေါင်းစဉ်ကလည်း နုရွနေတာပဲ။ ကျွန်တော်ပြင်မယ်၊ လိုက်ရေး- ဖွံ့ဖြိုးတိုးတက်ပြီး အေးချမ်းနေသောမန်ပန်-ဒီအတိုင်းပြင်မယ်၊ ဦးအောင်မြိုင် ဖုန်းဆက်လိုက်၊ မပြင်ရင်မထည့်ဘူးလို့။ ဆရာဦးအောင်မြိုင်က ကျွန်တော့်ကို လှမ်းမေးသည်။ အလိုလေး-ဆရာရယ် ဝန်ကြီးကိုယ်တိုင်ပြင်ပေးထားတာကို ကျွန်တော်က ဘာများလျှာရှည်စရာရှိမှာတဲ့တုန်း။ ဒီလိုဖြစ်ခဲ့၊ ဒီလိုဖြေခဲ့၊ ဒီလိုသတိရမိခဲ့သော ငြိမ်းချမ်းရေးပုံရိပ်တွေထဲက တစ်ခု၊ ပြန်လည်သတိရခြင်းနှင့်အတူ တာဝန်ထမ်းဆောင်ခဲ့ဖူးသော ကိုးကန့်ဒေသ၊ နမ့်တစ်ဒေသ၊ ဟိုမိန်း၊ မုန်းထော်/မုန်းထဒေသများကို လွမ်းမိပါသည်။

လွမ်းစာခွေဖွဲ့စရာ နောက်တစ်နေရာရှိပါသေးသည်။ ရှမ်းပြည်နယ် (မြောက်ပိုင်း)က နမ့်ဆန်၊ မန်တုံ၊ နမ္မတူဒေသများ။ ယခုတော့ နမ့်ဆန်နှင့်မန်တုံက ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသထဲမှာပါသည်။ ၁၉၉၁ခုနှစ် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၊ အမှတ် (၁) အခြေချစစ်ဗျူဟာ (တန့်ယန်း) ၌တာဝန်ထမ်းဆောင်စဉ် ရန်ကုန်မှာ မင်္ဂလာဆော်ခံပွဲလုပ်ပြီး ဇနီးဖြစ်သူအား တန့်ယန်းသို့ ခေါ်လာခဲ့သည်။ သူရောက်လာပြီး တစ်ပတ်ပင်မကြာပါ၊ စစ်ဗျူဟာတစ်ခုလုံး နမ့်ဆန်ကိုရွှေ့ပြောင်းကွပ်ကဲပြီးစစ်ဆင်ရေးလုပ်ရမည်တဲ့။ ကိုတင်သန်းဦး ဝတ္ထုထဲက ဇာတ်ကောင်တွေကို ပြေး၍သတိရမိသေးတော့။ ဇနီးတွေခေါ်ခွင့်မပြုပါ။ အားလုံး ကိုယ့်အိမ်ကိုယ်ပြန်ကြရသည်။ သေတ္တာတစ်လုံးရွက်၍ ရန်ကုန်ပြန်သွားရသောဇနီးသည်အား လမ်းထဲကလူတွေက ယုန်ထင်ကြောင်ထင် ထင်လိုက်ကြသေး၏။ အတိုချုပ်ပြောရလျှင် ဗိုလ်မှူးကြီးစောဘိုးသာဦးစီးကွပ်ကဲသော စစ်ဗျူဟာ (၁)နှင့် တပ်ရင်း (၄)ရင်း ၁၉၉၁ခုနှစ် ဖေဖော်ဝါရီလကုန် လောက်မှစ၍ နမ့်ဆန်ဒေသမှာ စစ်ဆင်ရေးဝင်ရသည်။ PSLA အဖွဲ့တွင် တပ်ရင်းမှူးကွီဂျိုးက နာမည်ကြီး၊ ဟိုမှာတိုက်ပွဲ ဖြစ်လည်း ကွီဂျိုး၊ ဒီမှာဖြစ်လဲကွီဂျိုး။ ၁၉၉၁ခုနှစ် ဧပြီလထဲမှာ ဦးအိုက်မုန်း၊ ဦးညီလုံးတို့ ခေါင်းဆောင်ပြီး PSLA အဖွဲ့ တရားဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသည်။

နမ့်ဆန် မြို့မကျောင်းဆရာတော်ကြီး၏ ဆုံးမဩဝါဒကို နာခံကြသည်က တစ်ပိုင်း၊ ဒေသအကျိုးနှင့် ပလောင်တိုင်းရင်းသားတို့၏အကျိုးကို ရှေးရှုကြသည်ကတစ်ဖုံတို့ကြောင့် ဝင်လာကြခြင်းဖြစ်သည် ဟုဆိုလျှင် မမှားတန်ရာ။ ဦးလွယ်ဆိုင်၊ ကွီဂျိုးတို့နှင့် ရေစက်ဆုံခဲ့ကြသည်။ ထိုနှစ်နမ့်ဆန်သကြ်န်ကို ငြိမ်းချမ်းရေးသကြ်န်အဖြစ် မကြာခဏကျွန်တော်တင်စားရေးဖွဲ့ခဲ့ဖူး၏။ ပြန်တွက်ကြည့်လျှင် နှစ်ပေါင်းမနည်းတော့ပြီ။ လွန်ခဲ့သည့်နှစ် ဇွန်လက နမ့်ဆန်ဒေသမှ ကလေးများ နေပြည်တော်သို့လေ့လာရေးခရီးစဉ်နှင့်ပါလာခဲ့သည်။ သတင်းမေးကြည့်တော့ ဦးအိုက်မုန်းကလွဲ၍ ကျန်သော PSLA ခေါင်းဆောင်များ ကွယ်လွန်ခဲ့ကြပြီ။ ဦးညီလုံး၊ ဦးလွယ်ဆိုင်၊ ကွီဂျိုးတို့အားလုံး ကွယ်လွန်ကြပြီဖြစ် ကြောင်း၊ ကွီဂျိုး၏သား ကလေးတစ်ဦးမှာ မကွေးဆေးတက္ကသိုလ်တွင် တက်ရောက်နေကြောင်းသိခဲ့ရ၏။ ၁၉၉၁ ခုနှစ်မှ ၂၀၀၉ခုနှစ် နှစ်ပေါင်း (၂၀)နီးပါးငြိမ်းချမ်းခဲ့သော ပလောင်ဒေသမှာ ယခုတော့တိုက်ပွဲတွေပြန်ဖြစ်နေပြီ။ ကြားရမြင်ရသည်မှာ စိတ်မကောင်း၊ သကြ်န်လွမ်းစိတ်လေးတောင် ဘယ်အနားရောက်သွားလည်း မသိတော့။ အားနာမိပါသည် နမ့်ဆန်မြို့လေးရေ…။



သတိရမိသော နမ့်ဆန်မြို့နယ်အတွင်းက အာရမ်ကျေးရွာကလေး

တလောဆီက စာရေးသူနှင့် ခင်မင်နေကြသော တန့်ယန်းမြို့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေး သင်တန်းကျောင်းမှူနည်းပြ ဦးစိုင်းဆိုင်ဖူးနှင့် ဇနီးဖြိုးသန္တာဝင်း မိသားစုတို့က တန့်ယန်းကိုလာလည်ဖို့ လှမ်းဖိတ်သည်။ တန့်ယန်းတင်မဟုတ်ဘူး၊ နောင်လိုင်၊ မန်ပန်ထိသွားလည်မှာဟု ပြန်ပြောမိသောအခါ၊ ဘဘနောင်လိုင်ကိုသတိရနေမှန်းသိပါတယ်ဟု သမီးငယ်ဖြိုးသန္တာဝင်းက ပြောနေသေး၏။ စင်စစ်သော်ကား တန့်ယန်းဒေသသည်လည်း စာရေးသူ၏ အမှတ်တရနေရာများစွာထဲကတစ်ခုပင်။ ၁၉၈၃ခုနှစ်တွင် ဗကပတို့ ခြေကုပ်ယူထားသော သံလွင်အရှေ့ခြမ်းမှ လွယ်ပန်လုံဒေသအား အမှတ်(၆၆)၊ ခြေမြန်တပ်မဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်းများ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်းများဖြင့် ချေမှုန်းရှင်းလင်းတိုက်ခိုက်နေချိန်၌ စာရေးသူတို့၏ အမှတ်(၁၄)ခြေမြန်တပ်ရင်းက လွယ်အင်စခန်းအပါအဝင် သံလွင်အနောက်ခြမ်းရှိ မိမိတို့စခန်းများကို စခန်းထိန်းတာဝန်ယူရင်း ပွဲကြည့်ပရိသတ်လုပ်ခဲ့ရသည်။ ထူးခြားမှုဟူ၍ပဲပြောရမလား၊ ၁၉၈၃ခုနှစ်သည် ခလရ(၈၃)၏ (၈၃)လောင်း၊ (၈၃)လက်ရသောနှစ်ဖြစ်ခဲ့သလို အမိမြေမှသားကောင်းများ ရုပ်ရှင်ကားကြီးထဲမှာ ပါဝင်သရုပ်ဆောင်ခဲ့သည့် ဗိုလ်ကြီးသန်းရွှေလည်း ထိုလွယ်ပန်လုံတိုက်ပွဲ၌ သူရဘွဲ့ချီးမြှင့်ခြင်းခံခဲ့ရသည်။

ထိုအချိန်က စစ်ဆင်ရေးတာဝန်ဖြင့် တန့်ယန်းဒေသသို့ ခဏဝင်ရောက်ခဲ့ရသော ကျွန်တော်၊ ၁၉၈၈ခုနှစ်တွင်မူ ခလရ (၃၃)သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့ရသည်။

လက်ဝါး သာသာမြို့ကလေးဟု ကျွန်တော်တင်စားရေးခဲ့ဖူးသော တန့်ယန်းမြို့ကလေး၏ ပတ်ဝန်းကျင်တွင် လက်နက်ကိုင်အဖွဲ့မျိုးစုံရှိနေသည်။ ဗကပရှိသည်၊ SSA ရှိသည်၊ MTA လွယ်မော်အဖွဲ့ ရှိသည်၊ တစ်ခါတစ်ရံ ကွတ်ခိုင်ဘက်မှဆင်းလာတတ်သော KIA တပ်မဟာ(၄) အဖွဲ့များနှင့် ဖြတ်သွားဖြတ်လာကြုံရတတ်သည်။ လုံးလုံးလျားလျားကြီး ကြုံလိုက်ရသည်ကတော့ ၁၉၈၈ခုနှစ် အရေးအခင်းကာလကြီးကို တန့်ယန်းဒေသတွင် ဖြတ်သန်းခဲ့ရခြင်းပင်။ ထိုကာလတွေ လွန်မြောက်ခဲ့ပြီးနောက် ၁၉၈၉ခုနှစ် မတ်လ ၃၁ရက်နေ့၌ ကိုးကန့်တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့က တရားဥပဒေဘောင်အတွင်းဝင်ရောက်ခဲ့သည်၊ ကိုးကန့်ဒေသက တန့်ယန်းနှင့်အလှမ်းဝေးနေသောကြောင့် မိမိတို့အတွက် သိပ်မထူးခြားသေး။

ထိုနှစ် မေလ ၉ ရက်နေ့၌ 'ဝ' တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တရားဥပဒေဘောင်အတွင်း ဝင်ရောက်သောအခါ မန်ကန်၊ ပန်ဖိန်း၊ မန်မန်ဆိုင်၊ ဝိန်းကောင်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် တတ်နိုင်သမျှစတင်ကူညီကြရပြီ။ ထိုနည်းတူစွာ ၁၉၈၉ခုနှစ် စက်တင်ဘာလ ၂၄ ရက်နေ့၌ SSA အဖွဲ့ တရားဥပဒေဘောင်အတွင်း ဝင်ရောက်လာသောအခါ ဦးဆေးထင်နှင့်အတူ ဦးလွယ်မောင်၊ ဦးပန်ဖနှင့်ယားပေတို့ SSA ခေါင်းဆောင်များအား တန့်ယန်းမြို့ရှိ နယ်မြေခံတပ်ရင်း၏ ရန်အောင်မြင်ရိပ်သာ၌ ရင်းရင်းနှီးနှီးတွေ့ဆုံခွင့်ရခဲ့ကြသည်။ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးတင်ငွေ (ဝန်ကြီး ဗိုလ်ချုပ်တင်ငွေ (ငြိမ်း)-အလုပ်သမားဝန်ကြီးဌာန)၊ တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီးတင်အေးတို့နှင့်အတူ ညစာစားခဲ့ကြသည်။ ကျွန်တော်တို့ နောင်တော်ကြီး ကိုထင်အောင်မြင့်(DSA-16en Intake)က တပ်မ(၇၇) ၌ တာဝန်ထမ်းဆောင်ခဲ့စဉ်သူ့တပ်ခွဲမှ ၆၀ မီလီမီတာ စိန်ပြောင်းအား ယားပေတို့အဖွဲ့က အရယူသွားသည်ကို အမှတ်တရ ပြန်လည်ပြောကြားရင်း ရယ်ပွဲဖွဲ့ ခဲ့ကြသည်။ ထိုစဉ်ခဏ အာဃာတတရားတွေမရှိကြတော့။ ခင်မင်စွာလက်ဆွဲနှုတ်ဆက်ခဲ့ကြသလို ငြိမ်းချမ်းရေးအတွက် စိတ်အားထက်သန်ခဲ့ကြသည်။ ထိုအချိန်မှစ၍ တန့်ယန်းဒေသ ငြိမ်းချမ်း လာခဲ့သည်မှာ နှစ်ပေါင်းမနည်းတော့။ ဆယ်စုနှစ် နှစ်ခုမက တိုင်ခဲ့ပြီ။ ဗကပလည်းမရှိတော့၊ SSA လည်းမရှိတော့၊ MTA လွယ်မော်လည်း မရှိတော့၊ KIA တပ်မဟာ(၄) (၁၉၉၁ ခုနှစ် တွင် တရားဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့သော ဦးမထုနော်၏အဖွဲ့ ဖြစ်ပါသည်) လည်း တန့်ယန်းဒေသအနီးသို့ ဝေ့စရာ အကြောင်းမရှိတော့။

ထိုအဖွဲ့များနှင့် တန့်ယန်းဒေသမှာ ထိုကဲ့သို့ရေစက်ဆုံပြီးကာမှ နတလဦးစီးဌာနသို့ ကျွန်တော်ရောက်ခဲ့ခြင်းဖြစ်သည်။ တပ်မတော်သားဘဝ၌ ကရင်ပြည်နယ်သို့ကျွန်တော်မရောက်ဖူးခဲ့။ နယ်စပ်ဝန်ထမ်းဖြစ်မှသာ ဘုရားကုန်းငြိမ်းချမ်းရေးကျေးရွာမှ ဖထီးပဒိုအောင်ဆန်းအဖွဲ့၊ KNU တပ်မဟာ(၆) အဇင်း/ကျိုက်ဒုံဒေသမှ ဖထီးစောသမူဟဲအဖွဲ့၊ မြိုင်ကြီးငူဒေသမှ DKBA အဖွဲ့၊ သံတောင်မြောက်ပိုင်းမှ စောဖဲရီမိုးနှင့် ဦးကိုကြီးတို့အဖွဲ့၊ KNU/KNLA အဖွဲ့များနှင့် ရင်းနှီးကျွမ်းဝင်ခဲ့ရသည်။

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် မိမိတတ်နိုင်သည့်ဘက်မှ ပါဝင်ထမ်းရွက်ခွင့်ရခဲ့သည်။ ဦးစောမိုရှေးတို့၏ DKBA (ကလိုထူးဘောအဖွဲ့)နှင့် ရေစက်ဆုံသည်မှာ မကြာသေး။ ဆုံဆည်းမြိုင်၊ ဝေါလေဘက်သို့လည်း ရောက်ခဲ့ပြီးဖြစ်၏။ ကရင်ပြည်နယ်ကြီးတစ်ခုလုံး တည်ငြိမ်အေးချမ်းလျက်ရှိနေပြီဟု ပြောလျှင် မမှားတန်ရာ။ အေးချမ်းသည်နှင့်အမျှ ဖွံ့ဖြိုးတိုးတက်မှုအသီးအပွင့်ကိုလည်း ခံစားရမည်မှာမလွဲ။ ဖြစ်နိုင်လျှင် မိမိရောက်ခဲ့ဖူးသော၊ နေခဲ့ဖူးသော သံယောဇဉ်ဖြစ်ခဲ့ဖူးသော နေရာဒေသအားလုံး ငြိမ်းချမ်းစေချင်ပါသည်။ ငြိမ်းချမ်းခြင်း၏ပုံရိပ်များကို ကျွန်တော့်ရင်ထဲမှာ ထာဝရသိမ်းထားခွင့် ရချင်ပါသည်။ တစ်နေ့ ..ဖြစ်လာလိမ့်မည်ဟု ယုံကြည်လျက် ...။

## စဉ့်ကိုင်မြို့နယ်အင်းကုန်းကျေးရွာ စွန်ရဲအင်းသို့လာရောက်အပန်းဖြေသူများပြား

**ကျောက်ဆည် ဇန်နဝါရီ ၂၀**

စဉ့်ကိုင်မြို့နယ် စွန်ရဲအုပ်စုအင်းကုန်းကျေးရွာရှိ စွန်ရဲအင်းသည်ငှက်မျိုးစုံ၊ငါးများ၊ သဘာဝအလှရှုခင်းများအပန်းဖြေနားနေဆိုင်များရှိသည့် နေရာတစ်ခုဖြစ်သည်။ ထိုဒေသမှ ဒေသခံပြည်သူများသည် စိုက်ပျိုးရေးနှင့် ရေလုပ်သားများ ငါးဖမ်းခြင်းလုပ်ငန်းဖြင့် အဆင်ပြေလျက်ရှိသည်။

ထို့ပြင်စွန်ရဲအင်းမှပေါက်ရောက်သောပဒုမ္မာကြာပွင့်များခူး၍ကြာရိုးမှထွက်သော ချည်များကို ဘုရားခြုံပဒုမ္မာကြာ သင်္ကန်းအဖြစ် ထုတ်လုပ်ရာအင်းလေး၊တောင်ကြီးမြို့နှင့်နိုင်ငံခြားပို့ကုန်အဖြစ်ပြုလုပ်ရာ ချည်မျှင်တစ်ကျပ်သားလျှင်ငွေကျပ် ၅၀၀၀ ရရှိပြီး တစ်နေ့လျှင် တစ်ကျပ်ခွဲသားထုတ်လုပ်နိုင်သောကြောင့် ဝင်ငွေကောင်းမွန်လျက်ရှိသည်။ ဝါဆို၊ ဝါခေါင်လများတွင် ပဒုမ္မာကြာမှချည်မျှင်ထွက်အားကောင်းမွန်လျက်ရှိပြီး အင်းထဲသို့လှေ့လာရေးခရီးထွက်လျှင် စက်လှေ၊ ရိုးရိုးလှေဖြင့်အပန်းဖြေ ခရီးထွက်ရာ လူတစ်ဦးလျှင်ငွေကျပ် ၁၀၀၀ နှုန်းဖြင့်ရရှိ၍ လှေသမားများပါ ဝင်ငွေကောင်းမွန်သည်။ အဆိုအင်း၏ အကျယ်အဝန်းမှာ လေးမိုင်ပတ်လည်ရှိကြောင်းသိရသည်။

ထို့ပြင် ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များ စွန်ရဲအင်းသို့ လာရောက်အပန်းဖြေမှုများပြားလျက်ရှိကြောင်း သိရသည်။

**ခင်မောင်လွင်**




ရန်ကုန်တိုင်းဒေသကြီးရှိ အထက်တန်းကျောင်းများတွင် ၂၀၁၃၊ ၂၀၁၅၊ ၂၀၁၆ သုံးနှစ်တိုင်တိုင် အောင်ချက်အကောင်းဆုံး Top Ten စာရင်းဝင်ကျောင်း
ဒေါက်တာအောင်ဇော်မိုး(ဓ)ဆရာဇော်မိုး ဦးစီးသော
AUNG ACADEMY PRIVATE SCHOOL
AAPS
အောင်အကယ်ဒမီ
ကိုယ်ပိုင်အထက်တန်းကျောင်း
ပဉ္စမတန်းမှတက္ကသိုလ်ဝင်တန်းအထိ
နေ့တက်နှင့် အဆင့်မြင့်ဘော်ဒါ
၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဘာသာစုံဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများ
မောင်ဘုန်းပြည့်ကျော် ဆရက-၄၅၆ (ပဲခူးမြို့)
မောင်မျိုးမင်းသိန်း ဆရက-၅၈၂ (ဗန်းမော်မြို့)
မကေခိုင်ကြွယ် ဆရက-၄၆၅ (တောင်ကြီးမြို့)
မဖြူမွန်ကြည် ဆရက-၄၆၄ (ရန်ကုန်မြို့)
မမြတ်သီရိကျော် ဆရက-၄၆၂ (ရန်ကုန်မြို့)
မပြည့်ကြည်သာချော ဆရက-၄၇၄ (ရန်ကုန်မြို့)
မချို့ပွင့်ခြယ် ဆရက-၄၇၅ (ရန်ကုန်မြို့)
မမြတ်သီဂီနွယ် ဆရက-၅၃၉ (ရန်ကုန်မြို့)
မစိုးစန္ဒာသော် ဆရက-၅၇၇ (ရန်ကုန်မြို့)
(၆)ဘာသာဂုဏ်ထူးရှင် - ၉ ဦး
(၅)ဘာသာဂုဏ်ထူးရှင် - ၅ ဦး
(၄)ဘာသာဂုဏ်ထူးရှင် - ၁၅ ဦး
(၃)ဘာသာဂုဏ်ထူးရှင် - ၁၅ ဦး
(၂)ဘာသာဂုဏ်ထူးရှင် - ၁၉ ဦး
(၁)ဘာသာဂုဏ်ထူးရှင် - ၂၆ ဦး
အောင်အကယ်ဒမီ ကိုယ်ပိုင်အထက်တန်းကျောင်း
အောင်အကယ်ဒမီ ကိုယ်ပိုင်အထက်တန်းကျောင်း
ခြံအမှတ် (၂၅၀)၊ အရှေ့မြင်းပြိုင်ကွင်းလမ်းမ (မိုးကောင်းလမ်းထိပ်) တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၇၃ ၆၆၆၆ ၃၃၊ ၀၉ ၃၁၁၁ ၉၉၉၀


AAPS
အောင်အကယ်ဒမီ
ကိုယ်ပိုင်အထက်တန်းကျောင်း
(ကျောင်းခွဲ)
အောင်သစ္စာ
ကိုယ်ပိုင်အထက်တန်းကျောင်း
သူငယ်တန်း မှ တက္ကသိုလ်ဝင်တန်း အထိ
အမှတ်(၇၄/၇၆)၊ မန္တလေးလမ်း၊ ကန်/အရှေ့ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၂၄၀၉၄၆၊ ၀၉၇၃၂၄၃၃၃၈


The Brand New SUZUKI
Ciaz
The Icon of Glory
Sales start at all
17 Suzuki dealers nationwide,
from February 11th 2017.
Ciaz
17.8 km/L
Fuel Saving
* The above fuel efficiency is based on "QCVN 86: 2015/BGTVT"
** The result will be changed based on customer usage.
February 11th -12th 2017,
event will be held
at Suzuki showroom!!
Please come, touch & feel
Ciaz at Suzuki showroom
Halogen Projector
High quality headlamps for clearer vision
Roomy Cabin Space
Elegant and comfortable
Rearview Mirror with Monitor & Rearview Camera
More visibility when parking
Rear Vents
Exclusive vents for rear seat
Dealership Network
Yangon
(1) L&S 01-393070
(2) Aung 01-655813
(3) Myo 01-400399
(4) Yenadi 01-201619
(5) CACT 09-454247772
(6) MC Ayeyar 01-578262
(7) Garmanit Zaya 09-799996699
(8) Yangon Suzuki 09-777735353
(9) MMC 09-444785775
Mandalay
(10) United Eleven 09-257199911
(11) AIG-MADP 09-73040366
(12) Century Auto 09-777777085
Nay Pyi Taw
(13) Ayeyar Hinthar 09-787148795
(14) Farmer Auto 09-5601364
Pathein
(15) CGDC 09-771212985
Sagaing
(16) CKA 09-975551944
Magway
(17) Farmer Auto 09-421035998
Always Close to Your Way of Life! SUZUKI MYANMAR MOTOR CALL CENTER 01-2399-777 MON - SAT 09:00 - 17:00
Suzuki (Myanmar) Motor Co.,Ltd.
Tel: (951) 591 304, 591 305, 591 351, 591 352, 590 529 Fax: (951) 591 302
www.facebook.com/Suzuki-Myanmar-Motor-Co-Ltd
SUZUKI
Way of Life!


Insurance Expo 2017
Capital
AMI
Partner for Life
EFI
IBRB
Insurance Business Regulatory Board
MYANMAR
GGI
INSURANCE • အာမခံ
YOUNG Insurance Global
IKBZ Insurance
FNI
AungMyintMohMin Insurance Co.,Ltd.
GLOBAL WORLD INSURANCE CO.,LTD
MYANMAR INSURANCE
ဒုတိယအကြိမ် အာမခံလုပ်ငန်း ပြပွဲကြီး
City Hall (Mandalay)
26 & 27 Jan, 2017
(၂၆.၁.၂၀၁၇) မှ (၄.၂.၂၀၁၇) ကာလအတွင်း အာမခံထားရှိသူများကို ပရီမီယံ၏ ၁၀% လျှော့၍ လက်ခံဆောင်ရွက်ပေးသွားပါမည်။

## "အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
မှ
စတုတ္ထမြောက် နိုင်ငံအဝန်း ဆက်သွယ်ရေး အော်ပရေတာ လိုင်စင်အား
**Myanmar National Tele & Communications Co.,Ltd** သို့ (၁၂. ၁. ၂၀၁၇) ရက်နေ့တွင်
ပေးအပ်ချီးမြှင့်ခဲ့မှုအပေါ် အထူးပင် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ဖော်ပြအပ်ပါသည်။

AUTHENTIC

**Authentic Construction Co.,Ltd.**

## "အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
မှ

စတုတ္ထမြောက် နိုင်ငံအဝန်းဆက်သွယ်ရေး အော်ပရေတာလိုင်စင်အား မြန်မာနိုင်ငံသားပိုင် Myanmar National Tele & Communication သို့ ၁၂-၁-၂၀၁၇ ရက်နေ့တွင်ပေးအပ်ချီးမြှင့် ခဲ့ခြင်းအတွက် မဟာရိုးမအများပိုင်ကုမ္ပဏီ အနေဖြင့်အထူးဂုဏ်ယူ ဝမ်းမြောက်ပါကြောင်းနှင့် မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးကဏ္ဍအား ဆထက်ထမ်းပိုး ဖွံ့ဖြိုးတိုးတက်အောင်မြင်အောင် သယ်ပိုးထမ်း ဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း အပ်ပါသည်။

MAHAR YOMA

ဒါရိုက်တာအဖွဲ့
မဟာရိုးမအများပိုင်ကုမ္ပဏီလီမိတက်


ကွန်ကရစ် အုတ်ချိုက်စက်
ခေတ်မီမြေအုတ်ရိုက်စက် ရပြီ
09 4200 35882
09 4200 35884
(၆၀၄)၊အင်းလေး(၁)လမ်း၊ရန်(၂)၊တောင်ဒဂုံ။

အောင်သရဖူ
အိမ်ပြောင်း၊ အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
လူကြီးမင်းတို့၏ အိမ်ခန်း၊ရုံးခန်းများ ပြောင်းရွှေ့ခြင်း အတွက် အလုပ်သမား နှင့် ကား စီစဉ်ပေးသည်။
အမှတ်-၁၈၃၊ မြဲယမုံအိမ်ရာ၊ လေးထောင့်ကန်လမ်း၊
09254009334,
09254009335,
09254009336


### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၂ယ/၅၈၅၂၅၊ DAYANG 110 ယာဉ်အမည်ပေါက်သူ ဦးအောင်ကိုဦး ၁၄/ပသန(နိုင်)၂၃၀၀၁၈ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ ဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာ ရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

### အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 8J/6957၏ အင်္ဂလိပ်ဖောင်းကြွ နံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၆ယ/၁၃၆၄၇ Honda Wave NF 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးမိုးမြင့်၁၂/လမန(နိုင်)၀၉၇၆၄၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ထားဝယ်)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉ယ/၉၆၈၉ Honda Dream 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်စိုး ၆/ရဖန(နိုင်)၀၁၀၈၅၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ထားဝယ်)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၀ယ/၈၆၀၄၉ Honda Wave 110 I M/C ယာဉ်လက်ဝယ်ရှိသူ ဦးစောလာဒီ ၆/သရခ(နိုင်)၀၂၄၉၉၇ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ထားဝယ်)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃ယ/၄၃၄၅၃ Honda Dream -100M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်အေး ၆/သရခ(နိုင်)၀၂၀၆၃၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ထားဝယ်)**

### ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1I-9614 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ် ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉ယ/၃၇၃၅ Honda Dream -125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးလှစိုး ၆/သရခ(နိုင်)၀၁၆၄၃၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ထားဝယ်)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၇ယ/၂၁၄၃၄ Honda Click 125 iM/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်မင်းလတ် ၆/ကသန(နိုင်)၀၄၆၁၆၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ထားဝယ်)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉ယ/၁၇၄၈၁ Honda Wave NF 125M, M/C ယာဉ်လက်ဝယ်ရှိသူ ဦးစံတိုး ၆/ရဖန(နိုင်)၀၂၇၁၉၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ထားဝယ်)**

### အများသိစေရန်ကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ အကွက်အမှတ်(နမ့်ခိုက်တိုးချဲ့)၊ ဦးပိုင်အမှတ်(၁၇၀)၊ မြေဧရိယာ ၀ ဒသမ၀၉၆၈ဧက၊(၆၀×၇၀)ပေရှိ မြေကွက်အား ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ လားရှိုးမြို့၏ ၂၂-၉-၂၀၀၃ရက်စွဲပါမြေပေးမိန့်အမှတ်(၁၇၀/၂၀၀၃)ဖြင့် ဦးနိုနိုတင့်အောင် ၉/ခမစ(နိုင်)၀၁၃၅၂၉ အမည်ပေါက်ချထားပေးခဲ့ပါသဖြင့် ယင်းမြေကွက်မြေငှားဂရန်ရရှိရေးအတွက် မြေစာရင်းပုံစံ(၁၀၅) ရေးကူးဆောင်ရွက်သွားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက အထောက်အထားပြည့်စုံစွာဖြင့် ၂၀ ရက်အတွင်း မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ လားရှိုးမြို့သို့လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးနိုနိုတင့်အောင်**
**GP လွှဲအပ်ထားသူ ဒေါ်ခင်မြင့်ငွေး ၁၃/လရန(နိုင်)၀၇၀၈၆၂**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈စ/၉၄၂၇ ယာဉ်လက်ဝယ်ရှိသူ ဒေါ်ငွေးဝင်း ၈/ရစက(နိုင်)၀၂၅၃၈၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(တမူး)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၆၃၆၉၇ Honda C90 Custom, M/C ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းလွင် ၉/မရမ(နိုင်)၀၅၇၈၈၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊မန္တလေးမြို့**

## ပြန်ကြားရေးဝန်ကြီးဌာန
## ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနမှ
## သက်တမ်းလွန်ပစ္စည်းများ ရောင်းချရန်အတွက်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန လက်အောက်ရှိ အောင်ဆန်းပုံနှိပ်စက်ရုံမှ အောက်ပါသက်တမ်းလွန်ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ရောင်းချလိုပါသည်-

(က) စက္ကူ ၄ မျိုး
(ခ) မင် ၈ မျိုး
(ဂ) ပုံနှိပ်ရေးပစ္စည်း ၃ မျိုး
(ဃ) အခြား ၁၁ မျိုး
(င) စက်အရန်ပစ္စည်း ၆ မျိုး
၃၂ မျိုး

၂။ အိတ်ဖွင့်တင်ဒါဖောင်များကို ၁၉-၁-၂၀၁၇ရက်မှ ၂၄-၁-၂၀၁၇ရက်အထိ ရုံးဖွင့်ရက်များ၌ နေ့စဉ် ၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၅-၁-၂၀၁၇ရက်မှ ၂၇-၁-၂၀၁၇ရက်အထိ ၀၉း၃၀နာရီမှ ၁၆း၃၀ နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၁-၃၈၀၈၀၄၊ ၀၁-၃၈၂၀၇၀တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| **တင်ဒါဖောင်ပုံစံများထုတ်ယူရန်လိပ်စာ** | **တင်ဒါဖောင်တင်သွင်းရန်လိပ်စာ** |
|---|---|
| ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန | ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန |
| ပြန်ကြားရေးဝန်ကြီးဌာန | ပြန်ကြားရေးဝန်ကြီးဌာန |
| အမှတ်(၂၂၈)၊ သိမ်ဖြူလမ်း၊ | အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ |
| ရန်ကုန်မြို့။ | ရန်ကုန်မြို့။ |
| ဖုန်း-၀၁-၃၈၀၈၀၄၊ ၀၁-၃၈၂၀၇၀ | ဖုန်း-၀၁-၃၈၀၈၀၄၊ ၀၁-၃၈၂၀၇၀ |

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန**
**Digital Deeds Management System (DDMS) Software**

## အရည်အသွေးမြှင့်တင်ရန်အတွက်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ မြို့နယ်(၁၅၅)မြို့နယ်ရှိ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးများတွင် အသုံးပြုလျက်ရှိသော (DDMS) Software များအတွက် အရည်အသွေးမြှင့်တင်ခြင်းလုပ်ဆောင်နိုင်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း ဖြစ်ပါသည်။

၂။ တင်ဒါဝင်ရောက်ယှဉ်ပြိုင်မည့် အဖွဲ့အစည်း/ကုမ္ပဏီလုပ်ငန်းရှင်များသည် ၃၁-၁-၂၀၁၇ရက် ညနေ ၁၆း၀၀နာရီ နောက်ဆုံးထား၍ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ကြေးတိုင်နှင့် စီမံကိန်းဌာနခွဲသို့ ဆက်သွယ်စုံစမ်း၍ အဆိုပြုလွှာများတင်သွင်းနိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များကို လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ကြေးတိုင်နှင့် စီမံကိန်းဌာနခွဲသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ကြေးတိုင်နှင့် စီမံကိန်းဌာနခွဲ**
**လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန**
**ရုံးအမှတ် (၄၃)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၁၂၈၊ ၀၆၇-၄၁၀၃၀၆**

## INVITATION FOR OPEN TENDER (1/2017)
## TENDER NO. MPPE/MOGAS/T/1(2016-2017)

1. Open Tender is invited for the Myanma Petroleum Products Enterprise, Ministry of Electricity and Energy for the supply of Mogas (92-RON) UNL (94000±10% Barrels)
2. Tender Closing Date & Time - 30-1-2017, 12:00 Hrs
3. Tender Opening Date & Time - 30-1-2017, 13:00 Hrs
4. Delivery Time - 27th February 2017 to 2nd March 2017
5. Tender documents and details information are available at the Department of Finance, Myanma Petroleum Products Enterprise, Nay Pyi Taw, during our office hours commencing 19-1-2017 on payment of Myanmar Kyat One Hundred Thousand (Kyats 100000)per set.
6. Only bid from tenderer who has purchased tender document officially from Myanma Petroleum Products Enterprise will be accepted for evaluation.

Managing Director
Myanma Petroleum Products Enterprise
Ministry of Electricity and Energy
No (6) Complex, Nay Pyi Taw

Contact Phone No.
067-411487/411486/411280

## (၁၂$\frac{1}{2}$×၅၀)ပေ အခန်းလွတ်ဖြစ်နေပါပြီ

လူငှားမရှိသော မြေညီထပ် ထပ်ခိုးပြည့်၊ ရေ၊ မီး၊ စုံ မော်တင်လမ်း(လမ်းသစ်) လမ်းကျယ်၊ ပါကင်ကောင်း(Junction မော်တင်အနီး)၊ အကျိုးဆောင်နိုင်၊ လူနေနိုင်(တကယ်ငှားမည့်သူများ၊ ဖုန်းဆက်လျှင်ငှားမည့်) အခန်းကို လိုက်ဖွင့်ပြပေးပါမည်။

**အခန်းပိုင်ရှင် ဦးသိန်းနိုင်**
**သံလွင်လမ်း**
**ဖုန်း-၀၉-၄၂၁၀၃၉၆၅၁၊ ၀၉-၉၇၀၇၃၀၇၃၆**

## ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့
## စည်ပင်သာယာရေးနှင့်လူမှုရေးဝန်ကြီးဌာန
## ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့၊ ပဲခူးမြို့

၁။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ဆောင်ရွက်မည့် ပဲခူး၊ စက်မှုဇုန်အတွင်းဆောင်ရွက်မည့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းတွင် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများအတွက် ဆောက်လုပ်ရေးကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ကွန်ကရစ်လမ်း (၁၁)လမ်းခင်းခြင်း (၁၅၀၀၀'×၁၈'×၈")
- လမ်း(၁၁)လမ်း၏ အောက်ခံမြေသားပြုပြင်ခြင်း
- လမ်း(၁၁)လမ်း၊ လမ်းဘေးရေမြောင်းတူးဖော်ခြင်း ၂ (၁၅၀၀၀'×၃'×၂')

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၉-၁-၂၀၁၇ ရက် (ရုံးချိန်အတွင်း)
၃။ **တင်ဒါပုံစံပိတ်မည့်ရက်နှင့်အချိန်** - ၂-၂-၂၀၁၇ ရက် ၄း၃၀ နာရီအထိ
၄။ **တင်ဒါပေးသွင်းရမည့်နေရာ** - ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ရုံး
၅။ တင်ဒါပုံစံအသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။
၆။ သတ်မှတ်ရက်ထက် နောက်ကျရောက်ရှိလာသော တင်ဒါများအား လက်ခံစဉ်းစားမည်မဟုတ်ပါ။

**အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့၊ ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့**
**ဖုန်း-၀၅၂-၂၂၀၀၀၇၆၊ ၀၅၂-၂၂၀၀၀၉၃**

**ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ မြို့ပေါ်ရပ်ကွက်များအတွင်း**
## ရေမြောင်းတည်ဆောက်ရန်အတွက်
## တင်ဒါခေါ်ယူခြင်း

၁။ မြစ်ကြီးနားမြို့၊ ခေမာသီရပ်ကွက်၊ လမ်းသွယ်(၂)၊ ရေနုတ်မြောင်း (၄၂၄၀'×၅'×၅') နှင့် မြို့သစ်ကြီးရပ်ကွက်၊ ရေနုတ်မြောင်း(၅၂၀၀'×၅'×၅') သံကူကွန်ကရစ်ချုပ်တန်းပါ ကျောက်စီရေမြောင်းတည်ဆောက်ခြင်းလုပ်ငန်းများအား ကချင်ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ဆောင်ရွက်မည်ဖြစ်ပါသဖြင့် ဆောင်ရွက်လိုသူ လုပ်ငန်းရှင်များ အဆိုပြုတင်ဒါတင်သွင်းနိုင်ပါသည်။

၂။ ဆောင်ရွက်လိုသူ လုပ်ငန်းရှင်များအနေဖြင့် တင်ဒါလျှောက်လွှာများကို ၂၃-၁-၂၀၁၇ရက်မှစ၍ ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ရုံးတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အဆိုပြုတင်ဒါများကို ၁၃-၂-၂၀၁၇ရက် ညနေ ၃း၀၀ နာရီ နောက်ဆုံးထား၍ ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ရုံးသို့ တင်သွင်းရမည်။ အသေးစိတ်သိရှိလိုပါက ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။ ၀၇၄-၂၆၀၆၂၊ ၀၇၄-၂၆၀၆၄။

**ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့**
**မြစ်ကြီးနားမြို့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## နည်းပညာ၊သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန
## စာစစ်ဌာနများတိုးမြှင့်သတ်မှတ်ခြင်း

၁။ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ အလုပ်လျှောက်လွှာခေါ်ယူခဲ့ရာတွင် B.E ဘွဲ့ရ သတ်မှတ်ချက်နှင့်ကိုက်ညီသူများအတွက် ရေးဖြေစာမေးပွဲများကို အထက်မြန်မာပြည်မှ အလုပ်လျှောက်သူများအတွက် အစိုးရစက်မှုလက်မှုသိပ္ပံ(မန္တလေး) နှင့် အောက်မြန်မာပြည်မှ အလုပ်လျှောက်သူများအတွက် အစိုးရနည်းပညာအထက်တန်းကျောင်း(ရွာမ)တို့တွင် ကျင်းပစစ်ဆေးမည်ဖြစ်ကြောင်း ကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ B.E ဘွဲ့ရ သတ်မှတ်ချက်နှင့်ကိုက်ညီသူများ ရေးဖြေစာမေးပွဲဖြေဆိုရာတွင် ပိုမိုအဆင်ပြေလွယ်ကူစေရန်အတွက် စာစစ်ဌာနများကို အောက်ဖော်ပြပါအတိုင်း တိုးမြှင့်သတ်မှတ်လိုက်ပြီး ရေးဖြေစာမေးပွဲ အောင်မြင်ပြီးပါက လူတွေ့စစ်ဆေးခြင်းကို မိမိတို့ရေးဖြေစာမေးပွဲဖြေဆိုခဲ့သည့် စာစစ်ဌာနများတွင် ပြုလုပ်သွားမည်ဖြစ်ပါသည်-

| စဉ် | စာစစ်ဌာနအမည် | သက်ဆိုင်ရာစာစစ်ဌာနသို့ သွားရောက်ဖြေဆိုရမည့်ကျောင်းစာရင်း |
|---|---|---|
| (၁) | GTC (မိုးညှင်း) | GTC (မိုးညှင်း)၊ GTHS (မြစ်ကြီးနား၊ ဗန်းမော်) |
| (၂) | GTC (မြင်းခြံ) | GTC (မြင်းခြံ)၊ GTHS (မြင်းခြံ) |
| (၃) | GTC (ရွှေဘို) | GTC (ရွှေဘို)၊ GTI (ကန့်ဘလူ) |
| (၄) | GTI (ရေနံချောင်း) | GTI (ရေနံချောင်း၊ ကျောက်ပန်းတောင်း)၊ |
| (၅) | GTI (ချောက်) | GTI (ချောက်) |
| (၆) | GTHS (ရွာမ) | GTHS (ရွာမ)၊ GTI (ဝါးခယ်မ၊ လပွတ္တာ၊ ကျိုက်လတ်) |
| (၇) | GTHS (ပခုက္ကူ) | GTHS (ပခုက္ကူ)၊ GTI (ဂန့်ဂေါ) |
| (၈) | GTHS (ပြည်) | GTHS (ပြည်)၊ GTI (သရက်၊ လက်ပံတန်း) |
| (၉) | GTI (ကျောက်ဆည်) | GTI (ကျောက်ဆည်)၊ GTHS (လားရှိုး)၊ TPTC (ဘယ်လင်း)၊ မော်တော်ယာဉ်နည်းပညာသုတေသနဌာန(ပြင်ဦးလွင်) |
| (၁၀) | GTI (မော်လမြိုင်) | GTI (မော်လမြိုင်)၊ GTHS (မော်လမြိုင်၊ ဘားအံ) |
| (၁၁) | GTI (မကွေး) | GTI (မကွေး)၊ GTHS (မကွေး) |
| (၁၂) | GTI (မန္တလေး) | GTI (မန္တလေး) |
